

www.burmeseclassic.com
မင်းမြတ်သူရ
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


၁၀၄။ နှင်းငွေ့တစ်ထောင်
၁၀၅။ ပုလဲကောရီ
၁၀၆။ မြရတာ နာမိုး
၁၀၇။ ဆုရှူးပန်
၁၀၈။ သိဂီ္ဂဒေဝီ
၁၀၉။ မြေလျှိုးမိုးပျံဘိုးစျာန်
၁၁၀။ မင်္ဂဇာအရှင်
၁၁၁။ ဂမ္ဘီရမျက်လုံးပိုင်ရှင်
၁၁၂။ ဆားပုလင်းမင်းအောင်နှင့်ထင်းရှူးမင်းသမီး
၁၁၃။ ဆားပုလင်းမင်းအောင်နှင့် ကြာဖြူပန်းကလေး
၁၁၄။ ပြည်လုံးချမ်းသာဂိုဏ်း
၁၁၅။ မိစ္ဆာ
၁၁၆။ ဆားပုလင်းမင်းအောင်နှင့် သစ်တော်သီးပုံပြင်
၁၁၇။ နတ်ဘုရားမျက်လုံး
၁၁၈။ တစ္ဆေကျွန်း
၁၁၉။ သေမင်းဖြူ
၁၂၀။ ကျွန်းပြန်ပဋ္ဌမြား
၁၂၁။ သွေးဆာနေတဲ့အပျိုစင်
၁၂၂။ ချောက်ချောက်ချားချား
၁၂၃။ ဂျမဒါမင်းထင်နှင့် သေမင်းတမန်
၁၂၄။ မျက်နှာဖုံး
၁၂၅။ လိပ်ပြာ
၁၂၆။ ပုလဲပင်လယ်အော်
၁၂၇။ ဂျမဒါမင်းထင်နှင့် သုံးပွင့်ဆိုင်
၁၂၈။ ငရဲတွင်း


## ယခုလထုတ်


၁၂၉။ မြွေဟောက်


**မင်းမြတ်သူရ၏ ဒုတိယအကြိမ်ပြန်ထွက်ပြီးစာအုပ်များ**


၁။ ဥတ္တရာတောင်မလေးမြနှင်းဆီ
၂။ ပန်းကိုးပွင့်ဒေဝီ
၃။ သုနိယစန္ဒာဂိုဏ်း
၄။ ပုလဲခင်
၅။ မနောသုခ်ရွှေတိုး
၆။ ထမင်းဆီဆမ်းရွှေလင်ပန်း
၇။ ခုနှစ်စင်ကြယ်ဓား
၈။ နေမင်း၏သမီးတော်
၉။ လို တရက်ကြီးရှင်
၁၀။ မိုးနတ်သဇာရှာပုံတော်


# မင်းမြတ်သူရ

# မြွေဟောက်


စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com

သာယာကုန်းရွာ၏အပြင်ဘက်ရှိ စိန်နှစ်စိန် နေထိုင်ကြ၏။ တစ်စိန်မှာ မြေဆရာ ဦးစိန်၏သား ဘိုးစိန်ဖြစ်ပြီး ကျန်တစ်စိန်မှာ မုဆိုးစိန်တိုး ဖြစ်၏။

ဘိုးစိန်သည် တစ်ကိုယ်တည်းသမားဖြစ်ပြီး မုဆိုးစိန်တိုးမှာ မိဆုံဆိုသော မယားတစ်ယောက်ရှိ၏။ သာယာကုန်းတစ်ရွာလုံး လယ်ယာကိုင်းကျွန်းအလုပ်ကို လုပ်ကိုင်ကြသော်လည်း ဘိုးစိန်သည် မည်သည့်အလုပ်ကိုမျှ လက်ကြောတင်းအောင်မလုပ်။

www.burmeseclassic.com



သို့သော် သူ၏စားဝတ်နေရေး ချောင်လည်စွာ နေထိုင်နိုင်၏။ ထိုသို့နေထိုင်နိုင်ခြင်းမှာ ဖခင်ဖြစ်သူ မြွေဆရာဦးစိန် ကျန်ရစ်ခဲ့သော် အမွေပစ္စည်းများကြောင့်ဟု တစ်ရွာလုံး ယုံကြည်ကြ၏။

ထိုသို့ယုံကြည်သူများကိုကြည့်၍ ဘိုစိန်သည် မပြုံးဘဲ ဝါးလုံးကွဲရယ်လိုက်ချင်၏။

ဖခင်သေဆုံးပြီး တစ်ခုတည်းသော ကျန်ရစ်သော ထင်းရှူးသေတ္တာကြီးကို လူလယ်ခေါင်မှာ မဖွင့်ရဲသဖြင့် ကြေးသော့ခလောက်ကြီးဖြင့် ခတ်ထားရ၏။

ဖခင်ဦးစိန်၏ ထင်းရှူးသေတ္တာထဲတွင် မြွေအရေခွံကို ရုပ်လုံးသွင်းထားသော မြွေရုပ်တစ်ရုပ်နှင့် မြွေစွယ်အကျိုးများသာရှိ၏။

ရွာသူရွာသားများ အထင်ကြီးသကဲ့သို့ မည်သည့် အဖိုးတန်ပစ္စည်းမျှမရှိ။

ဤသို့ဆိုလျှင် ဘိုးစိန်သည် မည်သည့်အလုပ်ကိုမျှ လက်





ကြောတင်းအောင်မလုပ်ဘဲ စားဝတ်နေရေး အဆင်ပြေနေသနည်း။

ဘိုးစိန်သည် တဲအိမ်၏အရှေ့သို့ထွက်၍ လူသူအရိပ်အခြည်ကို ကြည့်လေ၏။ လူသူကင်းရှင်းသောအခါ တဲကလေး၏ အနောက်သို့ဝင်၍ မြေကြီးများကို သံတူရွင်းဖြင့် တူးဆွလေ၏။

အတန်ကြာအောင် တူးဆွပြီးနောက် မြေကြီးထဲမှ မြေအိုး တစ်လုံး သွန်ချလိုက်၏။ ထိုအခါ ချွင်ခနဲအသံပြု၍ ရွှေဒင်္ဂါး တစ်ပြား လိမ့်ကျလာ၏။

ဘိုးစိန်သည် ရွှေဒင်္ဂါးလေးကို ကောက်ကိုင်၍ ရွှတ်ခနဲ နမ်းရှုံ့လိုက်ပြီး

"နောက်ဆုံးကျန်တဲ့ရွှေဒင်္ဂါးကို ရောင်းစားရတော့မယ်"

ဟု ပြောလိုက်လေ၏။

မြွေဆရာ ဦးစိန်သည် နောက်ဆုံးအချိန်၌ သားဖြစ်သူ ဘိုးစိန်ကိုခေါ်၍ မြေအိုးမြှုပ်နှံထားနေရာကို ပြခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြေအိုးထဲတွင် ရွှေဒင်္ဂါးပြား (၁၀)ပြားတိတိရှိ၏။ ထိုရွှေဒင်္ဂါးများသည် ဦးစိန်တစ်သက်လုံး မထိရက် မတို့ရက်ခဲ့သော အမှတ်တရပစ္စည်းများဖြစ်၏။

တစ်ခါက ဦးစိန်သည် မျက်နှာဖြူအရေးပိုင်တစ်ဦးအား မြွေအန္တရာယ်မှ ကာကွယ်ပေးဖူး၏။ မျက်နှာဖြူအရေးပိုင်သည် အသက်သခင် ဦးစိန်အား ကျေးဇူးတင်လွန်းသဖြင့် ရွှေဒင်္ဂါး (၁၀)ပြား ချီးမြှင့်ခဲ့လေ၏။

ထိုအချိန်မှစ၍ ဦးစိန်၏ဘဝတစ်လျှောက်လုံး မည်မျှပင် စားဝတ်နေရေး ကျပ်တည်းပါစေ၊ ရွှေဒင်္ဂါးများကို ရောင်းချခြင်းမပြုခဲ့။

ဦးစိန်၏ဘဝတစ်သက်တာတွင် မျက်နှာဖြူအရေးပိုင်၏ ရွှေဒင်္ဂါးများသည် ဂုဏ်ယူဖွယ်အကောင်းဆုံး ရတနာပစ္စည်းများပင် ဖြစ်၏။

သို့သော် သားဖြစ်သူ ဘိုးစိန်၏လက်ထက်သို့ရောက်သောအခါ ရွှေဒင်္ဂါးများကို တူးဖော်ပြီး တစ်ပြားပြီးတစ်ပြား





ရောင်းစားခဲ့ရာ နောက်ဆုံးတစ်ပြားသာ ကျန်ရစ်တော့၏။

ဘိုးစိန်က ရွှေဒင်္ဂါးပြားလေးကို လက်ထဲတွင်ဆုပ်ကိုင်၍

" ဒီတစ်ပြားရောင်းပြီးရင် ငါတော့ငတ်ပြီ၊ တစ်ရွာလုံးက သူဌေးလို့ထင်နေတဲ့ ဘိုးစိန်ဟာ ဆင်းရဲသားဖြစ်သွားပြီ "

ဟု တစ်ကိုယ်တည်းပြောရင်း သဘောကျဟန်ဖြင့် တဟားဟား ရယ်မောနေလေ၏။

ဘိုးစိန်သည် မြို့တက်၍ ရွှေဒင်္ဂါးရောင်းရန် စဉ်းစားနေလေ၏။

ရွှေဆိုင်ပိုင်ရှင်လူကြီးသည် ဘိုးစိန်ထံမှ ရွှေဒင်္ဂါးများကို အမြတ်အစွန်းများစွာဖြင့် ဈေးနှိမ်ဝယ်နေကျဖြစ်သဖြင့် ဘိုးစိန်ကောင်းစွာသိ၏။

ထိုရွှေဆိုင်ပိုင်ရှင်၏ ပါးစပ်မလုံမှုကြောင့် ရွာကလူများ ဘိုးစိန်ကို အထင်ကြီးကြခြင်းဖြစ်၏။

ထိုသို့ အထင်ကြီးကြသူများထဲတွင် လုံးကြီးပေါက်လှ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ မိဆုံလည်းပါ၏။ မိဆုံသည် မုဆိုးစိန်တိုး၏ မယားဖြစ်ပြီး ဘိုးစိန်နှင့် တိတ်တဆိတ် ဖောက်ပြန်နေသူ ဖြစ်၏။

ဘိုးစိန်သည် မိဆုံကို ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ဆန္ဒမရှိသော်လည်း ပညာမဲ့ယောကျ်ားတို့၏သဘာဝအတိုင်း မိုက်မဲခဲ့ခြင်းဖြစ်၏။ ဘိုးစိန်သည် မိဆုံနှင့် ပထမဦးဆုံး ဒုသနသော ဖြစ်ခဲ့ပုံကို ပြန်လည် မြင်ယောင်လာ၏။

ထိုစဉ်က ဘိုးစိန်သည် တောထဲသို့ မြွေရှာထွက်သော အချိန်ဖြစ်၏။ လက်ကြောမတင်းသော ဘိုးစိန်သည် တောထဲသို့ ခြေတိုအောင်လျှောက်ပြီး နဘူးချုံကြီးအနီး မြွေလှုံးကြောင်းကို တွေ့ရလေ၏။

ဘိုးစိန်သည် မြွေလူးကြောင်းကိုကြည့်ပြီး မြွေအမျိုးအစားကိုခွဲခြားတတ်သဖြင့် မြွေပွေးလူးကြောင်းဖြစ်ကြောင်း သိရ၏။

မြွေလူးကြောင်းသည် နဘူးချုံထဲသို့ တိုးဝင်ကြောင်း တွေ့ရလေ၏။ ဘိုးစိန်သည် မိမိလိုက်နေသော မြွေပွေးကြီး





နဘူးချုံထဲမှ ထွက်မထွက် သေချာအောင် နဘူးချုံကို တစ်ပတ်ပတ်ကြည့်လေ၏။

ထိုအခါ နဘူးချုံအပြင်ဘက်၌ မြွေလူးကြောင်းမတွေ့ရသဖြင့် နဘူးချုံထဲ၌ မြွေပွေးရှိကြောင်း သေချာသွားလေ၏။

ဘိုးစိန်သည် ငယ်စဉ်က ဖခင်ဦးစိန်နှင့် မြွေဖမ်းလိုက်ဖူးသဖြင့် မြွေပွေးဖမ်းရန် အခက်အခဲမရှိလှချေ။ ထို့ကြောင့် နဘူး ချုံထဲသို့တိုးဝင်ပြီး မြွေပွေးဖမ်းရန် ကြံစည်လိုက်၏။

ထိုအခိုက်မှာပင် နဘူးချုံအနီးသို့ လူတစ်ဦးလျှောက်လှမ်းလာသော ခြေသံကိုကြားရ၏။ ဘိုးစိန်သည် မြွေပွေးကြီးကို ဖမ်းမိကာနီးမှအနီးသို့လူရောက်လာသဖြင့် မကျေမချမ်းဖြစ်ပြီး လှည့်ကြည့်လိုက်၏။

ထိုအခါ မိမိ၏မျက်လုံးကိုပင် မိမိမယုံနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

နဘူးချုံအနီးသို့ လျှောက်လှမ်းလာသူမှာ မုဆိုးစိန်တိုး၏ မယား မိဆုံဖြစ်ပြီး မိဆုံတစ်ကိုယ်လုံး ရေများရွှဲရွှဲစိုနေပြီး

www.burmeseclassic.com



တစ်ရစ်သော ကိုယ်ခန္ဓာ၏အလှပေါ်လွင်နေ၏။

မိဆုံသည် ဘိုးစိန်ရှိရာ နဘူးချုံရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လှမ်းလာပြီး နဘူးချုံပေါ်တွင်တင်ထားသော အဝတ်အစားများကိုယူ၍ ဝတ်ဆင်နေလေ၏။

ဘိုးစိန်သည် မိမိ၏လက်တစ်ကမ်းမျှပင် မကွာသော နေရာ၌ မပေါ်တပေါ်ကိုယ်လုံးဖြင့် အဝတ်အစားများ ဝတ်ဆင်နေသော မိန်းမကိုကြည့်၍ ရင်ထဲတွင်ပူလောင်လာပြီး စိတ်မထိန်းနိုင်တော့ဘဲ ချုံထဲမှထွက်၍ သူမကို ပွေ့ဖက်လိုက်၏။

မိဆုံသည် ချုံထဲမှ လူတစ်ယောက်ထွက်လာပြီး သူမကို ပွေ့ဖက်လိုက်သဖြင့် အထိတ်တလန့် အော်ဟစ်လိုက်လေ၏။

ဘိုးစိန်က မိဆုံကို ပွေ့ဖက်နမ်းရှုံ့လိုက်သောအခါ မိဆုံသည် ဘိုးစိန်မှန်းသိသွားပြီး

“ လူယုတ်မာ… နင့်ကို ငါ့ယောကျ်ားနဲ့တိုင်မယ်၊ ငါ့ ယောကျ်ားက နင့်ကို အသေသတ်လိမ့်မယ် ”

ဟု ပြောလိုက်ရာ တဏှာဘီလူးစီးနေသော ဘိုးစိန်က





“ နင့်ကိုချစ်လွန်းလို့ နင့်ယောကျ်ားရဲ့သေနတ်ကိုလည်း ငါ မကြောက်ဘူး ”

ဟု ပြောလိုက်ပြီး မိဆုံကို ပွေ့ဖက်လိုက်လေ၏။

မိဆုံက ဘိုးစိန်၏ရဲရဲတောက်အမူအရာကြောင့် မျက်လုံးပြူးသွားပြီး

“ နင် ငါ့အတွက်နဲ့ သေနတ်ကိုတောင် အံတုဝံ့တယ် ဟုတ်လား ”

ဟု တီးတိုးမေးမြန်းလိုက်ရာ ဘိုးစိန်က ရင်ခုန်လှိုက်မောစွာဖြင့်

“ ဟုတ်တယ် ”

ဟု ဆိုလိုက်၏။

ထိုအခါ မိဆုံသည် မည်သည့်စကားကိုမျှမဆိုတော့ဘဲ ဘိုးစိန်ကို လှိုက်လှဲသောအကြည့်ဖြင့် ကြည့်လိုက်လေ၏။

အမှန်စင်စစ် မိဆုံနှင့် မုဆိုးစိန်တိုးတို့၏ အိမ်ထောင်ရေး အဆင်မပြေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်တိုးသည် လွှန်ခဲ့သော သုံးနှစ်ခန့်က တောဝက်လိုက်ရင်း တောဝက်ကပက်လိုက်သဖြင့် သူ၏ခန္ဓာကိုယ်အောက်ပိုင်း ချည့်နဲ့သွားလေ၏။

စိန်တိုးသည် ထိုအချိန်မှစ၍ မိဆုံအပေါ် သူ၏ချစ်ခြင်းမေတ္တာကို မပြနိုင်တော့ချေ။ မိဆုံသည် ချစ်ခြင်းမေတ္တာကို အလွန်လိုလားတောင့်တသူ ဖြစ်၏။

ယခုကဲ့သို့ ချစ်ခြင်းမေတ္တာငတ်မွတ်နေချိန်၌ သူမလိုအပ်သော ကြင်နာမှုကို ဘိုးစိန်က ပေးအပ်ခဲ့၏။ ထိုအချိန်မှစ၍ မိဆုံသည် ဘိုးစိန်ကို အချစ်ကြီးချစ်ခဲ့လေတော့၏။

မိဆုံသည် မှဆိုးစိန်တိုး တောလည်ထွက်သည့်အချိန်တိုင်း ဘိုးစိန်ထံသို့ တိတ်တဆိတ်လာ၍ ချစ်တင်းနှီးနှော၏။ ဘိုးစိန်သည် မိဆုံကို အပျော်သဘောနှင့်ပေါင်းသင်းနေသော်လည်း မုဆိုးစိန်တိုးသိသွားလျှင် အန္တရာယ်များလှသဖြင့် နောက်ဆုတ်ရန် ကြိုးစားလေ၏။

သို့သော် အချစ်ကြီးလှသော မိဆုံသည် ဘိုးစိန်ကို မခွဲ





ခွာနိုင်ဘဲ အရှုံးအမှုး ဖွဲလမ်းနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးစိန်တို့သည် မယားဖြစ်သူ၏ ဖောက်ပြန်မှုကို ကောင်းစွာရိပ်မိနေ၏။

မိမိ၏ကျန်းမာရေး ချို့ယွင်းမှုကိုမစာနာဘဲ ဖောက်ပြန်ရက်သော ဇနီးသည်ကို အမုန်းကြီးမုန်းနေ၏။

ထိုသို့မုန်းတီးရာမှ သူ၏မိန်းမကို ကြာခိုသော ဘိုးစိန်အား ကလဲ့စားချေချင်စိတ်များ တဖွားဖွားပေါ်လာ၏။

ထိုသို့ကလဲ့စားချေရင်း ဘိုးစိန်၏ပစ္စည်းဥစ္စာများအား





သိမ်းပိုက်ချင်လာ၏။ တစ်ရွာလုံးရှိလူများသည် ဘိုးစိန်၌ သုံးမကုန်အောင် များပြားသော ရွှေဒင်္ဂါးများရှိသည်ဟု ယုံကြည်ကြ၏။

မြွေဆရာဦးစိန် ဆုံးပါးပြီးကတည်းက ဘိုးစိန် မြို့သို့တက်၍ ရွှေဒင်္ဂါးများ ရောင်းချနေကြောင်း တစ်ရွာလုံး အသိဖြစ်၏။

မြို့ပေါ်ရှိ ရွှေဆိုင်ပိုင်ရှင် ဦးလူဝသည် ရွာဦးကျောင်းဆရာတော်ကြီးအား ကိုးကွယ်သူဖြစ်သဖြင့် တစ်နှစ်တစ်ကြိမ်ရွာသို့လာ၍ အလှူအတန်းလုပ်၏။

ဦးလူဝထံမှတစ်ဆင့် ဘိုးစိန်၏ သုံးမကုန်အောင်ပေါများသော ရွှေဒင်္ဂါးများအကြောင်း တစ်ရွာလုံးသို့ ပြန့်နှံ့သွားခြင်းဖြစ်၏။

ထိုသတင်းကြောင့် ဘိုးစိန်ကို လိုချင်သူ ရွာသူအပျိုချောများရှိ၏။ ဘိုးစိန်သည် ကြိုက်နှစ်သက်ရာရွာသူကို လက်ညှိုးထိုးပြီး ရယူနိုင်လျက်နှင့် မိမိ၏ဇနီးမယားကိုမှရွေးပြီး ပ



www.burmeseclassic.com

www.burmeseclassic.com



ရက်၏။

ဤကိစ္စနှင့်ပတ်သက်၍ ဘိုးစိန်ကို မိမိလက်စားချေ သတ်ဖြတ်မှ တရားမျှတပေတော့မည်။ ဘိုးစိန်ကို သတ်ဖြတ်ပြီး သူ၏စည်းစိမ်ဥစ္စာများကို လျော်ကြေးအဖြစ် သိမ်းပိုက်ပစ်လိုက်မည်။

ဘိုးစိန်ပင်လျှင် မိမိမယားကို အပိုင်သိမ်းသွားသည် မဟုတ်ပါလား။

မုဆိုးစိန်တိုးသည် ထိုအတွေးဝင်သည့်အချိန်မှစ၍ ဘိုးစိန်ကို သတ်မည့်နည်းလမ်းများကို အချိန်ပြည့် ရှာဖွေနေလေ၏။

ဘိုးစိန်နှင့် မိမိသည် ရွာပြင်တွင် နေထိုင်သူချင်းဖြစ်၍ လွယ်ကူစွာ လုပ်ကြံနိုင်မည်ဟု ယုံကြည်၏။ မုဆိုးစိန်တိုးသည် သူ၏ဆုံးဖြတ်ချက် ခိုင်မာသွားသောအခါ ခေါင်းအေးအေးထား၍ လုပ်ကြံမည့်နေ့ကို သေချာစွာ သတ်မှတ်လိုက်လေ၏။





ထိုနေ့၌ စိန်တိုးသည် တောလိုက်သေနတ်ကို သေချာစွာ တိုက်ချွတ်ပြီး တောလည်ထွက်ရန် ပြင်၏။

ထိုနေ့၌ မိုးဖွဲဖွဲလေးရွာနေသဖြင့် ဇနီးသည် မိဆုံက

" တောလည်ထွက်ဦးမလို့လား၊ တစ်နေကုန် မိုးရွာလိမ့်မယ်နော် "

ဟု ဆိုလိုက်ရာ စိန်တိုးက ဇနီးဖြစ်သူကိုကြည့်၍

" မိုးဖွဲဖွဲရွာနေရင် ယုန်လေး ဘာလေးရတတ်တယ်၊ ယုန်မရရင်လည်း ဂျီလေးဘာလေး ရမှာပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း ဂ◌ံ◌ာ်မ်အပြင်သို့ ထွက်ခဲ့၏။ တဲအပြင်သို့ ရောက်သောအခါ တစ်ကိုယ်တည်း တက်ခေါက်၍

" သစ္စာဖောက်မ… ငါမရှိရင် မိုးအေးအေးမှာ နင်ဘာသွားလုပ်မယ်ဆိုတာ ငါသိတယ် "

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေ၏။

စိန်တိုးသည် တောလည်ထွက်ဟန်ဆောင်၍ ဘိုးစိန်အိမ်အနီးသို့ သွားရောက်ချောင်းမြောင်းကာ ဘိုးစိန်ကို သေနတ်ဖြင့် အသေပစ်သတ်ရန်ကြံ၏။

ဘိုးစိန်သေဆုံးသောအခါ သူ၏ရွှေဒင်္ဂါးများကို သိမ်းပိုက်၍ ဘိုးစိန်၏အလောင်းကိုတောထဲ၌ မြှုပ်နှံထားရန်ကြံ စည်၏။

ဘိုးစိန်သည် ရွာပြင်၌နေထိုင်သူဖြစ်ပြီး အပေါင်းအသင်းရှိသူ မဟုတ်သဖြင့် သူသေဆုံးကြောင်း လူအများ ရိပ်စားမိမည် မဟုတ်ချေ။

ဘိုးစိန်သေဆုံးသွားလျှင် တဏှာရူးမမိဆုံသည် ဖောက်ပြန်မည့်သူမရှိသဖြင့် ငြိမ်သက်သွားပေလိမ့်မည်။





စိန်တိုးသည် မနက်ခင်း တောတွင်းသို့ဝင်၍ သားကောင်ရှာဖွေလေရာ တောကြက်တစ်ကောင်ကို ရလေ၏။

ဘိုးစိန်ကိုသတ်ဖြတ်ပြီး အလောင်းကို တောတွင်း၌မြှုပ်ကာ တောကြက်တစ်ကောင်ကိုဆွဲ၍ အိမ်ပြန်လာလျှင် မယားဖြစ်သူ မိဆုံပင် ရိပ်မိမည် မဟုတ်။

မိမိ၏အကြံသည် ဟာကွက်မရှိဘဲ ပိုင်နိုင်လှသည် ထင်၏။ ထို့ကြောင့် ဘိုးစိန်ကိုသတ်ဖြတ်ရန် သေနတ်ကို အသင့်ပြင်၍ ဘိုးစိန်၏အိမ်အနီးသို့ ချည်းကပ်ခဲ့၏။

ဘိုးစိန်၏အိမ်အနီးသို့ရောက်သောအခါ အိမ်ရှေ့ရှိ ကျွန်းပင်ကြီးအနောက်၌ ပုန်းကွယ်လိုက်လေ၏။

ကျွန်းပင်ကြီးနှင့်အိမ်သည် အတော်အတန်ဝေးကွာသော်လည်း မုဆိုးစိန်တိုးအတွက် ပစ်မှတ်သည် ဝေးကွာလှသည် မဟုတ်။

စိန်တိုးသည် မုဆိုးပီပီ သားကောင်ကိုစောင့်ရာ၌ စိတ်ရှည်သည်။ သူသည် အတန်ကြာအောင်စောင့်ပြီး အိမ်တဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



မိုးကာကြီးခြုံ၍ထွက်လာသော ဘိုးစိန်ကိုမြင်သောအခါ

" ကြာကူလီကောင် "

ဟု ကြုံးဝါးကာ သေနတ်ဖြင့်သေချာစွာ ချိန်ရွယ်ပြီး သေနတ်မောင်းကို ဖြုတ်ချလိုက်၏။ မုဆိုးစိန်တိုး၏လက်သည် တောထဲ၌ ပြေးလွှားနေသော သားကောင်ကိုပင် ထိမှန်အောင် ပစ်ခတ်နိုင်သောလက်ဖြစ်သဖြင့် ဘိုးစိန်သည် အားခနဲအော်၍ မြေပေါ်သို့ ပစ်ကျသွား လေ၏။

မုဆိုးစိန်တိုးသည် ကျေနပ်စွာ ရယ်မောလိုက်ရင်း ဘိုးစိန်ကို နောက်တစ်ကြိမ် အနီးကပ်ပစ်ရန် ကျွန်းပင်ကြီးအနောက်မှ ထွက်လိုက်၏။

ထိုအခိုက်မှာပင် တဲအိမ်ကလေးအတွင်းမှ လူတစ်ယောက် ထပ်မံထွက်ပေါ်လာ၏။ ထိုသူသည် ဘိုးစိန်ပင်ဖြစ်သဖြင့် မိမိ၏ မျက်လုံးကိုပင် မယုံနိုင်အောင် ဖြစ်သွားပြီး

" ဘုရား... ဘုရား... ဘိုးစိန် ချက်ချင်း သရဲဖြစ်သွားပြီး ငါ့ကို ကိုယ်ထင်ပြတာလား "





ဟု တွေးလိုက်မိ၏။ တဲအိမ်ထဲမှထွက်လာသော ဘိုးစိန်သည် သေနတ်ကိုင် မုဆိုးစိန်တိုးကို မြင်တွေ့သွားပြီး

" လူသတ်သမား "

ဟု အော်ဟစ်လိုက်၏။

မုဆိုးစိန်တိုးသည် ခေါင်းထဲတွင် ရှုပ်ထွေးသွားပြီး မိမိအတွက် အန္တရာယ်ကျရောက်လာနိုင်သဖြင့် ထိုနေရာမှ ဝေးရာသို့ ပြေးထွက်လာခဲ့၏။

မုဆိုးစိန်တိုးသည် ပြေးရင်းလွှားရင်း ဘိုးစိန် တစ္ဆေခြောက်သည်ဟု ယူဆကာ ပိုမို၍ အသည်းထိတ်ရင်ဖိုလာ၏။

ဘိုးစိန်သည် သူ့လက်ချက်ဖြင့် အသက်ထွက်ပြီး ချက်ချင်းလက်ငင်း တစ္ဆေဖြစ်သွားပုံရ၏။

မုဆိုးစိန်တိုးသည် တောဘက်သို့ ဦးတည်ပြေးလွှားနေရာမှ ဘိုးစိန် တစ္ဆေ တောထဲသို့လိုက်လာနိုင်သဖြင့် တုန်လှုပ်ချောက်ချားပြီး အိမ်သို့ပြန်ရန် ဆုံးဖြတ်လိုက်လေ၏။

စိန်တိုးသည် ရွာအနီးသို့ရောက်သောအခါ ထင်းခွေထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသော ရှာသားနှစ်ဦးကို မြင်လိုက်သဖြင့် ချုံထဲ၌ ပုန်းအောင်းပြီး စောင့်ကြည့်နေမိ၏။

ရှာသားနှစ်ယောက်အနက် တစ်ယောက်က ချုံအနီး၌ ပုဆိုးကို ပြင်ဝတ်၍

" မုဆိုးစိန်တိုးက တော်တော်ရက်စက်တာပဲကွာ၊ ပုလိပ်က မိရင်တော့ ထောင်ဒဏ်အနည်းဆုံး ဆယ်နှစ်ပဲ "

ဟု ပြောလိုက်ရာ ကျန်သော ရှာသားကလည်း ပုဆိုးကို ပြင်ဝတ်၍

" သတ်စရာရှားလို့ ကိုယ့်မိန်းမ ကိုယ် ပြန်သတ်ရတယ်လို့ကွာ "

ဟု ပြောလိုက်လေ၏။

ချုံထဲတွင် ပုန်းအောင်း၍နားထောင်နေသော မုဆိုးစိန်တိုးသည် ၄င်းတို့၏စကားကို နားထောင်၍ မျက်လုံးပြူးသွားလေ၏။ မိမိ အမှားကြီး မှားယွင်းသွားချေပြီ။

မိုးကာဖြဲ၍ထွက်လာသော မိမိ၏မယား မိဆုံကို ဘိုးစိန်





ထင်မှတ်၍ သတ်ဖြတ်မိချေပြီ။ မုဆိုးစိန်တိုးသည် မိမိ မျက်ကွယ်သို့ရောက်သည်နှင့် ဘိုးစိန်ထံသို့ရောက်သွားသော မယားဖြစ်သူကိုလည်း မကျေမချမ်း ဖြစ်သွားမိ၏။

" ဖောက်ပြန်တဲ့မိန်းမ၊ နင်သေလည်း ငါ ဝမ်းမနည်းဘူး "

ဟု တွေးလိုက်မိ၏။ ရှာသားနှစ်ဦး၏ စကားများကို ဆက်လက်နားထောင်ကြည့်လေရာ ရှာသားတစ်ဦးက

" မုဆိုးစိန်တိုးက သူ့မယားကိုသတ်သွားတာ သေချာလို့လား "

ဟု မေးမြန်းလိုက်လေ၏။ ကျန်ရှာသားတစ်ယောက်က ခေါင်းညိတ်၍

" သေချာပါတယ်ကွာ၊ သေနတ်သံကြားကြားချင်း ဘိုးစိန်က အိမ်ထဲက ပြေးထွက်ကြည့်တော့ အိမ်ရှေ့မှာ သေနတ်ကိုင်ပြီး ရပ်ကြည့်နေတဲ့ မုဆိုးစိန်တိုးကို တွေ့တယ်တဲ့ကွ၊ မုဆိုးစိန်တိုးက ဘိုးစိန်ကိုမြင်တော့ တစ်ချိုးတည်းလစ်ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့ ”

ဟု ပြောလေ၏။ ရွာသားတစ်ဦးက မျက်မှောင်ကြုတ်၍

“ ဒါနဲ့နေပါဦး၊ မုဆိုးစိန်တိုးမယား မိဆုံက ဘိုးစိန်ရဲ့ အိမ်ကို ဘာသွားလုပ်တာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ရွာသားက

“ ဘိုးစိန်က ကျီသားတစ်ပွဲလောက်လိုချင်တယ်ဆိုလို့ သွားပို့တာတဲ့ကွ၊ ဒါပေမဲ့ ကျီသားသွားပို့တဲ့ မိန်းမကို မုဆိုးစိန်တိုးက အနောက်ကလိုက်ပြီး သေနတ်နဲ့ပစ်တာ စဉ်းစားမရဘူးကွ ”

ဟု ပြောလေရာ ကျန်ရွာသားက မျက်မှောင်ကြုတ်၍

“ ဘိုးစိန်နဲ့ မုဆိုးစိန်တိုးမယား မိဆုံတို့ ဖောက်ပြန်နေတာ မဖြစ်နိုင်ဘူးလား ”

ဟု ပြောလေ၏။ ရွာသားက ခေါင်းညိတ်၍

“ ဒါလည်း ဖြစ်နိုင်တာပဲကွ၊ ရွာပြင်မှာ သူတို့ဘာသာ သီးခြားနေထိုင်တယ်ဆိုတော့ ငါတို့လည်း တိတိကျကျ မသိရ





ဘူး၊ ဒါနဲ့နေပါဦး၊ မုဆိုးစိန်တိုးရဲ့မယား မိဆုံက သေပြီလား”

ဟု မေးမြန်းလေ၏။ ရွာသားက ခေါင်းခါ၍

“ အသက်ရှိသေးတယ် ပြောတာပဲ၊ လောလောဆယ် သူကြီးအိမ်ကို ပို့ထားတယ်၊ သူကြီးအိမ်မှာ ဘိုးစိန်လည်း ရှိနေတယ်ကွ၊ ဆေးရုံပို့တော့မယ် ထင်တယ် ”

ဟု ပြောလေ၏။ မုဆိုးစိန်တိုးသည် ရွာသားနှစ်ယောက်၏ စကားကိုနားထောင်၍ ရွာမှထွက်ပြေးရန် ဆုံးဖြတ်လိုက်၏။

“ ငါ ရွာက ဒီအတိုင်းထွက်သွားရင် ဝရမ်းပြေးဖြစ်သွားတာစဲ အဖတ်တင်မယ်၊ ဘိုးစိန်ရဲ့ စည်းစိမ်ဥစ္စာတွေကို ငါ မရရအောင်ယူပြီးမှ ထွက်သွားရမယ်၊ လောလောဆယ် ဘိုးစိန်က သူကြီးအိမ်ရောက်နေတယ်ဆိုတော့ သူ့အိမ်မှာ ဘယ်သူမှ ရှိမှာမဟုတ်ဘူး၊ ဒီတော့ ငါ ဘိုးစိန်အိမ်ထဲကိုဝင်ပြီး ရွှေဒင်္ဂါးတွေကို ယူမယ်၊ ပြီးရင် နယ်စပ်ဘက်ကိုထွက်ပြေးပြီး သူဌေးကြီး လုပ်မယ် ”

ဟု ကြုံးဝါးကာ ဘိုးစိန်၏တဲရှိရာသို့ တိတ်တဆိတ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့လေ၏။

ဘိုးစိန်၏တဲသို့ရောက်သောအခါ ညအမှောင်လွှမ်းခြုံစ ပြုနေလေ၏။

တဲ၏အနီးသို့ကပ်၍ လူရိပ်လူခြေကို အကဲခတ်ကြည့် လေရာ မိမိမျှော်လင့်ထားသည့်အတိုင်း ဘိုးစိန်၏တဲ၌ လူတစ်ဦး တစ်ယောက်မျှမရှိကြောင်း တွေ့ရ၏။

စိန်တိုးသည် တဲကလေး၏အတွင်းသို့ဝင်လိုက်ပြီး အမှောင်လွှမ်းနေသဖြင့် သူ၏ဘောင်းဘီအိတ်ထဲရှိ မီးခြစ်ဘူးကို ထုတ်လိုက်၏။ ထိုအခါ မီးခြစ်ဘူးထဲတွင် မီးခြစ်ဆံ သုံးချောင်း မျှသာ ကျန်တော့ကြောင်း တွေ့ရ၏။

မဆိုးစိန်တိုးသည် မီးခြစ်ဆံတစ်ချောင်းကိုခြစ်၍ မီးထွန်း ရန် မီးခွက်ကို ရှာလေ၏။ သို့သော် မီးခွက်ကို လွယ်လွယ်နှင့် မတွေ့သဖြင့် မီးခြစ်ဆံ မီးငြိမ်းသွားလေ၏။

မဆိုးစိန်တိုးသည် ကျန်ရစ်သော မီးခြစ်ဆံနှစ်ချောင်း အနက် တစ်ချောင်းကိုယူ၍ မီးခြစ်လိုက်ပြီး တဲအတွင်းကြည့်ရှု





လိုက်ရာ ဘိုးစိန်၏အိမ်၌ အဖိုးတန်ဆုံးဖြစ်သော ထင်းရှူး သေတ္တာကြီးကို တွေ့လိုက်ရ၏။

ထင်းရှူးသေတ္တာ၌ ကြေးသော့တစ်ချောင်းသာ ခတ်ထား ကြောင်းတွေ့ရ၏။ ကြေးသော့ခတ်ထားသဖြင့် ထင်းရှူး သေတ္တာထဲတွင် အဖိုးတန် ရွှေဒင်္ဂါးများရှိနေမှာ သေချာ၏။

စိန်တိုးသည် တောလိုက်ဓားမြှောင်ကိုထုတ်၍ သေတ္တာ၌ ခတ်ထားသော သော့ကိုဖျက်လိုက်၏။ သေတ္တာပွင့်သွားသည် နှင့် တပြိုင်တည်း စိန်တိုးလက်ထဲရှိ မီးခြစ်ဆံသည် မီးငြိမ်းသွား လေ၏။

စိန်တိုးသည် လောဘဇောကပ်နေသဖြင့် သေတ္တာထဲသို့ လက်ဖြင့် အတင်းထိုးနှိုက်လိုက်၏။ သို့သော် သေတ္တာထဲတွင် ဗလာဖြစ်နေပြီး မည်သည့်ရွှေဒင်္ဂါးမျှ မတွေ့သဖြင့် မျက်လုံး ပြူးသွား၏။

စိန်တိုးသည်

" ရွှေဒင်္ဂါးတွေ ဘယ်မှာလဲ၊ ဘယ်မှာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု အလောတကြီး ရေရွတ်ကာ သေတ္တာထဲသို့ မွှေနှောက်ရှာဖွေရင်း သူ၏လက်ဖမိုး၌ စစ်ခနဲ ဖြစ်သွား၏။

စိန်တိုးသည် နာကျင်သွားသော လက်ဖမိုးကို လက်ဖြင့် ပွတ်ကြည့်သောအခါ သွေးစိုနေကြောင်း သိလိုက်၏။ စိန်တိုးသည် သွေးစိုနေသောလက်ဖမိုးကိုကြည့်၍ တစ်စုံတစ်ရာကို တွေးမိပြီး ခေါင်းနပန်းကြီးသွား၏။

ဘိုးစိန်၏ဖခင်သည် မြွေဆရာဖြစ်သဖြင့် ဘိုးစိန်၏ အိမ်၌ မြွေဆိုးများကို မွေးမြူထားနိုင်၏။ ယခု မိမိ၏လက်ကို မြွေဆိုးကိုက်သွားခြင်းပေလော။

မှုဆိုးစိန်တိုးသည် ထိတ်လန့်တုန်လှုပ်သွားပြီး နောက်ဆုံး ကျန်ရှိနေသော မီးခြစ်ဆံကိုခြစ်၍ သေတ္တာထဲသို့ ကုန်းကြည့်လိုက်၏။

ထိုအခါ သေတ္တာထဲတွင် ပါးပြင်းထောင်နေသော မြွေဟောက်ကြီးတစ်ကောင်ကို ဘွားခနဲ တွေ့လိုက်ရလေ၏။ မုဆိုးစိန်တိုးသည် မြွေဟောက်ကြီးကိုကြည့်၍ မျက်လုံးများ ပြာဝေ





သွားလေ၏။

ကိုယ်ခန္ဓာတစ်ခုလုံးလည်း တဆတ်ဆတ် တုန်ယင်လာပြီး မိမိ ပိုးထိ၍ နှလုံးသွေးများ ရပ်တန့်တော့မည်ဟု ယူဆလိုက်၏။

မုဆိုးစိန်တိုးသည် အလွန်ထိတ်လန့်တုန်လှုပ်သွားပြီး ရွှေဒင်္ဂါးများကိုပင် မရှာဖွေတော့ဘဲ အိမ်ထဲမှ ပြေးထွက်လာ၏။

စိန်တိုးသည် ကြောက်စိတ်ဖြင့် ဇောချွေးများပျံလာပြီး ခေါင်းထဲတွင် မူးနောက်လာသဖြင့် အသက်ရှူ မဝသလိုလည်း ခံစားရ၏။

စိန်တိုးသည် မိမိသေရတော့မည်ဟု ယူဆကာ တဲအိမ်ထဲမှ ယိုင်ထိုးယိုင်ထိုးဖြင့် ပြေးလွှားထွက်ခဲ့လေ၏။ ထိုသို့ ပြေးလွှားရင်း ကိုယ်ခန္ဓာ၌ ခွန်အားမရှိတော့သလို ဖြစ်သွားပြီး မြေဝ၌ ပြိုလဲကျသွားလေ၏။

စိန်တိုးသည် သူ၏ကိုယ်ခန္ဓာ မြေကြီးနှင့်ထိသည့်အချိန်မှစ၍ အသက်ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ ရွာသားများရောက်ရှိလာပြီး စိန်တိုး၏အလောင်းကိုကြည့်ရှုကြပြီး မှဆိုးစိန်တိုး မြွေကိုက်ခံရခြင်းပေလောဟု စူးစမ်းကြ၏။

ထိုအခါ ဘိုးစိန်က သူ၏ခြံတွင် မည်သည့်မြွေကိုမျှ မွေးမထားပါဟု ငြင်းဆိုလေ၏။

မုဆိုးစိန်တိုး၏အလောင်းသည် မြွေကိုက်ခံရသူများကဲ့သို့ မည်းနက်မနေသဖြင့် လူအများက ဘိုးစိန်၏စကားကို ယုံကြည်ကြလေ၏။

ဘိုးစိန်၏စကားကို မယုံကြည်သူများလည်း ရှိနေလေ၏။ ဘိုးစိန်သည် ရွာသူရွာသားများ၏သံသယကို ပြေပျောက်စေရန် ဖခင်၏ ထင်းရှူးသေတ္တာကြီးအားထမ်း၍ သူကြီးအိမ်သို့ ယူဆောင်ခဲ့လေ၏။

သူကြီးအိမ်သို့ရောက်သောအခါ ဘိုးစိန်က ထင်းရှူးသေတ္တာကြီးကို ဖွင့်ပြလိုက်၏။ ထိုအခါ ထင်းရှူးသေတ္တာထဲတွင် မြွေအရေခွံကို ရုပ်လုံးသွင်းထားသော မြွေဟောက်ရုပ်ကြီး





နှင့် မြွေစွယ်အကျိုးများကိုသာ မြင်ရလေ၏။

ဘိုးစိန်က ရွာသူရွာသားများဘက်သို့ လှည့်၍

“ ကျုပ်အိမ်မှာ ဘာမြွေမှမရှိဘူး၊ ခင်ဗျားတို့ယုံပြီမဟုတ်လား ”

ဟု ဆိုလိုက်ရာ ရွာသူရွာသား အများစုသည် ဘိုးစိန်ကို ယုံကြည်လက်ခံသွားလေ၏။

ဘိုးစိန်ကို မယုံကြည်သူများက ဘိုးစိန်သည် စိန်တိုးကို မြွေနှင့်တိုက်သတ်ပြီး မြွေကို တောတွင်းသို့ လွှတ်ပစ်လိုက်သည်ဟု ယူဆ၏။

ဘိုးစိန်သည် မိမိကိုမယုံကြည်သော ရွာသူရွာသားများကို စိတ်မျက်သွားလေ၏။ မကြာမီ ပုလိပ်များရောက်ရှိလာပြီး မုဆိုးစိန်တိုးလင်မယား သေဆုံးမှုနှင့်ပတ်သက်ပြီး ဘိုးစိန်ကို အမျိုးမျိုး မေးမြန်းစစ်ဆေးကြလေ၏။

သို့သော် ဘိုးစိန် လူသတ်မှုမကျူးလွန်ကြောင်း တိကျခိုင်လုံသော သက်သေများရှိနေသဖြင့် ဘိုးစိန်ကို မဖမ်းဆီးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အမှုပိတ်လိုက်၏။

ဘိုးစိန်သည် မုဆိုးစိန်တိုး၏အမှုပြီးသောအခါ ရွာတွင်နေထိုင်ရန် စိတ်ပျက်သွားလေ၏။ တစ်ရွာလုံးရှိလူများ၏ သံသယမျက်လုံးများကို သူရင်ဆိုင်နေရ၏။

သူကြီးအပါအဝင် ရွာသူရွာသားများသည် မိမိ၏လှုပ်ရှားမှုများကို စောင့်ကြည့်နေသည်ဟု ယူဆ၏။ ဘိုးစိန်သည် မိမိ၏ဘဝ မလွတ်လပ်တော့သလို ခံစားရ၏။

ထို့ကြောင့် နောက်ဆုံးကျန်နေသော ရွှေဒင်္ဂါးတစ်ပြားကို မြို့တက်ရောင်းပြီး ရွာသို့မပြန်ရန် ဆုံးဖြတ်လိုက်လေ၏။

ထို့ကြောင့် ရွာထိပ်ရှိ အဝေးပြေးလမ်းမကြီးအနီး၌ ကားကြုံကို ထိုင်စောင့်နေလိုက်၏။

အတန်ကြာအောင်စောင့်ပြီးနောက် မျက်လုံးများမှေးစင်းလာသဖြင့် ချုံထဲသို့ဝင်ပြီး အိပ်စက်လိုက်၏။

အတန်ကြာအောင် အိပ်စက်ပြီးနောက် မိမိအိပ်စက်နေသော ချုံအနီးသို့ လော်ရီကားကြီးတစ်စီး ရပ်လိုက်ပြီး ဒရိုင်ဘာ





သည် ချုံထဲသို့ဝင်သွားကြောင်း တွေ့ရ၏။

ဘိုးစိန်သည် ထွေထွေထူးထူးစဉ်းစားခြင်းမရှိတော့ဘဲ လော်ရီကားကြီး၏အနောက်သို့ ခိုဆွဲတက်လိုက်ပြီး ဆန်အိတ်များထဲ၌ အိပ်လိုက်လေ၏။

လော်ရီကားကြီးသည် တစ်မြို့ပြီးတစ်မြို့ ကျော်ဖြတ်၍ မောင်းနှင်ပြီးနောက် ကားကို ခဏရပ်လေ၏။ ထိုအခိုက်မှာပင် စပယ်ယာသည် ကားအနောက်သို့လာကြည့်ပြီး ဆန်အိတ်များပေါ်၌ အိပ်စက်နေသော ဘိုးစိန်ကို ဒေါသတကြီးကြည့်၍

"ဇ် ဟေ့လူ… ဘယ်တုန်းက ခိုးလိုက်လာတာလဲ၊ ကားပေါ်က အခုချက်ချင်းဆင်း"

ဟု မောင်းနှင်ထုတ်လေ၏။

ဒရိုင်ဘာကလည်း အနောက်သို့ရောက်လာကာ ဘိုးစိန်ကို မောင်းနှင်ထုတ်လေ၏။ ဘိုးစိန်က သူခိုးလူမိဖြစ်သဖြင့် လေပြေထိုးရန် ကြိုးစားသော်လည်း တင်းမာနေသော ဒရိုင်ဘာနှင့် စပယ်ယာက ဘိုးစိန်ကို ကားပေါ်မှ ဒေါသတကြီး မောင်း၍



www.burmeseclassic.com

www.burmeseclassic.com



ကြလေ၏။

ဒရိုင်ဘာနှင့် စပယ်ယာသည် ၄င်းတို့ကို လှုလည်လုပ်ခံရခြင်းဟု ယူဆကာ မကျေနပ်ဖြစ်နေပုံရ၏။ ဘိုးစိန်သည် မည်သို့ မျှ မတတ်နိုင်တော့ဘဲ ကားပေါ်မှဆင်း၍ အဝေးပြေးလမ်းအတိုင်း လျှောက်လှမ်းခဲ့လေ၏။

ခဏကြာအောင် လျှောက်လှမ်းပြီးနောက် အဝေးရှိ ညောင်ပင်ကြီးတစ်ပင်အောက်၌ ဖွင့်ထားသော ထမင်းဆိုင်လေးတစ်ဆိုင်ကို မြင်လိုက်ရ၏။

ဘိုးစိန်သည် ထမင်းဆိုင်ကိုမြင်ကာမှ ဗိုက်ထဲတွင် ဆာလောင်လာပြီး ဆိုင်ရှိရာသို့ ခပ်သွက်သွက်လှမ်းခဲ့၏။ ထမင်းဆိုင့်ရှေ့သို့ရောက်သောအခါ ညောင်နှစ်ပင်ထမင်းဆိုင်ဟု ရေးသားထားသော ဆိုင်းဘုတ်ကို မြင်ရ၏။

ထမင်းဆိုင်၏အနောက်၌ လူနေအိမ်ရှိပြီး အိမ်၏တစ်ဖက် ကွက်လပ်၌ အရက်ပုလင်းများ စီစီရီရီတင်ထားသောစင်ကို မြင်ရ၏။





ညောင်နှစ်ပင်ထမင်းဆိုင်သည် အဝေးပြေးလမ်းမပေါ်တွင် ရလေ့ရှိသော အရက်နှင့်တွဲဖက်ရောင်းချသည့် ထမင်းဆိုင်ကလေးဖြစ်၏။

ဘိုးစိန်သည် ထိုဆိုင်ကလေးရှေ့၌ အတန်ကြာအောင် ရပ်တန့်၍ကြည့်လိုက်ပြီးမှ ဆိုင်ထဲသို့ ဝင်လာခဲ့၏။

ဘိုးစိန်သည် သူ၏အနာဂတ်၌ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ရပ်ဆိုးများကို ဤဆိုင်ကလေး၌ကြုံတွေ့မည်မှန်း ကြိုတင်သိမြင်နိုင်စွမ်းရှိလျှင် ဆိုင်ထဲသို့ ခြေတစ်လှမ်းပင် ချမိမည် မဟုတ်။

ယခုတော့ ဘိုးစိန် ဆိုင်ထဲသို့ ဝင်ရောက်သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစိန် ထမင်းဆိုင်ထဲသို့ ဝင်ရောက်သွားသောအခါ ဆိုင်ထဲတွင် စားသောက်မည့်သူ တစ်ဦးမျှမရှိဘဲ စားပွဲတစ်လုံး၌ ထိုင်ကာ သတင်းစာဖတ်နေသော လူလတ်ပိုင်းအရွယ်လူတစ်ဦးကို တွေ့ရ၏။

ထိုသူက သတင်းစာဖတ်နေရာမှ ဘိုးစိန်ကို အံ့သြဟန်ဖြင့်ကြည့်၍

" ထမင်းစားချင်လို့လား "





ဟု မေးမြန်းလိုက်၏။

ထိုသူသည် အသားမည်းမည်း၊ မျက်လုံးပေါက်ကျဉ်းကျဉ်းနှင့် ခပ်ရိုးရိုးလူတစ်ဦး၏ ပုံပန်းသဏ္ဍာန်မျိုး ရှိ၏။

ဘိုးစိန်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဘာဟင်းတွေရှိသေးသလဲ "

ဟု မေးမြန်းလိုက်၏။ ဆိုင်ရှင်က ထမင်းအိုးများရှိရာသို့ မျက်လုံးဝေ့ကြည့်၍

" ဝက်သားဆီပြန်နဲ့ ကြက်အသည်းအမြစ်ဟင်းပဲ ကျန်တော့တယ်၊ မင်းက နောက်ကျတာကိုး "

ဟု ပြောလိုက်ရာ ဘိုးစိန်သည် အလွန်ဆာလောင်နေသဖြင့်

" ကြက်အသည်းအမြစ်နဲ့ပဲ ပေးပျာ၊ ဗိုက်ဆာနေပြီ "

ဟု ပြောလိုက်လေ၏။

ဆိုင်ရှင်သည် ဘိုးစိန် ဆာလောင်နေမှန်းသိသဖြင့် လျှင်မြန်စွာ ထမင်းပွဲပြင်ပေးလေ၏။ ဘိုးစိန်သည် ထမင်းကို အငမ်း



www.burmeseclassic.com

www.burmeseclassic.com



မရ စားသောက်လိုက်ရမှ နေသာထိုင်သာ ရှိသွားလေ၏။

ဆိုင်ရှင်လူက စားပွဲဦးထိုင်နေရာမှ ဘိုးစိန်ကို လှမ်းကြည့်၍

" မောင်ရင်က ဒီမြို့ကိုလာတာလား "

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်က ဆိုင်ရှင်၏မျက်နှာကို ကြည့်၍

" မဟုတ်ဘူး၊ ကျုပ်က ခရီးသွားတစ်ယောက်ပါ၊ ဒီမြို့အဝင်ရောက်တော့မှ ကျုပ်စီးလာတဲ့ကားက ပျက်သွားလို့ "

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆိုင်ရှင်လူက မျက်မှောင်ကြုတ်၍

" မြို့အဝင်မှာ ကားပျက်တယ် ဟုတ်လား၊ ဘယ်လိုကားမျိုးလဲ၊ ဒီမြို့က ဖြတ်သန်းနေကျကားတိုင်းကို ကျုပ်သိပါတယ် "

ဟု ပြောလေ၏။ ဘိုးစိန်သည် စပ်စုသော ဆိုင်ရှင်ကြောင့် ပြောဆိုရခက်သွားပြီး





" သူ့ကားအမျိုးအစားကို ကျုပ်မသိဘူး၊ ခေါင်းကအပြာကြီးဗျာ၊ နောက်မှ ဆံနှံအိတ်တွေထင်တယ်၊ ဒရိုင်ဘာကလည်း အသက်ကြီးကြီးထဲကပဲ၊ စပါယ်ရာက ကတုံးတုံးထားတယ် "

ဟု ပြောလိုက်ရာ ဆိုင်ရှင်သည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

" ဒါဆိုရင် အေးသိန်းနဲ့ ဝင်းစိုးတို့ကားပဲ၊ သူတို့ကားနဲ့ လမ်းကြုံလိုက်လာတာလား၊ သိပြီ... သိပြီ "

ဟု ဆိုလေ၏။

ဘိုးစိန်သည် ဆိုင်ရှင်နှင့် စကားမပြောတော့ဘဲ ထမင်းကို ခပ်သွက်သွက်စားနေမိ၏။

ဘိုးစိန်သည် ထမင်းနှစ်ပန်းကန်စားပြီးနောက် ဗိုက်ပြည့်သွားလေ၏။ သူသည် ထမင်းစားပြီးနောက် ထန်းလျက်တစ်ခဲကို စားရင်း သူ၏အနာဂတ်ကို စဉ်းစားနေလေ၏။

ဤအရပ်မှ မည်သည့်နေရာသို့ ခရီးဆက်ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ခရီးသည် ဦးတည်ရာမရှိ၊ ခြေဦးတည့်ရာ သွားလာနေသောခရီး ဖြစ်၏။

မိမိ၌ ရွှေဒင်္ဂါးရောင်းချပြီးသော ငွေအနည်းငယ်ရှိသော်လည်း ထိုငွေကို ထိုင်စားနေလို့မဖြစ်။ စားဝတ်နေရေးအတွက် အလုပ်တစ်ခုခုတော့ လုပ်ရပေတော့မည်။

ထိုအခိုက်မှာပင် ဘိုးစိန်၏အနီးသို့ ဆိုင်ရှင် လျှောက်လှမ်းလာပြီး

" ဘာတွေစဉ်းစားနေတာလဲ မောင်ရင် "

ဟု မေးမြန်းလေ၏။ ဘိုးစိန်သည် မလိုအံ့ဩဘဲ စပ်စုရန်ကြိုးစားသောဆိုင်ရှင်ကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

" ဘာမှမစဉ်းစားပါဘူးဗျာ "

ဟု ပြောဆိုလိုက်၏။ ထိုအခါ ဆိုင်ရှင်က ဘိုးစိန်ကို ကြည့်၍

" အလုပ်တစ်ခုခုလုပ်မလို့ စဉ်းစားနေတာလား "

ဟု မေးမြန်းလိုက်လေရာ ဘိုးစိန်က ဆိုင်ရှင်ကို အံ့ဩ





ဟန်ဖြင့် ကြည့်၍

" ခင်ဗျားမှာ အကြားအမြင်များပေါက်နေသလား၊ ကျုပ် စိတ်ထဲမှာဖြစ်နေတာ ဘယ်လိုလုပ်သိနေသလဲ "

ဟု မေးမြန်းလိုက်လေ၏။

ဆိုင်ရှင်သည် ဘိုးစိန်၏စကားကြောင့် မျက်ပေါက်များကျဉ်းအောင် ရယ်မောလိုက်ပြီး

" မောင်ရင့်လိုလူမျိုးတွေ တွေ့ရပေါင်းများလို့ ရိုးနေပြီကွ၊ ထမင်းဆိုင်မှာလာစားပြီး ပိုက်ဆံရှင်းကာနီးတော့ ဆိုင်ရှင်ကို နှုတ်ဆက်ပြီး အလုပ်တစ်ခုခု တောင်းတော့တာပဲ "

ဟု ပြောလိုက်ရာ ဘိုးစိန်သည် မိမိကိုအထင်သေးသော ဆိုင်ရှင်ကို မကျေမချမ်းဖြစ်သွားပြီး

" တောသားဆိုပြီး အထင်သေးတာလား၊ ဟောဒီမှာ ပိုက်ဆံပါတယ်၊ ကြည့် "

ဟု ဆိုကာ လွယ်အိတ်ထဲမှ ငွေစက္ကူအချို့ကို ထုတ်ပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်ရှင်သည် သူ၏အထင်အမြင် လွဲမှားသွားသဖြင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး

" ဟဲ ဟဲ... မောင်ရင်က ထမင်းဖိုးရှင်းဖို့တော့ ပိုက်ဆံရှိသားပဲ၊ ဒါဆို ကားကို ဘာကြောင့် ပိုက်ဆံမပေးဘဲ ခိုးစီးရတာလဲ "

ဟု မေးမြန်းလိုက်ရာ ဘိုးစိန်သည် မိမိကားခိုးစီးခြင်းကို ထမင်းဆိုင်ရှင်သိသွားသဖြင့်ရှက်ကိုးရှက်ကန်း ဖြစ်သွားလေ၏။

ထိုအခါ ထမင်းဆိုင်ရှင်က ရယ်မော၍

" မောင်ရင်က အေးသိန်းနဲ့ ဝင်းစိုးရဲ့ကား မြို့ပြင်မှာ ပျက်နေလို့ ပြင်နေတယ် ပြောတယ်၊ သူတို့ကားက မောင်ရင်မရောက်မီကတည်းက ကျုပ်ဆိုင်ရှေ့က ဖြတ်သွားပြီးပြီ၊ ဒါကြောင့် မောင်ရင် ကားခိုးစီးပြီး ကားပေါ်က မောင်းချခံရမှန်း ရိပ်စားမိတာပေါ့၊ ဒါကြောင့် မောင်ရင့်ကို ထမင်းဖိုးမရှိဘူးထင်လိုက်တာပါ၊ ဒါပေမဲ့ ကျုပ်အထင်မမှားဘူးဆိုရင် မောင်ရင် အလုပ်တစ်ခုခု ရှာနေပုံရတယ် "





ဟု ပြောလေရာ ဘိုးစိန်က ခေါင်းညိတ်၍

" ဟုတ်ပါတယ်၊ ကျုပ် ရွာကထွက်လာပြီး မြို့မှာ အလုပ်တစ်ခုခုလုပ်ဖို့ စဉ်းစားနေတာပါ "

ဟု ပြောလေ၏။ ဘိုးစိန်၏စကားကြောင့် ဆိုင်ရှင်က သဘောကျဟန်ဖြင့်

" ဒါဆိုရင်တော့ မောင်ရင်လောက် ကံကောင်းတဲ့သူ မရှိတော့ဘူး၊ ကျုပ်လဲ အလုပ်သမားတစ်ယောက်လိုနေတာနဲ့ အတော်ပဲ "

ဟု ပြောလေ၏။ ဘိုးစိန်သည် ဆိုင်ရှင်လူ၏ မမျှော်လင့်သော ဖိတ်ခေါ်မှုကြောင့် မျက်လုံးပြူးသွားပြီး

" ဗျာ်... ခင်ဗျားက အလုပ်သမားလိုနေလို့လား၊ ဘယ်လိုအလုပ်သမားမျိုး လိုနေတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဆိုင်ရှင်က

" ငါ့ဆိုင်မှာ စားပွဲထိုးပေါ့ကွာ၊ စားပွဲထိုးဆိုပေမဲ့ မီးဖိုချောင်အလုပ်ကလွဲရင် အထွေထွေအလုပ်တွေလည်း လုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ငါ့ဆိုင်က အဝေးပြေးလမ်းမပေါ်မှာဆိုတော့ မြို့ထဲက ဆိုင်တွေထက် ပိုပြီးရောင်းရတယ်ကွ၊ ငါတို့ရဲ့ဟင်းချက်လက်ရာကလည်း တစ်မြို့လုံးထက်သာတယ်ကွ၊ ဆိုင်မှာက အရက်လည်း ရောင်းတယ်ဆိုတော့ အလုပ်သမားတစ်ယောက်ရှိမှ အဆင်ပြေတာကွ၊ ဆိုင်မှာ အလုပ်သမားတွေထားပေမဲ့ မမြဲဘူးကွ၊ တစ်နှစ်လောက်ကြာရင် အကြောင်းတစ်ခုခုရှာပြီး ထွက်သွားကြတာပဲ ”

ဟု ပြောလေ၏။

ဘိုးစိန်သည် ဆိုင်ရှင်၏စကားကြောင့် ထိုမင်းဆိုင်၌ လုပ်သင့် မလုပ်သင့် စဉ်းစားနေလေ၏။ ဆိုင်ရှင်လူက ဘိုးစိန် စဉ်းစားနေကြောင်း ရိပ်စားမိသဖြင့် ခဏမျှ ငြိမ်သက်စွာ နေလေ၏။

အတန်ကြာသောအခါမှ ဆိုင်ရှင်က ဘိုးစိန်၏ပခုံးကို ပုတ်၍

“ ဘယ်လိုလဲ၊ ကျုပ်ဆိုင်မှာ လုပ်မယ်မဟုတ်လား”





ဟု မေးမြန်းလေ၏။

ဘိုးစိန်သည် စဉ်းစားနေဆဲဖြစ်သဖြင့် အဖြေမပေးနိုင်သေးဘဲ ငြိမ်သက်စွာ ရှိနေ၏။

ထိုအခိုက်မှာပင် မီးဖိုချောင်ထဲမှထွက်လာသော မိန်းမတစ်ယောက်ကို မြင်လိုက်ရ၏။ ထိုမိန်းမသည် ဘိုးစိန်စားထားသော ပန်းကန်များကို လာ၍သိမ်းပုံရ၏။

ထိုမိန်းမ၏ရုပ်ရည်သည် သာမန်မျှသာဖြစ်သော်လည်း ဆံပင်ကို အလယ်မှခွဲထားပြီး မျက်လုံးများကြည်လင်နေ၏။ သူမ၏ရင်သားများ အလွန်လှပြီး တင်သားများ ကားစွင့်နေ၏။

ကိုယ်လုံးကိုယ်ပေါက်မှာလည်း ရွှေဘိုမင်းကြိုက် ပေါင်တံရှည် မိန်းမမျိုးဖြစ်၏။ သူမ၏အသက်မှာ ဆိုင်ရှင်ထက်များစွာ ငယ်ရွယ်ပုံရ၏။

ဘိုးစိန်သည် ထိုမိန်းမကို ငေးကြည့်နေမိ၏။ အသားမည်းသော ဆိုင်ရှင်က

“ ဒါ ကျုပ်မိန်းမပဲ၊ ကျုပ်တို့ဆိုင်ရဲ့ စားဖိုမှူးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



သူက မီးဖိုချောင်မှာ အလုပ်လုပ်တယ်၊ မောင်ရင်က ဆိုင်ရှေ့မှာ အလုပ်လုပ်ရမယ် ”

ဟု ပြောလေ၏။ ထိုမိန်းမသည် ဘိုးစိန်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်၍ စားလက်စပန်းကန်များကို သိမ်းလေ၏။

သူမထံမှ သင်းပျံ့သော ကိုယ်သင်းရနံ့ကို ဘိုးစိန်ရရှိလိုက်ပြီးနောက် အညာသားဆန်ဆန်လူ၏ ထမင်းဆိုင်၌ အလုပ်လုပ်ရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ဆိုင်ရှင်ကိုကြည့်၍

“ ကျုပ် ကြိုးစားပြီးလုပ်ကြည့်မယ်လေ ”

ဟု ပြောလိုက်ရာ အညာသားဆန်ဆန်ဆိုင်ရှင်က သဘောကျဟန်ဖြင့်

“ မောင်ရင့်ရဲ့နာမည်ကို ပြောပါဦး၊ ကျုပ်နာမည်က ကိုမဲလို့ခေါ်တယ်၊ ဇာတိကတော့ အညာကပဲ၊ မိန်းမနာမည်က မသက်ရီတဲ့၊ အညာသူပေါ့ ”

ဟု ပြောလေ၏။ ဘိုးစိန်သည် သူ၏အမည်ကို ပြောပြ





ပြီးနောက် လုပ်ခလစာကို မေးမြန်းလိုက်ရာ ဆိုင်ရှင်က

“ ဒီအတွက်မပူပါနဲ့၊ မောင်ရင် မနစ်နာစေရပါဘူး၊ ကျုပ်ဆိုင်မှာ ပျော်ဖို့တော့လိုတယ်၊ အရင်လူတွေတုန်းက ဆိုင်မှာ မပျော်ကြဘူး၊ ပင်ပန်းတယ်ဆိုပြီး ထွက်သွားကြတယ်၊ မောင်ရင့်ကိုကြည့်ရတာ ဖွဲ့ရှိမဲ့ပုံစံပါ၊ ကျုပ်တို့နှစ်ယောက် လက်တွဲလို့ရပြီပေါ့ ”

ဟု ဆိုလိုက်ရာ ဘိုးစိန်က ဆိုင်ရှင်အညာသားကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

“ ဘာပဲဖြစ်ဖြစ် ကျုပ် ကြိုးစားလုပ်ကြည့်လို့ မပျော်ရင် အလုပ်ထွက်မှာပဲ ”

ဟု ပြောလိုက်လေ၏။ ဆိုင်ရှင်က သဘောကျဟန်ဖြင့် ရယ်မော၍

“ မပျော်ရင်လည်း မင်းကို ဆွဲမထားပါဘူး၊ အချိန်မရွေး ထွက်နိုင်ပါတယ်၊ လောလောဆယ် မောင်ရင့်ကို အလုပ်ခန့်လိုက်ပြီ၊ အိမ်နံဘေးကထင်းပုံကြီးကို သွားခွဲပေတော့၊



www.burmeseclassic.com

www.burmeseclassic.com



ထင်းပုံနံဘေးမှာ ပေါက်ဆိန်ရှိတယ် ''

ဟု ပြောလေ၏။

ဘိုးစိန်သည် ထင်းခွဲရန်အတွက် ပုဆိုးခါးတောင်းကြိုက်၍ အိမ်နံဘေးသို့ ထွက်ခဲ့၏။ ပြီးနောက် ပုဆိန်ကိုယူ၍ ထင်းခြမ်းများကို တစ်ခြမ်းပြီးတစ်ခြမ်း ခွဲနေ၏။

ထင်းခွဲနေရင်း မိမိကို တစ်စုံတစ်ဦးကြည့်နေသည်ဟု ယူဆပြီး လှည့်ကြည့်လိုက်ရာ မီးဖိုချောင်၌ မသက်ရှိကို ရိပ်ခနဲ မြင်လိုက်ရ၏။





ဘိုးစိန်သည် ထမင်းဆိုင်၏အောက်ထပ်ရှိ အခန်းငယ်လေး၌ အိပ်စက်ရန် နေရာရလေ၏။

ဘိုးစိန်သည် တစ်ကိုယ်တည်း လွတ်လွတ်လပ်လပ် နေထိုင်ရသဖြင့် အိပ်ခန်းကလေးကို သဘောကျလေ၏။

ဘိုးစိန်သည် ထိုညက အိပ်စက်၍မပျော်နိုင်ဘဲ မသက်ရှိသော မိန်းမကို မြင်ယောင်နေမိ၏။

သူမသည် အလွန်အရုပ်ဆိုးသော အညာသားကိုမဲကို၊



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် ပေါင်းသင်းနေသည် မသိချေ။ ဘိုးစိန်သည် မသက်ရှိကို မြင်ယောင်ရင်း ရှာ၍သေဆုံးသွားသော မိဆုံကို ပြန်လည်သတိရ၏။

မသက်ရှိသည် မိဆုံထက်ပင် ဆွဲဆောင်အားကောင်းသော မိန်းမတစ်ဦး ဖြစ်နေ၏။ ဘိုးစိန်သည် အညာသားမောင်မဲ၏ မျက်နှာကိုမြင်ယောင်ပြီး မတော်ပါဘူးလေဟုတွေးကာ အိပ်ရာထဲတွင် လူးလွန့်ပြီး အိပ်ပျော်အောင် ကြိုးစားလေ၏။

ဘိုးစိန်သည် ထိုညက အိပ်မက်ဆိုးများ မြင်မက်လေ၏။ အိပ်မက်ထဲ၌ သေဆုံးသွားသော မိဆုံနှင့် ချစ်တင်းနှီးနှောနေစဉ် မှဆိုးစိန်တိုးရောက်ရှိလာပြီး သူတို့နှစ်ယောက်ကို သေနတ်နှင့် ပစ်လေ၏။

ဘိုးစိန် အိပ်ရာမှနိုးသောအခါ မနက်အရုဏ်တက်အချိန်သို့ပင် ရောက်နှင့်နေ၏။ ဘိုးစိန်သည် အိပ်ရာမှထပြီး ဘာလုပ်ရမှန်းမသိသဖြင့် မီးဖိုထဲသို့ဝင်၍ မီးမွှေးပြီး ရေနွေးအိုးတည်နေ





၏။

ရေနွေးအိုးမဆူမီ အပေါ်ထပ်လှေကားမှ လူတစ်ယောက် ဆင်းလာသောခြေသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ထမီကို ပြေလျော့လျော့ဝတ်၍ဆင်းလာသော မသက်ရှိကို မြင်ရ၏။

သူမ၏ဆံပင်များမှာ လန်ကြဲနေပြီး ကိုယ်ပေါ်တွင် မျက်နှာသုတ်ပဝါတစ်ထည် တင်ထား၏။ မျက်နှာသစ်ပြီးပုံ မရသေးချေ။

သို့သော် မျက်လုံးများက ညှို့အားကောင်းနေဆဲဖြစ်ကြောင်းတွေ့ရ၏။ ဘိုးစိန်သည် သူမကို မမြင်ဟန်ပြု၍ ရေနွေးအိုးဆူရန် ထင်းများကိုထည့်နေ၏။

ခဏအကြာတွင် အနီးသို့ မသက်ရှိရောက်ရှိလာပြီး
" ဆိုင်ရှေ့မှာ အမှိုက်တွေလှဲလိုက်ပါ "
ဟု တိုးတိုးပြောလေ၏။

ဘိုးစိန်သည် မသက်ရှိကို စကားမတုံ့ပြန်ဘဲ ဆိုင်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



သို့ ထွက်ခဲ့လေ၏။

ဘိုးစိန် ဆိုင်ရှေ့သို့ အမှိုက်လှဲကျင်းပြီးသော်အခါ အညာသားမောင်မဲ အိပ်ရာမှနိုးလာပြီး နံနက်စာစားသောက်လေ၏။

အညာသားမောင်မဲသည် ဘိုးစိန်ကို ၎င်းတို့နှင့်အတူ တစ်စားပွဲတည်းထိုင်ပြီး စားသောက်စေ၏။

နံနက်စာမှာ ထူးထူးခြားခြားမဟုတ်ဘဲ ပဲပြုတ်ထမင်းကြော်ပင် ဖြစ်၏။ မသက်ရှိ ပန်းကန်ရှေ့၌ ငါးခြောက်ကြော် ပန်းကန်ရှိ၏။

အညာသားမောင်မဲသည် ထမင်းကြော်ကို ဦးစွာ စားသောက်ပြီး ဆိုင်အနောက်ရှိ ၎င်း၏မြင်းကြီးကို အစာကျွေးရန် ထွက်သွားလေ၏။

မသက်ရှိသည် ထမင်းကြော်ကို ခေါင်းငုံ့၍စားနေရာမှ ဘိုးစိန်၏ပန်းကန်ထဲသို့ ငါးခြောက်တစ်ကောင် ထည့်ပေးလေ၏။

ဘိုးစိန်က သူမကိုကြည့်၍





" ရပါတယ်ဗျာ၊ ပဲပြုတ်နဲ့လည်း စားလို့ရနေတာပဲ "

ဟု ပြောလိုက်ရာ မသက်ရှိက မျက်နှာတည်တည်ဖြင့် ကြည့်၍

" စကားမရှည်နဲ့၊ စားမှာသာ စားစမ်းပါ၊ ဒီငါးခြောက်က ဆိုင်မှာ ကျွန်မတစ်ယောက်တည်းစားတဲ့ ငါးခြောက် "

ဟု ပြောလိုက်ပြီး စားပွဲမှ ထွက်သွားလေ၏။ ငါးခြောက်ပန်းကန်ကိုလည်း သူမနှင့်အတူ ယူဆောင်သွား၏။

ဘိုးစိန်၏မျက်လုံးများသည် သူမ၏လှပသော ကိုယ်လုံးအနောက်သို့ ကပ်၍ပါသွားလေ၏။

ခဏကြာလျှင် အညာသားမောင်မဲသည် မြင်းညိုကြီးကို လှည်းတပ်၍ ဆိုင်ရှေ့သို့ရောက်လာ၏။

" ဘိုးစိန် … မြို့ထဲကိုသွားရအောင်၊ လိုက်ခဲ့ဟေ့ "

ဟု ဖိတ်ခေါ်လေ၏။

ဘိုးစိန်သည် အညာသားမောင်မဲ၏မြင်းလှည်းပေါ်သို့ ခုန်တက်ပြီး လိုက်ပါသွားလေ၏။ မောင်မဲနှင့်အတူ ဈေးဝယ်



www.burmeseclassic.com

ရမည့် စာရင်းစာရွက်ပါ၏။

ဘိုးစိန်က အညာသားမောင်မဲကိုကြည့်၍

" ဈေးက ခင်ဗျားကိုယ်တိုင်ဝယ်တာလား "

ဟု မေးမြန်းလိုက်၏။ မောင်မဲက ခေါင်းညိတ်၍

" ငါ့မိန်းမက အတွက်အချက်မပိုင်ဘူးကွ၊ ဈေးလည်း မဆစ်တတ်ဘူး၊ သူဈေးဝယ်ရင် အမြဲတမ်း ဈေးများနေတယ်၊ ဒါကြောင့် ငါကိုယ်တိုင် ဈေးဝယ်တဲ့အကျင့်ရှိတယ် "

ဟု ပြောလေ၏။

ထို့နောက် အညာသားမောင်မဲနှင့် ဘိုးစိန်သည် တောင်ကြီးနှစ်လုံးကိုထမ်း၍ ဈေးဝယ်ကြလေ၏။ ဈေးဝယ်ပြီးနောက် အညာသားမောင်မဲက ဘိုးစိန့်အား ဆိုင်တစ်ဆိုင်ရှေ့သို့ ခေါ်သွားပြီး

" မင်းမှာ ပုဆိုးနဲ့အင်္ကျီလိုရင် ဝယ်လေ၊ နောက်မှ ငါ လုပ်ခထဲက ပြန်ဖြတ်မယ် "

ဟု ပြောလေ၏။ ဘိုးစိန်က ခေါင်းခါယမ်း၍





" မလိုပါဘူးဗျာ၊ လိုရင်လည်း ကျုပ်ပိုက်ဆံနဲ့ ကျုပ် ဝယ်မှာပါ "

ဟု ပြောလေရာ အညာသားမောင်မဲသည် ဘိုးစိန်အား မည်သည့်စကားမှမဆိုတော့ဘဲ မြင်းလှည်းကို ပြန်လည်မောင်းနှင်လာခဲ့၏။

ဆိုင်သို့ရောက်သောအခါ မသက်ရှိသည် ဟင်းချက်စရာများကို တစ်ခုပြီးတစ်ခု လျှင်မြန်စွာ ချက်ပြုတ်လေ၏။

ဘိုးစိန်သည် မသက်ရှိချက်ပြုတ်နေစဉ် အနီးသို့သွား၍

" ကျုပ် ဘာကူလုပ်ပေးရမှာလဲ "

ဟု မေးမြန်းလိုက်၏။ မသက်ရှိက ဘိုးစိန်ကို ငဲ့စောင်း မကြည့်ဘဲ

" ရှင့်အလုပ်က မီးဖိုချောင်ထဲမှာ မရှိဘူး၊ အရက်ခွက်တွေကိုသွားပြီးဆေးနေ၊ အရက်ခွက်ဆေးပြီးရင် စားပွဲ၊ ကုလားထိုင်တွေကို သန့်ရှင်းထားပါ၊ ခဏကြာရင် စားသောက်မဲ့သူတွေ လာလိမ့်မယ် "

www.burmeseclassic.com



ဟု ပြောလေ၏။

ဘိုးစိန်သည် အရက်ခွက်များကို ဆေးကြောပြီး စားပွဲကုလားထိုင်များကို ရေစိုဝတ်ဖြင့် ပွတ်တိုက်နေ၏။

အညာသားမောင်မဲ၏ဆိုင်ကလေးသည် ခမ်းနားခြင်းမရှိသော်လည်း သန့်ရှင်းသပ်ရပ်ကြောင်း သတိပြုမိ၏။

မောင်မဲဆိုင်၏ ငွေသိမ်းစားပွဲသည် အစဉ်သဖြင့် သန့်ရှင်းတောက်ပြောင်နေလေ၏။

မောင်မဲသည် ငွေသိမ်းစားပွဲ၌ထိုင်နေပြီး ထမင်းဆိုင်သို့ ဝင်လာမည့် ဖောက်သည်များကို စောင့်မျှော်နေ၏။ ခဏကြာလျှင် လော်ရီကားကြီးတစ်စီး ထိုးရပ်လိုက်ပြီး ကားပေါ်မှ ဒရိုင်ဘာနှင့် စပယ်ယာ ဆင်းလာ၏။

၎င်းတို့သည် အညာသားမောင်မဲ၏ ညောင်နှစ်ပင်ဆိုင်၌ စားသောက်နေကြ ဖောက်သည်များဖြစ်ပြီး ထမင်းစားရင်း အရက်အနည်းငယ်ကိုလည်း သောက်ကြ၏။

ဆိုင်သို့လာရောက်သည့်လူတိုင်း ဘိုးစိန်ကိုကြည့်၍





" စားပွဲထိုးအသစ်လား "

ဟု မေးမြန်းကြ၏။

ဆိုင်သို့ ခရီးသည်များ ဝင်ရောက်ခြင်းမရှိဘဲ အဝေးပြေးကားဒရိုင်ဘာများသာ ဝင်ရောက်စားသောက်ကြ၏။

ထိုသူများအားလုံး အရက်ကို အနည်းငယ်စီ သောက်သုံးကြ၏။ အညာသားမောင်မဲသည် အရက်ကို ၎င်းကိုယ်တိုင် ဖန်ခွက်ထဲသို့ ထည့်ပေးလေ၏။

မသက်ရှိသည် ဆိုင်အရှေ့သို့ထွက်လေ့မရှိဘဲ ဆိုင်အနောက်၌သာ အနေများလေ၏။

မသက်ရှိ ဆိုင်အရှေ့သို့ ခဏထွက်လာလျှင် ယောကျ်ားများအားလုံး မျက်လုံးကျွတ်မတတ် ငေးမောကြည့်ကြ၏။

အညာသားမောင်မဲသည် သူ၏မိန်းမအား ယောကျ်ားများအားလုံး တပ်မက်စိတ်ဖြင့် ကြည့်ရှုနေခြင်းကို ရိပ်စားမိပုံမရချေ။

ဘိုးစိန်သည် မသက်ရှိကိုကြည့်၍ မကြာခဏ သက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းချနေမိ၏။ ထိုမိန်းမသည် ချောမောလှပခြင်းမရှိဘဲ အဘယ်ကြောင့် တပ်မက်ဖွယ် အလွန်ကောင်းနေသနည်း။

ဘိုးစိန်သည် မောင်မဲ၏ဆိုင်၌ တစ်ရက် နှစ်ရက် လုပ်ကိုင်ပြီးနောက် မောင်မဲ၏ဆိုင်သည် အတော်အသင့် ရောင်းကောင်းသော ဆိုင်တစ်ဆိုင်ဖြစ်ကြောင်း သတိပြုမိ၏။

ဘိုးစိန် ဆိုင်သို့ရောက်ပြီး တတိယနေ့၌ မောင်မဲသည် ဆိုင်အတွက် တယ်လီဖုန်းတပ်ဆင်ရန် မြို့ထဲသို့ ထွက်ခွာသွားလေ၏။

ဘိုးစိန်သည် စားပွဲခင်းများကိုလျှော်ဖွတ်ရန် ရေစည်ကြီးထဲသို့ ထည့်လေ၏။ ပြီးနောက် ရေတွင်းမှရေကိုင်ငင်ပြီး ရေစည်ရှိရာသို့ သယ်ဆောင်လာလေ၏။

ထိုစဉ် အိမ်းသို့ မသက်ရီ ရောက်ရှိလာ၏။ သူမသည် ပန်းနုရောင်အင်္ကျီနှင့် ဇင်းမယ်လုံချည်ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထား၏။

မသက်ရီသည် ဘိုးစိန်ကိုကြည့်လိုက်ပြီး





" ရှင့်မှာ မိသားစုမရှိဘူးလား "

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

" မရှိဘူး၊ ကျုပ်က တစ်ကောင်ကြွက်ပဲ "

ဟု ပြောလိုက်ရာ မသက်ရီက

" အရင်တုန်းက ဘာအလုပ်လုပ်သလဲ "

ဟု မေးမြန်းလေ၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

" ကျုပ်အဘိုးက မြေဆရာကြီးလေ၊ ဘာအလုပ်မှ လက်ကြောတင်းအောင်မလုပ်ဘဲ အဘိုးလုပ်စာ ထိုင်စားရတယ် "

ဟု ပြောလိုက်ရာ မသက်ရီက သဘောကျဟန်ဖြင့် ရယ်မော၍

" တော်တော်အားကိုးချင်စရာကောင်းတဲ့ ယောက်ျားပဲ၊ ရည်းစားတွေ ဘာတွေ မရှိဘူးလား "

ဟု မေးမြန်းလေ၏။ ဘိုးစိန်က ရင်ကိုကော့၍

" ကျုပ်ကို တစ်ရွာလုံးက အမျိုးကောင်းသမီးများက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားကြတယ်၊ ဒါပေမဲ့ ကျုပ်က ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး ”

ဟု ပြောလေ၏။ မသက်ရှိက ရယ်မော၍

“ ရှင်က တော်တော်စွံတယ်ပေါ့၊ ရည်းစားမရှိတာ တကယ်ပဲလား ”

ဟု မေးမြန်းလေ၏။ ဘိုးစိန်သည် မသက်ရှိကို လိမ်မည်ကြံပြီးမှ သေဆုံးသွားသော မိဆုံကို သတိရပြီး

“ အမှန်အတိုင်းပြောရရင် မိန်းကလေးတစ်ယောက်နဲ့ ငြိစွန်းဖူးတယ်၊ သူက အခုမရှိတော့ဘူး၊ တမလွန်ကို ရောက်သွားပြီ ”

ဟု ပြောလိုက်ရာ မသက်ရှိက မျက်မှောင်ကြုတ်၍

“ ရှင် တော်တော်ပူဆွေးသောက ရောက်မှာပေါ့ ”

ဟု ပြောလေ၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

“ ပူဆွေးသောက မရောက်ပါဘူး၊ ကျုပ်ကကောင်းသွားတယ်လို့ မှတ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ သူ့မှာ





ယောကျ်ားရှိတယ်လေ၊ သူ့ယောကျ်ားကလည်း နယ်နယ်ရရ မဟုတ်ဘူး၊ သေနတ်တစ်လက်ကို အမြဲကိုင်တဲ့ မုဆိုးကျော်ကြီးလေ ”

ဟု ပြောလိုက်ရာ မသက်ရှိက ဘိုးစိန်ကို အံ့သြဟန်ဖြင့် ကြည့်၍

“ ရှင် ကျွန်မကို ဘာကြောင့် အမှန်အတိုင်းပြောတာလဲ ”

ဟု မေးမြန်းလေ၏။ ဘိုးစိန်က မသက်ရှိကိုကြည့်၍

“ ကျုပ်ရင်ထဲမှာ ဘယ်လိုဖြစ်သလဲ မသိဘူး၊ ခင်ဗျားကို လိမ်ညာချင်စိတ်မရှိဘူး၊ အမှန်အတိုင်းပဲ ပြောချင်တယ်၊ နောက်ပြီးတော့ တစ်နေ့နေ့မှာ ခင်ဗျားနဲ့ကျုပ်ဟာ သိပ်ရင်းနှီးကြမယ်လို့ ယုံကြည်နေတယ် ”

ဟု ဆိုလိုက်ရာ မသက်ရှိသည် ဘိုးစိန်ကို မျက်တောင် တဖျတ်ဖျတ်ခတ်၍ ကြည့်လိုက်ပြီး

“ ဘယ်လိုရင်းနှီးကြမှာလဲ ”



www.burmeseclassic.com

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

" ကံကြမ္မာကို ကျုပ် ဘယ်လိုလုပ်ပြီး ကြိုတင်သိနေမှာလဲ၊ ဒါနဲ့ အညာသားလူကြီးကို ခင်ဗျား ဘာဖြစ်လို့ လက်ထပ်ခဲ့တာလဲ "

ဟု မေးမြန်းလေ၏။ ဘိုးစိန်၏အမေးကြောင့် မသက်ရှိ၏ မျက်နှာ တင်းမာသွားပြီး

" ကျွန်မက သူ့ကို နှစ်ကိုယ်တူမေတ္တာမျှပြီး လက်ထပ်ခဲ့တယ်လို့ ထင်နေသလား၊ သူဟာ ကျွန်မကို မတရားနည်းနဲ့ သိမ်းပိုက်ခဲ့တာရှင့်၊ ကျွန်မအဖေ ဖဲသမားကြီး လို့သမျှပိုက်ဆံတွေကို ထောက်ပံ့ပေးတယ်၊ နောက်ဆုံး ကျွန်မအဖေ ဖဲဝိုင်းမှာ မားထိုးခံရတော့ ကျွန်မကို သိမ်းပိုက်ခဲ့တာပဲ "

ဟု ပြောလေ၏။ ဘိုးစိန်သည် မသက်ရှိ၏ ကရုဏာသက်ဖွယ်အဖြစ်ကြောင့် သက်ပြင်းချလိုက်ပြီး

" ခင်ဗျားမှာ အမေမရှိဘူးလား "

ဟု မေးမြန်းလေ၏။ မသက်ရှိက ခေါင်းခါ၍





" အမေမရှိဘူး၊ အဒေါ်တွေပဲ ရှိတယ်၊ ဒီလူကြီးက ကျွန်မအဒေါ်တွေကိုလည်း သူ့ဘက်ပါအောင် စည်းရုံးပြီး ရယူခဲ့တာရှင့်၊ ကျွန်မတို့အိမ်ထောင်သက် သုံးနှစ်ရှိပြီ၊ ဒါပေမဲ့ တစ်ရက်မှမပျော်ခဲ့ရပါဘူး "

ဟု ပြောလေ၏။

ထိုအခါ ဘိုးစိန်က သူမ၏မျက်ဝန်းအစုံကိုကြည့်၍

" အိမ်ထောင်သက်သုံးနှစ်အတွင်းမှာ ကိုမဲက ခင်ဗျားကို ပျော်အောင်မထားဘူးလား "

ဟု မေးမြန်းလိုက်၏။ သူမက နှုတ်ခမ်းကိုကိုက်၍

" သူ့မှာ နှလုံးသားမရှိဘူး၊ ချစ်ခြင်းမေတ္တာဆိုတာလည်း နားမလည်ဘူး၊ သူဟာ စက်ရုပ်တစ်ရုပ်ပဲ၊ သူ ကျွန်မကို အရုပ်တစ်ရုပ် ဝယ်သလို ဝယ်ယူခဲ့တာရှင့်၊ ကျွန်မက သူ့ရဲ့ အဖြည့်ခံတစ်ယောက်ပဲ၊ သူလိုချင်တဲ့အချိန်မှာ ကျွန်မက အဆင်သင့်ရှိနေဖို့အမိကပဲ၊ ကျွန်မအတွက် ဘယ်တော့မှမစဉ်းစားဘူး၊ သိပ်တစ်ကိုယ်ကောင်းဆန်တယ်၊ ကျွန်မဘဝမှာ အိမ်



www.burmeseclassic.com

www.burmeseclassic.com

ထောင်ရေး အရသာဆိုတာ ဘာမှန်းမသိဘူး၊ ကျွန်မကံကောင်းတာက သူနဲ့ ကလေးတစ်ယောက်မှမရဘူး ”

ဟု ပြောလေ၏။ ဘိုးစိန်သည် မသက်ရှိ၏လှပသော ခန္ဓာကိုယ်ကို မျက်လုံးဝေ့ကြည့်၍

“ အိမ်ထောင်ရေးအဆင်ပြေအောင် ခင်ဗျားဘက်က မကြိုးစားဘူးလား ”

ဟု မေးမြန်းလိုက်၏။ မသက်ရှိက ခေါင်းခါယမ်း၍

“ ကြိုးစားချင်စိတ်မရှိဘူး၊ ဘာမှထူးခြားလာမှာ မဟုတ်ဘူး ”

ဟု တီးတိုးပြောရင်း ဘိုးစိန့်အနီးမှ လှည့်ထွက်သွားလေ၏။

ဘိုးစိန်သည် သူမ၏ ကရုဏာသက်ဖွယ်ဘဝကို ကြားသိရပြီး ရင်ထဲတွင်တစ်မျိုးတစ်မည် ခံစားရလေ၏။

မသက်ရှိ၏ဘဝသည် သေဆုံးသွားသော မုဆိုးစိန်တိုး၏ မယား မိဆုံနှင့်တူသည်ဟု တွေးမိ၏။





ထိုနေ့ည ညစာစားသောအခါ မသက်ရှိ၏ ခရမ်းချဉ်သီး ငါးပိချက်လက်ရာ ကောင်းလွန်းသဖြင့် ဘိုးစိန်သည် ခေါင်းမဖော်တမ်း စားသောက်နေမိ၏။

ခရမ်းချဉ်သီး ငါးပိချက်ကို သခွားသီးစိတ်ကလေးများ ဘချွမ်းချွမ်းကိုက်ဝါး၍ စားရသည်မှာ ထမင်းစားမြိန်လှ၏။

ဘိုးစိန်၏ ခရမ်းချဉ်သီးငါးပိချက်ပန်းကန် တခဏချင်း ပြောင်သလင်းခါသွားသောအခါ အညာသားမောင်မဲသည် ဘိုးစိန်အတွက် ငါးပိချက်ထပ်ထည့်ပေးရန် မသက်ရှိကို ညွှန်

www.burmeseclassic.com



ကြားလိုက်၏။

ကိုမဲသည် ဘိုးစိန်ကို နိုင်းကောင်းသဖြင့် သူ၏ဆိုင်တွင် ပျော်နေစေချင်၏။ အခြားသော စားပွဲထိုးလူငယ်များကဲ့သို့ ကာလတိုလေးအတွင်း ဆိုင်မှ ထွက်ခွာမသွားစေလိုချေ။ ထို့ကြောင့် အညာသားကိုမဲက

" ဒီအရွယ်ကောင်လေးတွေဟာ အစားများများ စားနိုင်ကြတယ်၊ လောက်လောက်ငငကျွေးမှပေါ့ "

ဟု မိန်းမကို အပြစ်တင်လိုက်၏။ မသက်ရှိက မျက်နှာရှုံ့မဲ့၍

" ဒယ်အိုးထဲမှာ ငါးပိချက်တွေ ကျန်သေးတာပဲ၊ သူ့ဘာသာ စားချင်ရင် ထယူမှာပေါ့ "

ဟုစောဒကတက်လေ၏။ အညာသားကိုမဲက မသက်ရှိကို သဘောမကျဟန်ဖြင့်

" သူဟာ မင်းထည့်မပေးရင် ဘယ်လိုယူစားရဲမှာလဲ "

ဟု ပြောလေ၏။ ဘိုးစိန်က မိမိအတွက်နှင့် ရန်မဖြစ်





စေလိုသဖြင့်

" တော်ပါပြီ၊ ကျုပ် ဗိုက်ပြည့်နေပါပြီ "

ဟု ပြောလိုက်လေ၏။ ထိုအခါ မသက်ရှိက ထိုင်ရာမှ ဆောင့်ဆောင့်အောင့်အောင့်ထ၍ မီးဖိုဘက်သို့ ထွက်သွား၏။

မသက်ရှိ ထိုင်ရာမှထသွားသဖြင့် သူမ၏ဝတ်စားဆင်ယင်မှုကို မြင်တွေ့ရ၏။ သူမသည် မျက်နှာဖြူမများ ဝတ်လေ့ရှိသော ဂါဝန်တိုလေးကို ဝတ်ဆင်ထားပြီး လုံးဝန်းသော ပေါင်သားများကို အတိုင်းသား မြင်နေရ၏။

ထိုအခါမှပင် မသက်ရှိ အဘယ်ကြောင့် ထိုင်ရာမှထ၍ မီးဖိုထဲသို့ မသွားချင်ကြောင်း ဘိုးစိန် ရိပ်စားမိသွား၏။

ဂါဝန်တိုလေးအောက်မှ သူမ၏အတွင်းသားကို အတိုင်းသား မြင်နေရသည် မဟုတ်ပါလား။

အညာသား ကိုမဲကမူ ထိုအခြင်းအရာကို ရိပ်စားမိပုံမရဘဲ မီးဖြစ်သူကိုသာ ငါးပိချက် အတန်တန်ယူခိုင်းနေ၏။

မသက်ရှိ အနီးသို့ ငါးပိချက်ပန်းကန်လာချသောအခါ



www.burmeseclassic.com

www.burmeseclassic.com



သူမထံမှ သင်းပျံ့သော ကိုယ်သင်းရနံ့ကို ရရှိနေ၏။

ဘိုးစိန်သည် ခေါင်းကိုငုံ့ထားသဖြင့် ဂါဝန်အောက်မှ သူမ၏အလှအပများကို မြင်နေရ၏။

ဘိုးစိန်သည် ခရမ်းချဉ်သီး ငါးပိချက်ကို အာရုံထဲမှာ မရှိတော့ဘဲ လှပသောအရာများကိုသာ မြင်ယောင်နေ၏။

အညာသား ကိုမဲက ဘိုးစိန်၏ပခုံးကိုပုတ်၍

" စား ဘိုးစိန်၊ ငါ့မိန်းမရဲ့ ခရမ်းချဉ်သီးငါးပိချက်က သိပ်ကောင်းတယ် "

ဟု ပြောလေရာ ဘိုးစိန်သည် တို့ကနန်း ဆိတ်ကနန်း စားနေ၏။

မသက်ရီက ဘိုးစိန်စားသောက်နေပုံကိုကြည့်၍

" တကယ်တမ်းကျတော့ မစားနိုင်တော့ဘူး မဟုတ်လား၊ ဒါကြောင့် ကျွန်မက လိုသလောက်ပဲ ထည့်ပေးတာ"

ဟု ပြောလိုက်ရာ အညာသားကိုမဲက ဇနီးဖြစ်သူကို မျက်မှောင်ကြုတ်၍





" ဘာပဲဖြစ်ဖြစ် ပိုပိုသာသာလေးထည့်ပေးတော့ ဝဝလင်လင် စားရတာပေါ့ကွာ "

ဟု စောဒကတက်ပြန်၏။ မသက်ရီက အညာသားကို မျက်စောင်းထိုး၍

" ကျွန်မက မဝရေစာကျွေးနေလို့လား၊ ရှင်စကားပြောတာ ကြည့်ပြောပါ "

ဟု ပြောလိုက်ရာ အညာသားကိုမဲသည် ဇနီးဖြစ်သူကို စောဒကမတက်တော့ဘဲ ထမင်းဝိုင်းမှထ၍ အိမ်ပေါ်သို့ တက်သွားလေ၏။

ကိုမဲအိမ်ပေါ်သို့တက်သွားသောအခါ ဘိုးစိန်က ခေါင်းငုံ့၍ တို့ကနန်း ဆိတ်ကနန်း စားနေရာမှ

" ခင်ဗျား ဘာလို့ စားပွဲဝိုင်းက မသွားချင်တာ ကျုပ်သိပါတယ် "

ဟု ဆိုလိုက်ရာ မသက်ရီက မျက်စောင်းထိုး၍

" ရှင်က ဘာလို့ ဒီလောက်ပါးနပ်ပြီး ကျွန်မယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



က ထူထိုင်းနေတာလဲ ''

ဟု မကျေမနပ် ရေရွတ်လေ၏။

ထိုအချိန်၌ အညာသားကိုမဲသည် အပေါ်ထပ် ဝရန်တာ၌ မယ်ဒလင်ကို တဒေါင်ဒေါင်တီး၍ အသံသေး အသံကြောင်ကြီးဖြင့် မင်းသားကြီး စိန်ကတုံး၏ ပန်းသလား မေပျို သီချင်းကို သီဆိုနေလေ၏။

*ပန်းသလား မေပျို... နန်းရွှေကိုယ်....*

*ဘောခြေလယ် မောလေတယ် ချောမွေ့ရယ်...*

*တူစုံ မောင်နှံ့မယ်....*

မသက်ရှိက လင်တော်မောင်၏သီချင်းကို နားထောင်၍ နှာခေါင်းရှုံ့လိုက်ပြီး

'' ကျွန်မကတော့ တော်တော်ပန်းနေပြီ၊ တူစုံမောင်နှံ့မယ်လည်း မလုပ်ချင်တော့ပါဘူး ''

ဟု ညည်းညူလိုက်လေ၏။ စကားအဆုံး၌ သူတို့နှစ်ယောက် မျက်လုံးချင်း ဆုံမိကြ၏။





ဖိုးစိန်သည် ထိုနေ့ညဉ့်လည်း အိပ်မပျော်နိုင်ဘဲ တလူးလူး တလွန့်လွန့် ရှိနေ၏။

မျက်လုံးထဲတွင် ဂါဝန်ဝတ်ထားသော မသက်ရှိ၏အလှအပကိုသာ မြင်ယောင်နေ၏။ ထိုမိန်းမအပေါ် အဘယ်ကြောင့် လိုချင်တပ်မက်စိတ်များ တဖြည်းဖြည်း ကြီးလာသည် မသိ။

အိပ်မက်ထဲ၌ သူတို့နှစ်ယောက် မြင့်မားသောတောင်ကြီးကို စိတ်တူကိုယ်တူ တက်ကြ၏။ တောင်ပေါ်သို့ရောက်ကာနီးမှ အညာသားမောင်မဲပေါ်လာပြီး သူတို့ကို လိုက်လံဖမ်းဆီးလေ၏။

အိပ်မက်ထဲတွင် သူတို့နှစ်ယောက်စလုံး မောင်မဲကို မကြောက်ဘဲ တောင်ပေါ်ရောက်ရေးကိုသာ အဓိကထားပြီး ကြိုးစားတက်ကြ၏။

တောင်ပေါ်ရောက်တော့ နှစ်ယောက်စလုံး မောပန်းနွမ်းနယ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ စာပို့သမားရောက်လာသဖြင့် အညာသားမောင်မဲသည် စာကို ကမန်းကတန်း ဖွင့်၍ဖတ်ရှုပြီး ဝမ်းသာအားရဖြင့်

“ ငါတို့ဆိုင်မှာ ဖုန်းတပ်ခွင့်ရပြီ၊ အဝေးပြေးလမ်းပေါ်က ဆိုင်တွေအားလုံးထဲမှာ ‘ငါ့ဆိုင်က ရှားရှားပါးပါး ဖုန်းရတဲ့ဆိုင်ပဲ၊ ဒီအတွက် ကုန်လိုက်ရတဲ့ပိုက်ဆံတွေမနည်းဘူး၊





ဒါပေမဲ့ အကျိုးတော့ မယုတ်ပါဘူး၊ ငါ့ဆိုင်မှာဖုန်းတပ်နိုင်ပြီပဲ”

ဟု ရေရွတ်ကာ မြို့ထဲသို့သွားရန် ပြင်ဆင်လေ၏။

မြို့ထဲရှိ အရာရှိကြီးတစ်ဦးကိုခေါ်ကာ ခရိုင်မြို့ကြီးသို့ သွားရမည်ဆို၏။ အညာသား ကိုမဲက

“ ဒီနေ့တော့ တစ်နေ့ကုန်မယ် ထင်တယ်၊ မင်းတို့နှစ်ယောက်ပဲ ဆိုင်ကို ဂရုတစိုက်ရောင်းကွာ၊ ဖောက်သည်တွေ စိတ်ချမ်းသာပါစေ ”

ဟု မှာကြားပြီး အဝေးပြေးကားတစ်စီးကိုတား၍ ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အညာသားကိုမဲမရှိသော်လည်း သူတို့နှစ်ယောက်စလုံး ထမင်းဆိုင်ကို နိုင်နိုင်နင်းနင်း ရောင်းချနိုင်ခဲ့၏။

နေ့လယ်နှစ်နာရီခန့်ရှိသောအခါ မသက်ရီက

" ဗိုက်ဆာနေပြီ၊ ကျွန်မတို့ ထမင်းစားကြရအောင်၊ ကျွန်မ ရေချိုးလိုက်ဦးမယ်၊ ဆိုင်တံခါးကို စေ့ထားလိုက်ပါ"

ဟုဆိုကာရေချိုးရန်အိမ်အောက်ထပ်သို့ ဝင်သွားလေ၏။

ဘိုးစိန်သည် ဆိုင်တံခါးကို ချက်ထိုး၍ ဟင်းချိုအိုးကို မီးထိုးပေးလေ၏။





ခဏအကြာတွင် ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ တိုနံ့နံ့ဂါဝန်ဝတ်၍ အပေါ်ထပ်မှဆင်းလာသော မသက်ရီကို တွေ့လိုက်ရ၏။

သူမသည် လုံးဝန်းသော ပေါင်သားများနှင့် အလွန်လှပသော ခြေထောက်များကို ပိုင်ဆိုင်သူဖြစ်၏။

ဘိုးစိန်သည် သူမ၏ပေါင်တန်များမှ မျက်လုံးလွှဲ၍ ဟင်းချိုအိုးကို မီးထိုးနေမိ၏။ သူမသည် ဘိုးစိန်နှင့် အနီးဆုံး၌ရှိသော စားပွဲမှာဝင်ထိုင်လိုက်၏။

ထိုအခါ ခေါင်းငုံ့ထားသော ဘိုးစိန်သည် ဂါဝန်တိုနံ့နံ့နှင့် လှပသောခြေထောက်များကို မြင်နေရပြန်၏။

မသက်ရီသည် ခေါင်းငုံ့နေသော ဘိုးစိန်ကိုကြည့်၍

" ရှင် ဘာဖြစ်လို့ ခေါင်းကြီးငုံ့နေရတာလဲ "

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်သည် မသက်ရီ၏အမေးကြောင့် ဖြေဆိုရခက်ပြီး ဆွံ့အသွားလေ၏။

မသက်ရီက ဘိုးစိန်ကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်လို့ ခေါင်းငုံ့နေတာလဲ၊ ပြောလေ "

ဟု ထပ်မံမေးမြန်းလေ၏။

ဘိုးစိန်က အတန်တန်မေးမြန်းနေသော မသက်ရှိ၏ အမေးကို မဖြေတော့ဘဲ သူမ၏ဖွံ့ထွားသောကိုယ်ခန္ဓာအား ဆတ်ခနဲ ပွေ့၍ အနီးရှိစားပွဲပေါ်သို့ တင်လိုက်၏။

မသက်ရှိ ငြင်းဆန်ရန် အချိန်ပင် မရလိုက်ချေ။ ဘိုးစိန်က သူမ၏နှုတ်ခမ်းအစုံကို စုတ်နမ်းပြီး တိုနံ့နံ့ ဂါဝန်ကို ခန္ဓာကိုယ်မှ ဖယ်ရှားလိုက်၏။





ထိုနေ့တစ်နေ့လုံး သူတို့နှစ်ယောက် ထမင်းဆိုင်ကို မဖွင့်ဖြစ်ဘဲ ညနေစောင်း အညာသားကိုမဲ ပြန်လာကာနီးမှ ကိုယ်ရှိန်သတ်နိုင်ကြ၏။

အညာသားကိုမဲသည် ညမှောင်ရီသန်းစအချိန်မှ ပြန်သည် ရောက်ရှိလာ၏။

မကြာမီရက်ပိုင်းအတွင်း သူ၏ ညောင်နှစ်ပင်ထမင်းဆိုင် ၌ တယ်လီဖုန်းတပ်တော့မည်ဟု ဂုဏ်ယူစွာ ပြောလေ၏။

ထိုအခါမသက်ရှိသည် ခေါင်းကိုက်သည်ဆိုကာ အိပ်ခန်းထဲမှ မထွက်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ ဘိုးစိန်နှင့် မသက်ရှိသည် မီးဖိုချောင်ထဲ၌ တစ်ကြိမ်ပြန်တွေ့၏။

မသက်ရှိသည် ဘိုးစိန်အား မမြင်ဟန်ပြု၍ ထမင်းအိုးကို ယောက်မနှင့်မွှေနေလေ၏။ ဘိုးစိန်သည် မသက်ရှိ၏အမူအရာကိုကြည့်ပြီး နေမထိ ထိုင်မသာဖြစ်လာ၏။

ထို့ကြောင့် သူမ၏အနီးသို့တိုးကပ်၍ အနောက်မှ သိမ်းဖက်လိုက်၏။ မသက်ရှိက ရုန်းကန်၍

" ရှင် ကျွန်မအသားကို မထိနဲ့ "

ဟု ဆိုလိုက်ရာ ဘိုးစိန်သည် ပြောင်းလဲသွားသော မသက်ရှိကိုကြည့်၍

" ဘယ်လိုဖြစ်သွားတာလဲ "

ဟု မေးမြန်းလိုက်၏။ မသက်ရှိက သက်ပြင်းချ၍

" တကယ်တော့ ကျွန်မတို့ မှားသွားတာရှင့်၊ ဒါဟာ ဖောက်ပြန်တဲ့အပြုအမူပဲ၊ ကျွန်မတို့ ဒီအလုပ်မျိုးကို မလုပ်သင့်ဘူး၊ ရပ်တန်းက ရပ်ရမယ် "





ဟု ပြောလေ၏။

ဘိုးစိန်က မသက်ရှိ၏အပြောင်းအလဲ မြန်ဆန်မှုကြောင့် သက်ပြင်းချလိုက်ပြီး

" သေချာပြီလား "

ဟု မေးမြန်းလိုက်၏။ မသက်ရှိက ခေါင်းညိတ်၍

" သိပ်သေချာတာပေါ့ "

ဟု ပြောလေ၏။ ဘိုးစိန်က သက်ပြင်းချလိုက်ပြီး

" ကောင်းပြီလေ၊ ဒါဆိုရင်လည်း ကျုပ်တို့ ဆင်ခြင်ရမှာပေါ့ "

ဟု ပြောကာ ခြံရှေ့သို့ထွက်၍ အမှိုက်များ လှဲကျင်းနေလေ၏။

ဘိုးစိန်သည် မသက်ရှိ၏အပြောင်းအလဲမြန်သော စိတ်ခံစားချက်ကြောင့် အန္တရာယ်သည် လက်တစ်ကမ်း၌ရှိနေသည်ဟု မြင်မိ၏။

တစ်ခါတုန်းက မိမိကိုလုပ်ကြံရန်ကြိုးစားသော မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



စိန်တိုး၏ အပြုအမူကို ပြန်လည်မြင်ယောင်၏။

ထိုစဉ်က ကံကောင်းလွန်းသဖြင့် မှဆိုးစိန်တိုး၏သေနတ်ကျည်ဆန်မှ လွတ်ကင်းသွားခြင်းဖြစ်၏။

အညာသားမောင်မဲ၏ ငှက်ကြီးတောင်ဓားကိုလည်း သတိပြုရန် လို၏။

ထိုနေ့တစ်နေ့လုံး သူတို့နှစ်ယောက် မတွေ့ဖြစ်ကြချေ။ အဘယ်ကြောင့်ဆိုသော အညာသားမောင်မဲသည် ၄င်းဝယ်ယူထားသော ဂျစ်ကားအစုတ်ကြီးကို ဆေးသုတ်ရန်အတွက် သံချေးခွာနိုင်းထားသောကြောင့် ဖြစ်၏။

ထိုနေ့ည ညစာစားပိုင်းသို့ မသက်ရှိရောက်မလာဘဲ ခေါင်းကိုက်သည်ဆိုကာ အပေါ်ထပ်သို့တက်၍ အိပ်စက်နေလေ၏။

✤✤✤





မသက်ရှိသည်နောက်တစ်နေ့သို့ရောက်သောအခါ၌လည်းတတ်နိုင်သမျှ ဘိုးစိန်နှင့်မဆုံဖြစ်အောင် နေလေ၏။

ထိုနေ့နေ့လယ်၌ အညာသားကိုမဲတစ်ယောက် ကားစက်နှိုးရင်း လက်မောင်း၌ ပြင်းထန်သောဒဏ်ရာ ရရှိလိုက်၏။

ဖြစ်ပုံမှာ ကိုမဲသည် ကားစက်နှိုးရန် မောင်းတန်ကိုလှည့်လိုက်ရာ ရုတ်တရက်စက်နှိုးပြီး လက်ကိုရိုက်မိသွားခြင်းဖြစ်၏။

ကိုမဲသည် ၄င်း၏လက်ကို ပတ်တီးစီးလိုက်ပြီး ဘိုးစိန်



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်ကာ

" ဒီနေ့ညနေကစပြီး ဈေးကို ငါ့မိန်းမ သွားမှဖြစ်မယ်၊ မင်းက မြင်းလှည်းမောင်းပြီးပို့ပေးရမယ် "

ဟု ပြောလေ၏။

ဘိုးစိန်သည် မသက်ရှိနှင့်နှစ်ယောက်တည်း ဈေးဝယ်ထွက်ရမည်ဆိုသောအခါ ရင်ထဲ၌ လေးလံသွားလေ၏။

မသက်ရှိသည် မိမိကို ရှောင်ဖယ်နေသူ မဟုတ်ပါလား။

ထိုနေ့ညနေ ဈေးဝယ်ထွက်သောအခါ မသက်ရှိသည် တစ်လမ်းလုံး စကားတစ်ခွန်းမှမပြောဘဲ လိုက်ပါလာ၏။

ဈေးထဲတွင်လှည့်၍ ဈေးဝယ်သောအခါ၌လည်း တတ်နိုင်သမျှ ရှောင်ရှားပိတ်နေ၏။

ဘိုးစိန်သည် ဈေးဝယ်တောင်းကြီးကိုပိုက်၍ သူမ၏အနောက်မှ ကြိုးစားပြီး လိုက်ပါလာ၏။

အပြန်လမ်းတစ်နေရာသို့ရောက်သောအခါ မသက်ရှိက ရုတ်တရက် အမိန့်ပေးလိုက်၏။





" ဟိုးရှေ့ကအရိပ်မှာ မြင်းတွေကို ခဏအနားပေးလိုက်ပါ၊ အဲဒီမှာ မြက်ခင်းစိမ်းစိမ်းလေးတွေရှိတယ်၊ သူတို့ အစားစားလို့ရတာပေါ့ "

ဟု ပြောလေ၏။

ဘိုးစိန်သည် နေပျောက်မတိုးအောင် သစ်တောထူထပ်သော လမ်းကလေးထဲသို့ မြင်းလှည်းကို မောင်းဝင်ခဲ့၏။ ပြီးနောက် မြင်းများကို ခဏမျှ အနားပေးလိုက်၏။

မသက်ရှိသည် မြင်းလှည်းပေါ်မှဆင်း၍ သူ့အနီးသို့ လျှောက်လှမ်းလာ၏။ သူတို့နှစ်ယောက် အတန်ကြာအောင် မျက်လုံးချင်းဆုံမိကြ၏။

ထိုနေရာသည် လူသူကင်းရှင်းသောအရပ်ဖြစ်သဖြင့် ဘိုးစိန်၏ရင်ထဲတွင် လှုပ်ခါသွား၏။ မသက်ရှိ၏မျက်လုံးထဲတွင် ရုတ်တရက်ပြောင်းလဲသွားသော ခံစားမှုတစ်ခုကို မြင်တွေ့ရသလို ရှိ၏။

ဘိုးစိန်သည် သူမကို ရင်ခွင်ထဲဆွဲသွင်း၍ နမ်းရှုံ့လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူမသည် မငြင်းဆန်ဘဲ ငြိမ်သက်စွာနေလိုက်ပြီးမှ

"ကျွန်မ နောက်ဆုတ်ဖို့ကြိုးစားနေမိတယ်၊ ဒါပေမဲ့ရှေ့ဆက်ပြီးပဲ တိုးချင်နေမိတယ်၊ ကျွန်မ ဘယ်လိုလုပ်ရမှာလဲ"

ဟု တီးတိုးမေးမြန်းလေ၏။ ဘိုးစိန်သည် သူမ၏ နုအိသော ကိုယ်ခန္ဓာကို တင်းတင်းပွေ့ဖက်၍

"နောက်ဆုတ်လို့မရလည်း ရှေ့ဆက်ပြီး တိုးကြရံပေါ့"

ဟု ဆိုကာ ရှေ့ဆက်ပြီးတိုးရန် ပြင်လိုက်၏။ မသက်ရှိက ခွန်အားမဲ့စွာ ငြင်းဆို၍

"ဒီနေရာမှာမလုပ်ပါနဲ့၊ ငှက်ပစ်ထွက်လာတတ်တဲ့ ကလေးတွေ ရှိတယ်၊ သူတို့မြင်သွားလိမ့်မယ်၊ ကျွန်မတို့မှာ အချိန်တွေ အများကြီးရှိပါသေးတယ်"

ဟု ပြောလေ၏။

ထိုအခါ ဘိုးစိန်သည် သူမကို ကျူးလွန်ရန်မကြိုးစားတော့ဘဲ မြက်ခင်းစိမ်းစိမ်းပေါ်၌ အတူယှဉ်တွဲ၍ထိုင်ကြ၏။

သူတို့နှစ်ယောက်စလုံး စကားမပြောဖြစ်ဘဲ တစ်ဦးကို





တစ်ဦး စိုက်ကြည့်နေမိ၏။

အတန်ကြာသောအခါမှ မြင်းလှည်းပေါ်သို့တက်၍ ပြန်ခဲ့၏။ ဘိုးစိန်သည် ရင်ထဲတွင် ကြည်နူးချမ်းမြေ့နေသလို ခံစားရ၏။

သူမနှင့်ဆက်ဆံရေး မပြေလည်ခဲ့စဉ် မိမိ၏ရင်ထဲ၌ အဘယ်ကြောင့် မွန်းကျပ်နေသနည်း။

သူမကို တွယ်တာနေသည်လား မသိ။ ထိုအခါ ဘိုးစိန်၏ရင်ထဲတွင် မောကျသွားလေ၏။

သုံးရက်ခန့်အကြာတွင် အညာသားကိုမဲ၏လက်မောင်းမှ ဒဏ်ရာ သက်သာသွား၏။

ကိုမဲသည် ဒဏ်ရာသက်သာသည်နှင့် မြို့ထဲသို့ ကားပြင်ဆရာခေါ်ရန် ထွက်ခွာသွားလေ၏။

ကိုမဲ၏မြင်းလှည်း မြင်ကွင်းမှမပျောက်မီ မသက်ရှိသည် ဘိုးစိန်၏ရင်ခွင်ထဲသို့ တိုးဝင်လာပြီး

"ကျွန်မတို့ ဒီလိုနိုးကြောင်နိုးဝှက် မနေချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်ရာ ဘိုးစိန်က သူမကိုပွေ့ဖက်၍ နဖူးကို နမ်းလိုက်ပြီး

“ ကျုပ်လည်း အတူတူပါပဲ၊ မင်းကို ဒီလိုအမြဲပွေ့ဖက်ထားချင်နေတယ် ”

ဟု ပြောလေ၏။ မသက်ရှိက ဘိုးစိန်၏လက်မောင်းများကို ပွတ်သပ်၍

“ ရှင်နဲ့အတူ လူသိရှင်ကြားနေချင်တယ်၊ ရှင့်ကို ထမင်းဟင်းတွေ ချက်ပြုတ်ပေးချင်တယ်၊ ရှင့်ရဲ့ကလေးတွေကို ကျွန်မ မွေးပေးချင်တယ် ”

ဟု ဆိုလိုက်ရာ ဘိုးစိန်က မသက်ရှိကို ပြန်လည်ပွတ်သပ်၍

“ ကိုမဲအတွက် ကလေး ဘာလို့မမွေးပေးတာလဲ ”

ဟု ဆိုလိုက်ရာ မသက်ရှိက ခေါင်းခါ၍

“ သူနဲ့ ကလေးမမွေးချင်ဘူး၊ သူ့ကို ကျွန်မ မုန်းတယ် သူနဲ့နေရတာ ငြီးငွေ့နေပြီရှင့်၊ သူဟာ ကျွန်မကို ဘယ်တော့မှ





ချစ်ဘူး၊ ကြင်နာမှုလည်းမရှိဘူး၊ တစ်ကိုယ်ကောင်းသိပ်ဆန်တဲ့သူ၊ လောကကြီးမှာ သူ့အတွက် အလိုဆန္ဒပဲရှိတယ်၊ ကျွန်မအတွက် ဘယ်တော့မှထည့်မစဉ်းစားဘူး သူ ကျွန်မကို ကောင်းကောင်းမွန်မွန် ကျွေးမွေးထားပေမဲ့ ကျွန်မဘဝမှာ ပျော်စရာမရှိဘူး၊ ငြီးငွေ့စရာတွေပဲရှိတယ်၊ ရှင် ကျွန်မဘဝကို စာနာကြည့်ခမ်းပါ၊ ရှင့်မျက်လုံးထဲမှာ တောက်ပမှုတွေကို အမြဲမြင်နေရတယ်၊ ရင်ခုန်စိတ်လှုပ်ရှားမှုတွေကိုလည်း ကျွန်မ ခံစားသိနေတယ်၊ သူဟာ ရှင့်လောက် ကျွန်မကို ရင်ခုန်အောင်လုပ်မပေးနိုင်ဘူး၊ ရှင်နဲ့မတွေ့ရင် ကျွန်မဘဝက ရှင်လျက်နဲ့သေနေတဲ့သူ့လူဆ ဖြစ်နေမှာပဲ၊ သူက ကျွန်မကို အရုပ်တစ်ရုပ်လိုပဲ သဘောထားတယ် ”

ဟု ပြောလေရာ ဘိုးစိန်က သူမကို နမ်းရှုံ့၍

“ ကျုပ်ကတော့ မင်းနဲ့တွေ့တိုင်း ရင်ခုန်တယ်၊ မင်းနဲ့တွေ့ဖို့ အမြဲတမ်းတနေတယ် ”

ဟု ဆိုကာ ဆိုင်တံခါးကို ထ၍ပိတ်လိုက်၏။ တံခါးပိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသောအခါ သူမ၏ကိုယ်ခန္ဓာကို ချီမ၍ သူ၏အခန်းကျဉ်းလေးထဲသို့ ခေါ်ခဲ့၏။

သူတို့နှစ်ယောက် အခန်းထဲမှာ ခဏလေးသာနေလိုက်ပြီး ဆိုင်တံခါးကို ကမန်းကတန်း ပြန်ဖွင့်လိုက်ရ၏။

မကြာမီ အညာသားကိုမဲ ပြန်လည်ရောက်ရှိတော့မည် မဟုတ်ပါလား။ မသက်ရှိက ဘိုးစိန်၏ရင်ခွင်ထဲသို့ တိုးဝင်၍

" ကျွန်မတို့ဘဝက မလွတ်လပ်ပါလားနော် "

ဟု ဆိုကာ သက်ပြင်းရှည်ကြီးကို ချလေ၏။ ဘိုးစိန်က သူမကို တင်းတင်းပွေ့ဖက်၍

" ကျုပ်တို့ လွတ်လပ်အောင်ကြိုးစားကြည့်ရင် မရဘူးလား "

ဟု မေးမြန်းလေ၏။ မသက်ရှိက ခေါင်းခါယမ်း၍

" ကျွန်မ စဉ်းစားပြီးပါပြီ၊ ဒါပေမဲ့ မလွယ်ပါဘူး"

ဟု ပြောလေ၏။ ဘိုးစိန်က သူမကို ပွေ့ဖက်၍

" ဘာဖြစ်လို့မလွယ်ရမှာလဲ၊ ကျုပ်တို့နှစ်ယောက် ဒီက





ထွက်ပြေးကြမယ် "

ဟု ပြောလေ၏။ မသက်ရှိက သက်ပြင်းချ၍

" ကျွန်မတို့မှာ ပိုက်ဆံမှမရှိတာ၊ လူ့လောကမှာ ဘယ်လို ဆက်ပြီးရပ်တည်မှာလဲ၊ ရှင့် အလုပ်ကြမ်းတွေလုပ်ပြီး ကျွန်မကို ရှာကျွေးတာ ကျွန်မ မကြည့်ရက်ဘူး၊ ကျွန်မလည်း တစ်သက်မှာ တစ်ခါမှ ပိုက်ဆံရှာဖူးတာ မဟုတ်ဘူး "

ဟု ပြောလေ၏။

ဘိုးစိန်သည် ဘဝကိုရင်ဆိုင်ရာ၌ တုံးတိုက်တိုက် ကျားကိုက်ကိုက်သမား ဖြစ်၏။ မသက်ရှိကို တွေဝေနေသူဟု ယူဆမိ၏။

ထို့ကြောင့် သူမ၏ပခုံးကိုဖက်၍

" တကယ်တမ်းကျတော့ မင်းက သတ္တိမရှိပါဘူး "

ဟု ပြောလိုက်ရာ မသက်ရှိက၊

" ရှင်ပြောလည်း ခံရမှာပဲ၊ ကျွန်မတို့နှစ်ယောက် ဒုက္ခဖြစ်နေချိန်မှာ တစ်ဦးကိုတစ်ဦး ချစ်နေနိုင်မှာလားလို့ သံသယ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ရှင့် ”

ဟု ဆိုလိုက်၏။ ဘိုးစိန်က မသက်ရှိကို မကျေနပ်သလို ကြည့်၍

“ ဒါဆိုရင် ကျုပ်တို့က တစ်သက်လုံး ခိုးကြောင်ခိုးဝှက် နေသွားမှာလား ”

ဟု မေးမြန်းလိုက်၏။ ထိုအခါ မသက်ရှိက ခေါင်းခါယမ်း၍

“ မနေရပါဘူး၊ ကျွန်မတို့ ကြံရဖန်ရမှာပေါ့ ”

ဟု ပြောလိုက်ရာ ဖိုးစိန်က စိတ်ဝင်စားဟန်ဖြင့်ကြည့်၍

“ ဘယ်လိုကြံရဖန်ရမှာလဲ ”

ဟု မေးမြန်းလိုက်၏။

မသက်ရှိက မျက်လုံးများမှေးစင်း၍

“ ရှင့်ကိုပြောဖို့ နည်းနည်းစောသေးတယ် ”

ဟု ပြောလေ၏။ ဘိုးစိန်က သက်ပြင်းချ၍

“ ဒါဆိုရင် ဘယ်တော့ပြောမှာလဲ ”





ဟု မေးမြန်းလိုက်၏။ မသက်ရှိက ရင်ခွင်ထဲသို့ ခေါင်းကိုဝင်၍

“ ရှင် ကျွန်မကို တကယ်ချစ်တယ်ဆိုတာ သေချာသိတဲ့နေ့ ပြောပြမယ် ”

ဟု ပြောလေ၏။

ဘိုးစိန်သည် မသက်ရှိကို စကားမတုံ့ပြန်တော့ဘဲ သူမကို ပြန်လည်ပွေ့ဖက်ထားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ဘိုးစိန်သည် ထမင်းဆိုင်၌ လူရှင်းနေသဖြင့် ရေချိုးရန် အိပ်ခန်းထဲသို့ ဝင်ခဲ့၏။

အိပ်ခန်းထဲသို့ရောက်သောအခါ သူ၏သားရေအိတ်ကို ဖွင့်ကြည့်လိုက်၏။ သားရေအိတ်ထဲမှာ ငွေအနည်းငယ်နှင့် ရုပ်လုံးသွင်းထားသော မြွေဟောက်တစ်ကောင်ရှိ၏။

ထိုအခိုက်မှာပင် အခန်းထဲသို့ မသက်ရီ ရုတ်တရက် ဝင်ရောက်လာပြီး ဘိုးစိန်ကို သိုင်းဖက်လိုက်၏။

ဘိုးစိန်က ရန်းကန်၍





" ကိုမ မြင်သွားဦးမယ် "

ဟု ပြောလိုက်ရာ မသက်ရီက ရယ်မော၍

" ဒီလူကြီးမရှိဘူး၊ ဂျစ်ကားစုတ်ကြီးကိုပြင်ဖို့ ထွက်သွားပြီ "

ဟု ဆိုကာ ဘိုးစိန်၏အိတ်ထဲသို့ အတင်းထိုးနှိုက်လေ၏။

ဘိုးစိန်က မသက်ရီကို လျှင်မြန်စွာဆွဲ၍

" မလုပ်နဲ့ "

ဟု အော်ဟစ်ကာ တားဆီးလိုက်၏။

သို့သော် မသက်ရီက ပိုမိုမြန်ဆန်စွာ အိတ်ထဲသို့နှိုက်ပြီး ရုပ်လုံးသွင်းထားသော မြွေဟောက်ကို ဆုပ်ကိုင်၍ ဆွဲထုတ်လိုက်၏။

မသက်ရီသည် သူမလက်ထဲသို့ပါလာသော မြွေဟောက်ကိုကြည့်၍ ယိုသံပါအောင်အော်ဟစ်ပြီး အလန့်တကြား လွှင့်ပစ်လိုက်၏။ ဘိုးစိန်က ကြောက်လန့်၍ ရူးမတတ်ဖြစ်နေသော မသက်ရီကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်စကားကိုနားမထောင်ဘဲ အိတ်ထဲကို အတင်းထိုး နှိုက်တာကိုး "

ဟု ဆိုလိုက်ရာ မသက်ရှိက အထိတ်တလန့်ဖြင့်

" မြွေ... မြွေ... "

ဟု အော်ဟစ်လေ၏။ ဘိုးစိန်က ရယ်မော၍

" ဒါ မြွေအစစ်မဟုတ်ပါဘူး၊ ရုပ်လုံးသွင်းထားတဲ့ မြွေရုပ်ကြီးပါ၊ ဟောဒီမှာကြည့် "

ဟု ဆိုကာ ကြမ်းပြင်ပေါ်သို့ကျနေသော ရုပ်လုံးသွင်း မြွေဟောက်ကြီးကို မသက်ရှိအား ကိုင်မြှောက်ပြလိုက်၏။

မသက်ရှိသည် မြွေကြီးကို အကြောက်မပြေနိုင်သေးဘဲ မဝံ့မရဲကြည့်ကာ

" ရှင် တော်တော်ဆိုးတဲ့လူ၊ ရုပ်လုံးသွင်းထားတဲ့မြွေကို ဘာဖြစ်လို့ အိတ်ထဲမှာထည့်ထားရတာလဲ၊ ဒီမြွေကြီးကို အိတ်ထဲမှာ ထည့်မထားပါနဲ့၊ အခုချက်ချင်း လွှင့်ပစ်လိုက်ပါ "

ဟု ပြောလေ၏။ ဘိုးစိန်က လေးနက်သော ဟန်ပန်ဖြင့်





" ဒါတော့မဖြစ်နိုင်ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အဖေက မြွေဆရာဗျ၊ ဒီမြွေရုပ်က ကျုပ်အဖေကိုယ်တိုင်လုပ်ထားတဲ့ အဖေ့ရဲ့တစ်ခုတည်းသော အမွေပစ္စည်းပဲ၊ ဒါကြောင့် ကျုပ်က မြတ်နိုးလွန်းလို့ ကိုယ်နဲ့မကွယ်ဆောင်ထားတာ "

ဟု ပြောလေရာ မသက်ရှိသည် ဘိုးစိန်ကို အတင်းအဓမ္မ မတိုက်တွန်းတော့ဘဲ မြွေကြီးကို မဝံ့မရဲကြည့်၍

" ဒါဆိုရင်လည်း ရှင့်မြွေကြီးကို အိတ်ထဲပြန်ထည့်ထားလိုက်ပါ၊ ကျွန်မ အသည်းတွေ အူတွေ တွန့်လွန်းလို့ပါ "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ဆိုင်တံခါးဝမှာ အညာသားကိုမဲ၏အသံကို ကြားရသဖြင့် မသက်ရှိသည် ဘိုးစိန်၏အခန်းထဲမှ ကမန်းကတန်း ထွက်လိုက်၏။

အညာသားကိုမဲက စက်ဆီများပေကျံနေပြီး

" ဘာဖြစ်တာလဲ၊ မသက်ရှိအော်သံ ကြားလိုက်လို့ ပြေးလာတာပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။ ထိုအခါ မသက်ရီက ထိတ်လန့်ဟန်ဖြင့်

" ခေါင်မိုးပေါ်က အိမ်မြှောင်ပြုတ်ကျပြီး ကျွန်မရဲ့ ကိုယ်ထဲကို ဝင်သွားလို့ပါ၊ ဒါကြောင့် လန့်ပြီးအော်လိုက်တာပါ "

ဟု ပြောလေ၏။ မသက်ရီ၏စကားကြောင့် အညာသားကိုမဲသည် သဘောကျဟန်ဖြင့် ရယ်မောပြီး ဂျစ်ကားစုတ်ကြီးရှိရာသို့ ပြန်လည်ထွက်ခွာသွားလေ၏။

ဘိုးစိန်က မသက်ရီကိုကြည့်၍

" ကျုပ်တို့ အနေအထိုင်ဆင်ခြင်မှဖြစ်မယ် "

ဟု တိုးတိုးပြောလိုက်လေ၏။

တစ်နေ့တွင် မသက်ရီသည် ဘိုးစိန်အားကြည့်၍

" ရှင် ကျွန်မကို တကယ်ချစ်တယ်လို့ ထင်တယ် "

ဟု ပြောလေရာ ဘိုးစိန်က သက်ပြင်းချ၍

" ဒီအချိန်ရောက်မှ ထင်တာလား "





ဟု ပြောလိုက်၏။ မသက်ရီက ဘိုးစိန်၏မျက်နှာကို စိုက်ကြည့်၍

" ရှင်နဲ့ကျွန်မ ပေါင်းသင်းဖို့အတွက် ဘာမဆိုလုပ်ဝံ့တဲ့ သတ္တိရှိသလား "

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်က မျက်မှောင်ကြုတ်၍ ပြုံးစားလိုက်ပြီး

" ရှိတယ်လို့ ထင်တာပဲ "

ဟု ပြောလိုက်၏။

မသက်ရီက ဘိုးစိန်ကို လေးနက်ဟန်ဖြင့်ကြည့်၍

" ကျွန်မတို့နှစ်ယောက် နီးရဖို့ဆိုရင် ရှင် သတ္တိရှိရမှာပေါ့၊ ရှင် ယောက်ျားမဟုတ်ဘူးလား "

ဟု မခံချင်အောင် ပြောဆိုလေရာ ဘိုးစိန်သည် မခံချိခံသာဖြစ်သွားပြီး

" ကျုပ်တို့ ဘယ်လိုလုပ်မှာလဲ "

ဟု မေးမြန်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မသက်ရီက တခဏမျှ ငြိမ်သက်နေပြီးမှ လေသံတိုးတိုး ဖြင့်

" ကျွန်မတို့ အညာသားကြီးကို ရှင်းပစ်မှဖြစ်မယ် သူ့ကို လူ့လောကမှာထားလို့ မဖြစ်တော့ဘူး "

ဟု ပြောလေ၏။ ဘိုးစိန်က မသက်ရီ၏စကားကြောင့် မျက်မှောင်ကြုတ်၍

" မင်းရဲ့အကြံအစည်က အန္တရာယ်သိပ်များတယ် ကျုပ်တော့ စိတ်မပါဘူး "

ဟု ပြောလိုက်၏။ မသက်ရီက ဘိုးစိန်ကိုဖက်၍

" ရှင် ကျွန်မကိုချစ်တယ်ဆို၊ အတူတူနေချင်တယ်ဆို စွန့်စားမှဖြစ်မှာပေါ့၊ ရယူချင်ရင် ပေးဆပ်မှုတစ်ခုတော့ လုပ် မှာပေါ့ "

ဟု ပြောလေ၏။ ဘိုးစိန်က သက်ပြင်းချ၍

" ကိုမဲဟာ လူရိုးလူဖြောင့်တစ်ယောက်ပါ၊ ကျုပ် အပေါ်မှာလည်း ရိုးသားမှုရှိပါတယ် "





ဟု ဆိုလိုက်ရာ မသက်ရီက မျက်နှာရှုံ့မဲ့၍

" ဘာ… သူက လူကောင်းဟုတ်လား၊ သူက လူ ကောင်းဆိုတော့ ကျွန်မက လူယုတ်မာလို့ ဆိုလိုချင်တာလား၊ ဒီလူကြီးကို ကျွန်မ မချစ်ဘဲပေါင်းသင်းနေရတာရှင့်၊ သူ့မှာ ည်းစိမ်အားလုံးကို ပိုင်ဆိုင်ထားတယ်၊ ကျွန်မမှာ ဘာအကျိုး ခံစားခွင့်မှမရှိဘူး၊ ကျွန်မတို့ အလုပ်ကြိုးစားလုပ်နေတာအားလုံး သူ့အတွက်ချည်းပဲ ဖြစ်နေတယ်၊ ဘာလဲ… ရှင်က တစ်သက် လုံး သူ့ရဲ့ အခိုင်းခံဘဝနဲ့ နေသွားမှာလား "

ဟု မေးမြန်းလိုက်၏။ မသက်ရီ၏စကားကြောင့် ဘိုးစိန် ၏ စိတ်ထဲတွင် ပူလောင်မှုဖြစ်သွားပြီး

" ကျုပ်တို့ ဘယ်လိုလုပ်မှာလဲ "

ဟု မေးမြန်းလိုက်၏။ မသက်ရီက လေသံတိုးတိုးဖြင့်

" ဒီကိစ္စဟာ ကျွန်မတို့ရဲ့အနာဂတ် မျှော်လင့်ချက်တစ်ခု ပဲ၊ ကျွန်မတို့ တစ်သက်လုံး ဆင်းဆင်းရဲရဲ နေထိုင်စရာ အကြောင်းမရှိတော့ဘူး၊ ကျွန်မရဲ့မိုက်မဲမှုတွေဟာ ရှင်နဲ့ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဘဝအတွက်ပဲ၊ ဒါကို ရှင်နားလည်ပါ ”

ဟု ပြောလေ၏။ ဘိုးစိန်သည် မသက်ရှိ၏စကား ကြောင့် အံကိုကြိတ်လိုက်ပြီး

“ ကောင်းပြီ၊ ကျုပ် ဘာလုပ်ရမှာလဲပြောစမ်း ”

ဟု မေးမြန်းလိုက်လေ၏။

မသက်ရှိက ဘိုးစိန်၏နားကိုကပ်၍ လေသံတိုးတိုးဖြင့် အတန်ကြာအောင် ပြောဆိုလိုက်၏။

ဘိုးစိန်သည် မသက်ရှိ၏စကားကိုကြားရသောအခါ မျက်လုံးပြူးသွားပြီး

“ မင်းက အားလုံးကို ကြိုတင်ကြံစည်ထားတာပဲ ”

ဟု ပြောလိုက်ရာ မသက်ရှိက ခေါင်းညိတ်၍

“ ဘာလဲ၊ ရှင် သတ္တိကြောင်သွားပြီ၊ ရှင်မလုပ်ဝံ့ဘူး ဆိုရင်လဲ ”

ဟု မခံချင်အောင် ဆွပေးလိုက်ရာ ဘိုးစိန်သည် အမှားအမှန်ကို ဝေဖန်ပိုင်းခြားခြင်းမရှိတော့ဘဲ အံကိုကြိတ်၍





“ ငါ ယောကျ်ားပါ၊ ဘာလို့မလုပ်ဝံ့ရမှာလဲ၊ စိန်လိုက် လေ ”

ဟု ပြန်လည်ပြောဆိုလိုက်လေ၏။ မသက်ရှိက ဘိုးစိန်ကို အားရဟန်ဖြင့်ကြည့်၍

“ ကျွန်မတို့နှစ်ယောက်ရဲ့ တစ်ဘဝစာအတွက် ဒီတစ်ခါပဲ စွန့်စားရမှာပါ၊ ကျွန်မတို့ ပြတ်ပြတ်သားသားလုပ်မှ ဖြစ်မယ် ရှင့်၊ တွေဝေနေလို့ မဖြစ်ဘူး၊ ကဲ… ကျွန်မတို့အတွက် ရက်ရာဇာရွေးပြီး စီစဉ်ကြတာပေါ့ ”

ဟု ပြောလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရက်အနည်းငယ်ကြာသောအခါ မသက်ရှိသည် ဘိုးစိန်၏ ပခုံးကိုဖက်၍

" ကျွန်မတော့ ဘယ်လိုမှ ဆက်ပြီးသည်းမခံနိုင်တော့ဘူး၊ ကျွန်မတို့ရဲ့စီမံကိန်းကို ဒီနေ့ညပဲ စကြမယ် "

ဟု ပြောလိုက်ရာ ဘိုးစိန်သည် ရင်ထဲတွင် တုန်လှုပ်သွားပြီး

" ဒီနေ့ည ဟုတ်လား "

ဟု ပြန်လည်မေးမြန်းလိုက်လေ၏။ မသက်ရှိက ခေါင်း





ညိတ်၍

" ဟုတ်တယ်၊ လွန်ခဲ့တဲ့ညက အိပ်ရာထဲမှာ ကျွန်မတို့ ရန်ဖြစ်ကြသေးတယ်၊ ဘာကြောင့်ရန်ဖြစ်သလဲဆိုတာ မမေးပါနဲ့တော့ရှင် "

ဟု ပြောလေ၏။

ဘိုးစိန်သည် လိုချင်တပ်မက်စိတ် ပြင်းပြနေသဖြင့် အမိုက်မှောင်ထဲသို့ တိုးဝင်ရန်သာ စဉ်းစား၏။

မှန်သည် မှားသည် ဝေဖန်ပိုင်းခြားခြင်းလည်း မရှိတော့ချေ။ ထို့ကြောင့် သက်ပြင်းချ၍

" ဒီနေ့ည ဘယ်အချိန်လုပ်မှာလဲ "

ဟု မေးမြန်းလိုက်၏။ မသက်ရှိက

" ကျွန်မတို့ အချိန်ကို ကြိုတင်တွက်ဆလို့မရဘူး၊ သူ ရေချိုးတဲ့အချိန် လုပ်ရမှာပဲ၊ ထုံးစံအတိုင်းတော့ သူဟာ ည (၇) နာရီလောက်ဆိုရင် ရေချိုးတာပဲ၊ ကျွန်မစိုးရိမ်တာက ဆိုင်မှာ ဧည့်သည်ရှိနေမှာပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဘိုးစိန်က မျက်မှောင်ကြုတ်၍

စဉ်းစားရင်း

" ဒီအတွက်မပူပါနဲ့၊ ဆိုင်မှာ ညဘက် ညှော်သည်ရောက်လေ့မရှိပါဘူး၊ ကျုပ်တို့မြို့ကို ညဘက်ဆိုရင် အဝေးပြေးကားတွေ ဖြတ်လေ့မှမရှိတာ၊ တစ်ခုပဲရှိတယ်၊ မြို့ထဲကလူတွေဆိုင်မှာလာပြီး သောက်စားတတ်တယ်၊ ဒါဆိုရင်တော့ ကျုပ်တို့အစီအစဉ်ပျက်ပြီ "

ဟု ပြောလေ၏။ မသက်ရီက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ဒါဆိုရင်တော့ ကျွန်မတို့အစီအစဉ်ကိုရက်ရွှေ့ဆိုင်းရမှာပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ မဖြစ်ဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်ထားတယ်၊ ရှင့်ကို ကျွန်မချစ်တယ်လောကမှာ ရှင်နဲ့အတူနေရဖို့ အရေးအကြီးဆုံးပဲ "

ဟု ပြောလေ၏။

မသက်ရီ၏စကားကြောင့် ဘိုးစိန်၏ရင်ထဲတွင် သာယာချမ်းမြေ့သွားပြီး ယနေ့ညအစီအစဉ်အတွက် ပိုမို၍ အားအင်





များ ရှိလာလေ၏။

ဘိုးစိန်၏ရင်ထဲတွင် ထိုနေ့တစ်နေ့လုံး အချိန်များတိုတောင်းလှသည် ထင်မိ၏။ မိမိတို့၏အကြံအစည်သည်အန္တရာယ်များလှပြီး စွန့်စားရသောကိစ္စဖြစ်၏။

အခန့်မသင့်လျှင် သူတို့နှစ်ယောက်စလုံး ကြိုးစင်တက်သွားရနိုင်၏။ မည်သို့ပင်ဖြစ်စေ သူမနှင့်အတူနေဖို့ စွန့်စားရတော့မည်ဟု ဆုံးဖြတ်ထား၏။

ညနေစောင်းသောအခါ သူတို့နှစ်ယောက်စလုံး စိတ်လှုပ်ရှားနေမိ၏။ မသက်ရီသည် တစ်နေ့လုံး စိတ်လှုပ်ရှားနေဟန်ရှိပြီး အိမ်မှုကိစ္စများကို အလွဲလွဲအချော်ချော် ပြုလုပ်နေ၏။

ထိုနေ့က ဆိုင်၌ ဧည့်သည်နည်းပါးပြီး သူတို့နှစ်ယောက်စလုံး အလုပ်ရှုပ်ခြင်းမရှိချေ။

အညာသားကိုမဲသည် ၄င်း၏တယ်လီဖုန်းကို အချိန်ပြည့်အဝတ်စဖြင့်သုတ်ပြီး တသသလုပ်နေ၏။

မိမိတို့၏အကြံအစည်ကို ရိပ်စားမိပုံမရချေ။ ညနေစောင်း



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကိုမဲသည် မြို့ထဲရှိ အသိမိတ်ဆွေများထံသို့ ဖုန်းဆက်ရင်း အချိန်ကုန်နေ၏။

မသက်ရီသည် မီးဖိုချောင်၌အိုးများကို ပြောင်သည်ထက် ပြောင်အောင် တိုက်ချွတ်နေ၏။

အညာသားကိုမဲသည် ညမှောင်ရီသန်းသည်အထိ ဖုန်းကို မရပ်မနားဆက်လိုက်ပြီး ဆိုင်ထဲသို့ မျက်လုံးဝေ့ကြည့်ကာ

" ဒီနေ့တော့ စည်သည်တော်တော်ပါးတယ်၊ စည်သည်ပါးတော့လည်း ငါတို့ အေးအေးဆေးဆေး နားရတာပေါ့ကွာ၊ ကိစ္စမရှိပါဘူး "

ဟု ပြောလိုက်ရာ ဘိုးစိန်သည် အညာသားကိုမဲ၏ မျက်နှာကိုအူကြောင်ကြောင်ဖြင့်ကြည့်၍ ခေါင်းညိတ်ပြလိုက်လေ၏။

ည (၇)နာရီထိုးသောအခါ အညာသားကိုမဲက ရှေးဟောင်းနာရီကြီးကို မော့ကြည့်၍

" ခုနစ်နာရီတောင်ထိုးသွားပြီ၊ ငါ အိမ်ပေါ်တက်ပြီး





ရေစိမ်လိုက်ဦးမယ်ဟေ့၊ နေ့လယ်က မှုစ်ချဉ်တွေစားတာ ကိုယ်ထဲမှာ ပူလိုက်တာ "

ဟု ပြောရင်း အိမ်အပေါ်ထပ်သို့ တက်သွားလေ၏။

ကိုမဲ အိမ်ပေါ်ထပ်သို့ရောက်သည်နှင့် မသက်ရီသည် မီးဖိုထဲမှထွက်လာပြီး

" ကျွန်မတို့အစီအစဉ်စတော့မယ်၊ ရှင် အသင့်ပြင်ထားပါ "

ဟု ပြောလေ၏။

သူမ၏လက်ထဲ၌ အဝတ်ပတ်ထားသော တုတ်တစ်ချောင်းပါရှိ၏။ ဘိုးစိန်က တုတ်ကိုယူ၍လက်ထဲတွင် ဆုပ်ကိုင်ကြည့်ပြီး

" ဒါဆိုရင် အတော်ပါပဲ "

မသက်ရီသည် တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးဟန်ဖြင့်

" မကြာမီ ကျွန်မ လုပ်ငန်းစတော့မယ်၊ ရှင် အပြင်ဘက်က လှေကားကိုပြင်ထားပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဘိုးစိန်က ခေါင်းညိတ်၍

" သတိထားပြီးလုပ်နော်၊ တစ်ခုခုလွဲချော်သွားရင် အားလုံးသွားပြီ "

ဟု ပြောလေ၏။

မသက်ရှိသည် အဝတ်ပတ်ထားသောတုတ်ကိုကိုင်၍ အိမ်ပေါ်ထပ်သို့ တက်သွားလေ၏။

မသက်ရှိ၏အစီအစဉ်မှာ အညာသားကိုမဲ ရေချိုးနေစဉ် ရေချိုးခန်းထဲသို့ တိတ်တဆိတ်ဝင်သွားပြီး အနောက်မှ တုတ်ဖြင့် ရိုက်ရန်ဖြစ်၏။

အညာသားကိုမဲသည် လွန်စွာရေကြိုက်သူဖြစ်ပြီး ရေချိုးခန်းထဲ၌ အုတ်ကန်ငယ်တစ်ခုပြုလုပ်ထား၏။

အညာသားကိုမဲသည် ပူအိုက်သောရာသီ၌ အုတ်ကန် ထဲသို့ဆင်း၍ ရေစိမ်နေတတ်၏။

မသက်ရှိသည် ရေစိမ်နေသော ကိုမဲကို အနောက်မှ တုတ်ဖြင့်ရိုက်၍ ရေကန်ထဲသို့ ခေါင်းနှစ်ပြီးအပြတ်ရှင်းရန်





ပြင်ဆင်ထား၏။

ဘိုးစိန်၏တာဝန်မှာ အိမ်အနောက်ရှိလှေကားကိုယူ၍ ရေချိုးခန်းပြတင်းပေါက်နံဘေး၌ အသင့်ထောင်ပေးရန် ဖြစ်၏။

မသက်ရှိသည် လင်ဖြစ်သူကို သတ်ဖြတ်ပြီးနောက် ရေပိုက်ခေါင်းကိုဖွင့်၍ ရေချိုးခန်းတံခါးကို အတွင်းမှချက်ချ ထားရန် ကြံစည်၏။

ပြီးနောက် ပြတင်းပေါက်မှတစ်ဆင့် လှေကားဖြင့် မြေပေါ်သို့ ဟန်မပျက်ဆင်းလာလိမ့်မည်။ သူတို့နှစ်ယောက် အလုံးစုံ ပြင်ဆင်ပြီးသောအခါမှပင် အိမ်နီးချင်း သို့မဟုတ် ပုလိပ်ဌာနသို့ အကြောင်းကြားပြီး ရေချိုးခန်းတံခါးကို ဖျက်ဝင် ရန် ကြံရွယ်ထား၏။

ပုလိပ်များရောက်လာပြီး ရေချိုးခန်းတံခါးကို ရိုက်ချိုး ကြည့်လျှင် အုတ်ကန်ထဲ၌ ခေါင်းငိုက်စိုက်ကျပြီး သေဆုံးနေ သော အညာသားကိုမဲကို တွေ့ရလိမ့်မည်။

မသက်ရှိသည် လူအများရှေ့၌ လင်ဖြစ်သူ၏အလောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ပွေ့ဖက်၍ ဖွဲ့ဖွဲ့နွဲ့နွဲ့ ငိုကြွေးရန်လည်း စီစဉ်ထား၏။

ပုလိပ်များအမြင်၌ အညာသားကိုမဲသည် ရေချိုးခန်းထဲ၌ ချော်လဲပြီး အုတ်ကန်ထဲ၌ ရေနစ်သေဆုံးနေသည်ဟု ယူဆပေလိမ့်မည်။ မသက်ရှိ အိမ်ပေါ်သို့တက်သွားလေပြီ။ မကြာမီ သူတို့အစီအစဉ် စတော့မည်။

ဘိုးစိန်သည် စိတ်လှုပ်ရှားစွာဖြင့် အိမ်နံဘေးသို့ပြေးထွက်ခဲ့ပြီး ဂိုဒေါင်ထဲ၌ရှိသော သစ်သားလှေကားကိုယူခဲ့၏။

ပြီးနောက် လှေကားအား ရေချိုးခန်းပြတင်းပေါက်အနီး၌ သေချာစွာထောင်လိုက်၏။

ထိုအခိုက်မှာပင် စက်ဘီးစီးလာသော ပုလိပ်တစ်ဦးသည် ဘိုးစိန်၏အပြုအမူကို မသင်္ကာဟန်ဖြင့်ကြည့်၍ စက်ဘီးကိုကွေ့ပြီး ပြန်လှည့်လာ၏။

ဘိုးစိန်သည် ပုလိပ်ကိုကြည့်၍ ရင်တထိတ်ထိတ်ခုန်နေပြီး

" ဘုရား… ဘုရား… ငါတို့အကြံအစည်တွေတော့





ရေစုန်မျောပြီ၊ လူသတ်မှုနဲ့ ကြိုးစင်တက်ရတော့မယ် "

ဟု တွေးကာ ခေါင်းနပန်းကြီးသွား၏။

မသက်ရှိသည် အညာသားကိုမဲကိုလှုပ်ကြံပြီး ပြတင်းပေါက်မှ ဆင်းလာလျှင် ပုလိပ်နှင့် ပက်ပင်းတိုးတော့မည်။

ဘိုးစိန်သည် ပုလိပ်ကိုကြည့်၍ တုန်လှုပ်ချောက်ချားပြီး မသက်ရှိ ဆင်းမလာပါစေနဲ့ဟု ဆုတောင်းနေမိ၏။

ပုလိပ်သည် ဘိုးစိန်အနီးသို့ရောက်သောအခါ

" မင်း ဘယ်သူလဲ၊ ဘာကြောင့် အိမ်နံရံမှာ လှေကားထောင်နေရတာလဲ "

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်သည် အတတ်နိုင်ဆုံးကြိုးစား၍ဟန်ဆောင်လိုက်ပြီး

" ကျုပ် ဒီဆိုင်က အလုပ်သမားပါ၊ ရေချိုးခန်းတံခါးပျက်နေလို့ တက်ပြီးပြင်မလို့ပါ "

ဟု ပြောလိုက်ရာ ပုလိပ်က ခေါင်းညိတ်၍

" ဪ… တံခါးပြင်မလို့လား၊ မင်းရဲ့ဆိုင်ရှင် ကိုမဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိသလား ”

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်၏ရင်ထဲတွင် လှုပ်ခါသွားပြီး

“ ရှိပါတယ်၊ ကိုမဲတို့လင်မယားနှစ်ယောက်စလုံး ရှိတယ်၊ ကိုမဲက ရေချိုးခန်းထဲမှာ ရေချိုးနေတယ်၊ ကျွန်တော် ခေါ်ပေးရမလား ”

ဟု မေးမြန်းလိုက်၏။ ထိုအခါ ပုလိပ်က လက်ကာပြ၍

“ ခေါ်ပေးစရာမလိုပါဘူးကွာ၊ ကိုမဲမေးရင် ပတ္တရောင်လှည့်တဲ့ပုလိပ် လာသွားတယ်ပြောလိုက်ပါ ”

ဟု ပြောရင်း ပုလိပ်သည် လှေကားရှိရာသို့ လက်ညှိုးထိုး၍

“ ဟား ဟား ဟား… ဟိုမှာ ထူးဆန်းလိုက်တာ၊ ကြောင်နက်ကြီး လှေကားပေါ်ကို ကုတ်ခြစ်ပြီးတက်သွားတယ်၊ လှေကားတက်သွားတာများလူကျနေတာပဲ၊ ငါသွားပြီကွာ ”

ဟု ပြောရင်း စက်ဘီးကိုနင်း၍ အိမ်အနီးမှ ထွက်သွား





လေ၏။

ဘိုးစိန်သည် မိမိတို့အကြံအစည်များ ရေစုန်မျောသွားပြီဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

မိမိရေချိုးခန်းပြတင်းပေါက်မှာ လှေကားထောင်နေကြောင်း ပုလိပ်မြင်တွေ့သွားသဖြင့် ကိုမဲအသတ်ခံရလျှင် ဘရားခံ မည်သူမည်ဝါဖြစ်ကြောင်း ရိပ်စားမိသွားနိုင်၏။

မသက်ရှိ ကိုမဲကိုလုပ်ကြံရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် မသက်ရှိကို အမြန်တားဆီးရန် ဆုံးဖြတ်လိုက်၏။

ထိုအခိုက်မှာပင် လွန်စွာကျယ်လောင်သော ပေါက်ကွဲသံကြီး ကြားလိုက်ပြီး အိမ်အနောက်မှ မီးရှူးမီးပန်းများထွက်ကာ တစ်အိမ်လုံး အမှောင်ဖုံးသွားလေ၏။

အိမ်ထဲမှ ထိတ်လန့်တကြား အော်ဟစ်လိုက်ကာ မသက်ရှိ၏အသံကိုလည်း ကြားရ၏။

“ ကိုဘိုးစိန်… ကိုဘိုးစိန်… အမြန်လာပါဦး ”

ဘိုးစိန်သည် မသက်ရှိ၏အော်သံကြောင့် အိမ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ကမူးရှူးထိုး ပြေးဝင်သွား၏။

တစ်အိမ်လုံး အမှောင်ဖုံးနေသဖြင့် ဆိုင်ထဲရှိခုံများကို ဝင်တိုက်လိုက်မိ၏။ ဧည့်ခန်းထဲရှိ ပန်းအိုးတစ်လုံးကို ဝင်တိုက်လိုက်သဖြင့် ပန်းအိုးကွဲသံ ခွမ်းခနဲ ကြားလိုက်ရ၏။

ဘိုးစိန်သည် အမှောင်ထဲ၌ စမ်းတဝါးဝါးသွားရင်း ဘောင်းဘီအိတ်ထဲရှိ မီးခြစ်ကို ဒေါက်ခနဲခြစ်လိုက်၏။

ထိုအခိုက်မှာပင် လှေကားမှဆင်းလာသော မသက်ရှိနှင့် ထိပ်တိုက်တိုးလေ၏။ ဘိုးစိန်က မသက်ရှိကိုမြင်သောအခါ အလောတကြီး အမူအရာဖြင့်

" မင်းလုပ်ပြီးပြီလား၊ အညာသားအခြေအနေ ဘယ်လိုလဲ "

ဟု မေးမြန်းလိုက်၏။ မသက်ရှိက

" သူ့ကို ရေစိမ်ကန်ထဲမှာ တုတ်နဲ့ရိုက်ခဲ့ပြီးပြီ၊ ဒါပေမဲ့ တုတ်နဲ့ရိုက်ပြီးမှ မီးတွေဝုန်းခနဲပြတ်သွားတော့ ဒီလူ့ကို အုတ်ကန်ထဲကို နစ်မသတ်ရသေးဘူး၊ ဘာလို့မီးတွေပေါက်ကွဲထွက်





သလဲမသိဘူး "

ဟု ဆိုလိုက်ရာ ဘိုးစိန်က လက်ကာ၍

" တော်ပါသေးရဲ့၊ ဒါဆိုရင် ဆေးရုံကား မြန်မြန်ခေါ်မှ ဖြစ်မယ်၊ ကိုမဲကို ကျုပ်တို့သတ်လို့ မဖြစ်တော့ဘူး၊ ကျုပ်လှေကားထောင်နေတာကို ပတ္တာရောင်လှည့်တဲ့ ပုလိပ်မြင်တွေ့သွားလို့ မသက်ာပြီး မေးမြန်းတာခံနေရတယ်၊ ကျုပ်တို့လူသတ်မှုကျူးလွန်လိုက်ရင် လှေကားထောင်တဲ့ကိစ္စ တန်းပေါ်မှာပဲ "

ဟု ပြောလိုက်ရာ မသက်ရှိက စိတ်ပျက်လက်ပျက်ဖြင့်

" ဒါဆိုရင်တော့ သွားပါပြီရှင်၊ ကျွန်မတို့အကြံအစည်တွေ ရေစုန်မျောပါပြီ၊ ကျွန်မတို့ ဆရာဝန်ဆီကို ဖုန်းဆက်မှ ဖြစ်မယ် "

ဟု ပြောလေ၏။ ဘိုးစိန်က ခေါင်းညိတ်၍

" ကောင်းပြီ၊ ဒါဆိုရင် ဆရာဝန်ကြီးကို ဖုန်းအမြန်ဆက်လိုက် ကျုပ်အိမ်ပေါ်တက်ပြီး အညာသားရဲ့အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မယ်၊ သူ အုတ်ကန်ထဲကျနေရင် အမြန်ပြန်ဆယ်မှဖြစ်မယ် ''

ဟုဆိုကာ အိမ်ပေါ်ထပ်သို့ ပြေးတက်သွားလေ၏။

ထိုအခါ ရေချိုးခန်းအုတ်ကန်ပေါ်တွင် ကိုယ်တစ်ပိုင်းတင်၍ မှေ့မျောနေသော အညာသားကိုမဲကို တွေ့ရ၏။

ကိုမဲ၏ဦးခေါင်းထိပ်၌ တုတ်ဖြင့်ရိုက်ထားသောဒဏ်ရာကို တွေ့ရပြီး ဒဏ်ရာမှာ သွေးစို့ထွက်နေ၏။

ဘိုးစိန်သည် အညာသား၏ကိုယ်ခန္ဓာကြီးကို ရေချိုးကန်ထဲမှ မထုတ်၍ အိပ်ခန်းရှိရာသို့ ထမ်းခေါ်သွားလေ၏။

အိပ်ခန်းထဲရှိ ခုတင်ပေါ်သို့ အညာသားကိုမဲ၏ကိုယ်ခန္ဓာကြီးကို တင်လိုက်၏။

ထိုအခိုက်မှာပင် အိပ်ခန်းထဲသို့ မသက်ရီ အပြေးအလွှားရောက်ရှိလာပြီး

'' ဆေးရုံကို တယ်လီဖုန်းဆက်နိုင်းတာ အော်ပရေတာက ဆေးရုံကိုဆက်မပေးဘဲ ပုလိပ်ဌာနနဲ့ပဲ ဆက်ပေးလိုက်





တယ်၊ ပုလိပ်တွေရောက်လာမှ အညာသားကို ဆေးရုံတင်ရမှာပဲ ''

ဟု ရှင်းပြ၏။ ဘိုးစိန်က မသက်ရီကို သေချာစွာကြည့်၍

'' ကိုမဲကို တုတ်နဲ့ရိုက်လိုက်တာ ဒီလူကြီး မြင်သွားသေးသလား ''

ဟု မေမြန်းလေ၏။ မသက်ရီက မျက်မှောင်ကြုတ်

'' သူ့ရဲ့အနောက်က ရိုက်လိုက်တာပဲ၊ မမြင်ဘူးလို့ ဆင်တယ်၊ သူ့ကိုရိုက်လိုက်တာနဲ့ ဝုန်းခနဲပေါက်ကွဲသံကြီးကြားရပြီး မီးပြတ်သွားတာပဲ၊ မီးဘာဖြစ်လို့ ပြတ်သွားရတာလဲ ''

ဟု မေးမြန်းလေ၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

'' ကျုပ်လည်းမသိဘူး၊ ပေါက်ကွဲသံကြားရပြီး အိမ်အနောက်က မီးရှူးမီးပန်းတွေ ထွက်သွားတာပဲ ''

ဟု ပြောလေ၏။ မသက်ရီက အိပ်ရာပေါ်တွင် မှေ့မြောနေသော အညာသားကိုမဲကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" သူ အသက်ရှင်နေတုန်းပဲ၊ ဒီလူကြီး တစ်ခါတည်း သေသွားရင် ကောင်းမယ်နော် "

ဟု ပြောလေရာ ဘိုးစိန်က အထိတ်တလန့် အမူအရာဖြင့်

" အမလေး… အခုအချိန်မှာ သူသေလို့မဖြစ်ဘူး၊ သူသေရင် ကျုပ်တို့နှစ်ယောက်စလုံး ထောင်ထဲကို တန်းရောက်သွားမှာပဲ၊ ပုလိပ်က ကျုပ်လှေကားထောင်တာမြင်လို့ မသက်ာပြီးလာစစ်ဆေးသွားတယ်။ ကိုမဲသာ ရေချိုးခန်းထဲမှာ သေတယ်ဆိုရင် ကျုပ်တို့လက်ချက်ဆိုပြီး ပုလိပ်က ဆက်စပ် တွေးနိုင်တယ် "

ဟု ပြောလေ၏။ မသက်ရီက လင်ဖြစ်သူကိုကြည့်၍

" ဒီလူကြီး သတိပြန်ရလာပြီး သူ့ကို ကျွန်မ နောက်ကနေ တုတ်နဲ့ရိုက်တယ်လို့ ထွက်ဆိုရင် ဘယ်လိုလုပ်မှာလဲ "

ဟု မေးမြန်းလေ၏။ ဘိုးစိန်သည် ဖြေဆိုရခက်ပြီး ခဏမျှ ငြိမ်သက်နေပြီးမှ





" သူ့ကိုရိုက်တာ မသိနိုင်ပါဘူး၊ ကျုပ်တို့ လုပ်ကြံဇာတ်လမ်းတစ်ခုတော့ ဆင်ရမယ်၊ မသက်ရီ ရေချိုးခန်းထဲကို ဝင်တဲ့အချိန်မှာ ဝုန်းခနဲပေါက်ကွဲပြီး မီးတွေပြတ်သွားတယ်၊ မီးပြတ်သွားတဲ့အချိန်မှာ အညာသားကိုမဲဟာ ရေချိုးကန်ထဲမှာ ရုတ်တရက်ချော်လဲသွားတယ်ပေါ့၊ ဒီလိုချော်လဲသွားတာကို မသက်ရီကိုယ်တိုင် သေသေချာချာမြင်လိုက်တယ်လို့ ထွက်ဆိုရမယ်၊ ဒီအချိန်မှာ အညာသားကိုမဲပြောသမျှကို စိတ်ချောက်ချားပြီး ထင်ရာမြင်ရာ ပြောဆိုတယ်လို့ ထင်မှာပဲ "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ပုလိပ်အဖွဲ့၏ဂျစ်ကားသည် ထမင်းဆိုင်အရှေ့သို့ ရောက်လာ၏။ ဘိုးစိန်က မသက်ရီကိုကြည့်၍

" ပုလိပ်တွေရောက်လာပြီ၊ မင်း အကောင်းဆုံးသရုပ်ဆောင်ပေတော့ "

ဟု ပြောလိုက်လေ၏။ မသက်ရီသည် ဘိုးစိန်၏သတိပေးစကားကို နားထောင်၍ ဆိုင်၏အောက်ထပ်သို့ ကမူးရှူးထိုး



www.burmeseclassic.com

www.burmeseclassic.com



ပြေးဆင်းသွားလေ၏။

ပုလိပ်ကားပေါ်မှ ပုလိပ်သုံးဦးဆင်းလာ၏။

မသက်ရီက ယောကျ်ားအတွက် စိုးရိမ်သောဟန်ပန်ဖြင့်

" ကျွန်မ ဆေးရုံကိုဖုန်းဆက်တာ၊ ပုလိပ်တွေ ဘာဖြစ်လို့ရောက်လာသလဲ မသိဘူး၊ ကျွန်မယောကျ်ားမေ့လဲနေတယ်၊ ဆေးရုံကို မြန်မြန်ပို့မှဖြစ်မယ် "

ဟု ပြောလေရာ ဌာနအုပ်ဖြစ်သူက

" ကျုပ်တို့ကားနဲ့ ဆေးရုံပို့ပေးမှာပါ၊ ဒါနဲ့နေပါဦး၊ ခင်ဗျားယောကျ်ားက ဘာဖြစ်လို့ ရေချိုးခန်းထဲမှာ မေ့လဲသွားတာလဲ "

ဟု မေးမြန်းလေ၏။ မသက်ရီက ဌာနအုပ်၏မျက်နှာကိုကြည့်၍

" ရေချိုးခန်းထဲမှာ ကျွန်မယောကျ်ား ရေချိုးနေတုန်း ကျွန်မက မျက်နှာသုတ်ပဝါပေးမလို့ ဝင်သွားတယ်၊ ဒီအချိန်မှာ ပေါက်ကွဲသံကြားရပြီး မီးတွေ ရုတ်တရက်ပြတ်သွားတာပဲ၊





မီးပြတ်သွားလို့ ကျွန်မယောကျ်ားချော်လဲသွားတယ်၊ ကျွန်မလည်း စိုးရိမ်ပြီး ဆိုင်မှာအလုပ်လုပ်နေတဲ့ ဘိုးစိန်ကို အော်ခေါ်ရတယ်၊ ဘိုးစိန်က မီးအိမ်ထွန်းပြီး အိမ်ပေါ်ကိုတက်လာတော့ ကိုမဲကို ခေါ်လို့မရတော့ဘူး "

ဟု ပြောလေ၏။

ထိုအချိန်၌ ဘိုးစိန်သည် အိမ်ပေါ်သို့ တက်လာလေ၏။ ဌာနအုပ်သည် ဘိုးစိန်ကို မသက်ာဟန်ဖြင့်ကြည့်၍

" သူက ဒီဆိုင်ရဲ့စားပွဲထိုးလား၊ ရုပ်ကတော့ ဓာတ်ရှင်မင်းသားကိုက်ပဲ၊ ဆိုင်မှာအလုပ်လုပ်နေတာ ကြာပြီလား "

ဟု မေးမြန်းလေ၏။ မသက်ရီက ဘိုးစိန်ကိုကြည့်၍

" မကြာသေးပါဘူး၊ တစ်လလောက်ပဲ ရှိသေးတယ် "

ဟု ပြောလေ၏။ ထိုအခါ ပတ္တရောင်လှည့်လာသော ပုလိပ်သားသည် ဘိုးစိန်ကို မြင်တွေ့သွားပြီး

" ညဦးပိုင်းက သူ့ကို ဆိုင်ရှေ့မှာ လှေကားထောင်နေတာ မြင်လို့ ဝင်စစ်ဆေးခဲ့သေးတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဘိုးစိန်သည် စိတ်မလှုပ်ရှားအောင် အတတ်နိုင်ဆုံးထား၍

" သြော်… စောစောတုန်းကတွေ့တဲ့ဆရာလည်း ပါတာပဲ "

ဟုပြောလေ၏။ ထိုအခါ ဌာနအုပ်က ဘိုးစိန်ကို မသင်္ကာဟန်ဖြင့်ကြည့်၍

" မင်းက ဘာဖြစ်လို့ ရေချိုးခန်းနံရံမှာ လှေကားထောင်ရတာလဲ "

ဟု မေးမြန်းလေ၏။ ဘိုးစိန်က သက်ပြင်းချ၍

" ရေချိုးခန်းပြတင်းပေါက်ပျက်နေလို့ ပြင်မလို့ပါ "

ဟု ပြောလိုက်၏။ ဌာနအုပ်ကဆက်၍

" မီးတွေက ဘာဖြစ်လို့ မှောင်မဲသွားရတာလဲ "

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

" ကျုပ်မသိဘူး၊ တစ်အိမ်လုံး မီးရှူးမီးပန်းတွေထွက်သလို ဖြစ်သွားတာပဲ "





ဟု ပြောလေ၏။ မသက်ရှိသည် ဌာနအုပ်၏မေးမြန်းနေပုံကိုကြည့်၍

" ကျွန်မယောက်ျားကို ဆေးရုံမြန်မြန်ပို့ရအောင်၊ သူ့ကို ကျွန်မ သိပ်စိုးရိမ်နေပြီ "

ဟု ပြောလေ၏။

ဌာနအုပ်က ပုလိပ်သားနှစ်ယောက်ဘက်သို့လှည့်၍

" သူ့ကို ကားထဲကိုပွေ့ချီသွားလိုက်ပါ "

ဟု အမိန့်ပေးလေ၏။

ပုလိပ်သားနှစ်ယောက်သည် ကိုမဲကိုပွေ့ချီ၍ ခုတင်ပေါ်မှချရန်ပြင်၏။

ဘိုးစိန်က ၄င်းတို့နှင့်အတူ ဝိုင်းကူရန်ကြံ၏။ ဌာနအုပ်က လက်ကာပြ၍

" သူတို့နှစ်ယောက်တည်းရပါတယ်၊ ဒါနဲ့ မင်းက ဒီဇာတိမဟုတ်ဘူးနော်၊ ဘယ်အရပ်က လာတာလဲ၊ ထမင်းဆိုင်ရှင်မိသားစုနဲ့ ဆွေမျိုးတော်စပ်သလား "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းပြန်၏။

ဘိုးစိန်သည် မိမိကိုဌာနအုပ် သံသယဖြစ်နေမှန်း ရိပ်စားမိ၏။ ထို့ကြောင့် ရိုးသားသောအမူအရာဖြင့် သူ၏ဇာတိရပ်မြေ ကိုဖြေဆိုပြီး အညာသားမိသားစုနှင့် ဆွေမျိုးတော်စပ်ခြင်းမရှိကြောင်း ပြောလေ၏။

ထိုအခါ ဌာနအုပ်က ဘိုးစိန်ကိုမျက်မှောင်ကြုတ်ကြည့်၍

"မင်းမှာ အရင်ကပြစ်မှုကျူးလွန်းထားတာရှိသလား"

ဟု မေးမြန်းလေ၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

" ကျုပ်က ရွာမှာလည်း ရိုးရိုးသားသားပဲ နေပါတယ်၊ ဘာပြစ်မှုဟောင်းမှ ကျူးလွန်ခြင်းမရှိပါဘူး "

ဟု ပြောလိုက်၏။

မသက်ရှိသည် ဘိုးစိန်၏အမူအရာကို မသိမသာ အကဲခတ်နေလေ၏။ ထိုအခိုက်မှာပင် ပတ္တရောင်လှည့်သောပုလိပ်သည် အိမ်ပေါ်သို့ တဝုန်းဝုန်းပြေးတက်လာပြီး ဌာနအုပ်ကို ကြည့်ကာ





" အိမ်မှာ မီးတွေပျက်သွားတဲ့တရားခံကို ကျွန်တော်တွေ့ပြီ ဆရာ၊ ဒါဟာ ကြောင်တစ်ကောင်ကြောင့်ဖြစ်တာပဲ"

ဟု ပြောလိုက်ရာ သူတို့အားလုံး ပတ္တရောင်ပုလိပ်ကို နားမလည်ဟန်ဖြင့် ကြည့်ကြလေ၏။

ပုလိပ်က

" ဒီလိုပါ ဆရာ၊ ဖျူစ်သေတ္တာအောက်မှာ ကြောင်တစ်ကောင် ဓာတ်လိုက်ပြီးသေဆုံးနေတာတွေ့ရတယ်၊ အဲဒီကြောင်ကို ညနေတုန်းက ကျွန်တော်နဲ့ စားပွဲထိုးလူငယ် မြင်ခဲ့သေးတယ်၊ ကြောင်က နံရံမှာထောင်ထားတဲ့လှေကားကို တွယ်တက်နေတာ မြင်ခဲ့တယ်၊ တကယ်တော့ ကြောင်က လှေကားပေါ်ကတစ်ဆင့် ဖျူစ်သေတ္တာပေါ်လှမ်းအခုန်မှာ ဖျူစ်တွေပြတ်သွားပြီး ကြောင်လည်း ဓာတ်လိုက်သေသွားတာပဲ"

ဟု ပြောလေ၏။ ထိုအခါ မသက်ရှိက ဝင်ရောက်၍

" သြော်... ဒါကြောင့် ကျွန်မယောက်ျား ရေချိုးခန်းထဲမှာ ချော်လဲသွားတာကိုး၊ မီးတွေ ရုတ်တရက်ပြတ်ပြီး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်၊ နောက်တော့ ကျွန်မယောက်ျား မမြင်မကန်းနဲ့ ချော်လဲသွားတာပဲ၊ မီးတွေက လည်း တစ်အိမ်လုံးမှောင်မဲပြီး ဘာမှမမြင်ရတော့ ကျွန်မလည်း ကြောက်ကြောက်နဲ့ စားပွဲထိုး ဘိုးစိန်ကို လှမ်းခေါ်ရတယ်၊ ဘိုးစိန် မီးထွန်းပြီးတက်လာတော့မှ ကျွန်မယောက်ျားကို ခုတင်ပေါ် ပွေ့တင်ခဲ့တာပဲ ”

ဟု ပြောလေ၏။ ဌာနအုပ်သည် မသက်ရီ၏အဖြေကို နားထောင်၍ လက်ခံသွားဟန်ရှိပြီး

“ ဪ… ဒါဆိုရင်တော့ အဖြေကရှင်းသွားပါပြီ၊ ဒါဟာ ကြောင်တစ်ကောင်ကြောင့် မတော်တဆမှုဖြစ်ရတာပဲ၊ ကျုပ်တို့တာဝန်ကတော့ အမှုတစ်မှုဖြစ်ပြီဆိုရင် စစ်ဆေးရှမဲ့ ဝတ္တရားရှိတယ်လေ၊ ကဲ… ခင်ဗျားယောက်ျားကို ဆေးရုံပို့ရ အောင် ”

ဟု ဆိုကာ အိမ်အောက်သို့ ဆင်းသွားလေ၏။

မသက်ရီနှင့် ဘိုးစိန်သည် တစ်ယောက်မျက်နှာ တစ်





ယောက်ကြည့်၍ သက်ပြင်းရှည်ကြီးကို ချလိုက်လေ၏။

ဌာနအုပ်၏သံသယမှလွတ်ကင်းသွားသော်လည်း ဆေးရုံ၌ ကိုမဲသတိရလာလျှင် မည်သို့ထွက်ဆိုမည် မသိချေ။

ဆေးရုံသို့ရောက်သောအခါ တာဝန်ကျဆရာဝန်က

“ ဒဏ်ရာကြည့်ရတာ သိပ်ပြင်းထန်မယ် မထင်ပါဘူး၊ ဓာတ်မှန်ရိုက်ပြီးရင်တော့ အဖြေမှန်ပေါ်လာမှာပါ ”

ဟုပြောလေ၏။

မသက်ရီသည် လင်ဖြစ်သူ အတွက်စိုးရိမ်သောက ရောက်နေသော အမူအရာမျိုး သရုပ်ဆောင်နေလေ၏။

လူရှင်းသောအခါ ဘိုးစိန်၏အနီးသို့ကပ်၍

“ ကျွန်မရဲ့အမူအရာတွေ ပီပြင်ရဲ့လား ”

ဟုမေးမြန်းလေ၏။ ဘိုးစိန်က မသိမသာ ခေါင်းညိတ်၍

“ ပီပြင်ပါတယ်၊ ဒါပေမဲ့ သတိထားနော်၊ လူတိုင်းက ကျုပ်တို့ကို မသင်္ကာဖြစ်နေတယ် ”

ဟု သတိပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ အညာသားကိုမဲ သတိရလာ၏။ ကိုမဲသည် သတိရရချင်း မည်သည့်စကားကိုမျှမဆိုဘဲ ကြောင် အမ်းအမ်းကြည့်နေ၏။

မသက်ရှိက ကိုမဲ၏လက်မောင်းကို ကိုင်လှုပ်၍

" ရှင်သတိရလာပြီ၊ အိမ်မှာ ဘာဖြစ်တယ်ဆိုတာ ရှင် မမှတ်မိဘူးလား၊ မီးတွေပြတ်ပြီး ရှင်ရေချိုးခန်းထဲမှာ ချော်လဲ သွားတယ်လေ၊ ကျွန်မအနီးမှာရှိလို့ တော်သေးတာပေါ့၊ ဘိုးစိန် ကို ချက်ချင်းအော်ခေါ်ပြီး ခုတင်ပေါ်ကို ပွေ့တင်ရတယ်"

ဟု ပြောလိုက်ရာ အညာသားကိုမဲသည် 'မသက်ရှိကို စကားမပြန်ဘဲ ကြောင်ငေးငေးသား ကြည့်နေ၏။

ထိုအခါ သူနာပြုဆရာလေး အနီးသို့ရောက်လာပြီး

" သူ့ကို ခဏအနားပေးလိုက်ပါ၊ သတိရခြင်း စကား မပြောတာ ကောင်းမယ် "

ဟု ပြောလိုက်လေ၏။ မသက်ရှိနှင့် ဘိုးစိန်သည် ဆေးရုံ အောက်သို့ ဆင်းခဲ့၏။ ဆေးရုံရှေ့ရှိထိုင်ခုံ၌ထိုင်ရင်း မသက်ရှိ က

"ကိုမဲကြည့်ရတာ ဘာဖြစ်သလဲဆိုတာသတိရပုံ မပေါ ဘူး"

ဟု ပြောလေ၏။ ဘိုးစိန်က ခေါင်းညိတ်၍

" မနက်ဖြန် ဘာပြောမလဲဆိုတာ စောင့်ကြည့်ရမယ်၊ လောလောဆယ် ကျုပ်တို့ အိမ်ပြန်ရအောင်၊ လူတွေကြားထဲမှာ နေရတာပင်ပန်းလှပြီ "

ဟု ပြောလေ၏။ မသက်ရှိက ခေါင်းညိတ်၍

" ကျွန်မလည်း အိမ်ပြန်ချင်တယ်၊ သူနာပြုဆရာမကို မေးပြီးပြန်ရအောင် "

ဟု ပြောလေ၏။ ဘိုးစိန်တို့သည် အိမ်သို့ရောက်သော အခါ တစ်ဦးကိုတစ်ဦး အားရပါးရ ပွေ့ဖက်၍ မသက်ရှိက

" ဗြာနအုပ်က ရှင့်ကို မသက်ဖြစ်နေတယ်နော်၊ ကံ ကောင်းလို့ ကျွန်မတို့ကို ကြောင်ကယ်သွားတာ "

ဟု ပြောလေ၏။ ဘိုးစိန်က ခေါင်းညိတ်၍





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



“ ဟုတ်တယ်၊ ကြောင်သာမကယ်ရင် ကျုပ်ကို စစ်ဆေးမယ်ဆိုပြီး ဂါတ်ကိုခေါ်သွားနိုင်တယ် ”

ဟု ပြောလေရာ မသက်ရှိသည် ဘိုးစိန်ကို ခုတင်ပေါ်သို့ ဆွဲချ၍

“ကျွန်မ သိပ်ကြောက်သွားပြီ၊ နောက် ဒီလိုမလုပ်ရဲတော့ဘူး၊ အညာသားမသေတာ ကံကောင်းတယ်၊ ကျွန်မတို့ ကံကောင်းလို့ လွတ်မြောက်လာခဲ့တာ၊ အညာသားသေပြီး ကျွန်မတို့ကို ကြောင်ကလည်း မကယ်ဘူးဆိုရင် နှစ်ယောက်စလုံး ထောင်ထဲရောက်မှာပဲ ”

ဟု ပြောလေ၏။ ဘိုးစိန်က ခေါင်းညိတ်၍

“ကံဆိုးရင် ကြိုးစင်တက်ရနိုင်တယ်၊ အညာသား သေသွားရင် ပုလိပ်တွေက နံရံမှာထောင်ထားတဲ့လှေကားနဲ့ ဆက်စပ်တွေးမှာပဲ၊ ပုလိပ်ဆိုတာ အရာရာကို သံသယမျက်လုံးနဲ့ ကြည့်တတ်တဲ့လူတွေပဲလေ၊ ကျုပ်တို့ပြေးလို့လွတ်မှာမဟုတ်ဘူး”

ဟု ပြောလေ၏။ မသက်ရှိသည် ဘိုးစိန်၏ရင်ခွင်ထဲသို့





ခေါင်းကိုဝင်၍

“ ဒါတွေအားလုံးဟာ ကျွန်မအပြစ်ပါ၊ ရှင့်ကိုဖို့ လမ်းညွှန်ပေးတာ ကျွန်မပဲ၊ ကျွန်မစေခိုင်းလို့မဟုတ်လား၊ ရှင် ဒီလိုလုပ်ဖို့စိတ်မပါဘူးဆိုတာ ကျွန်မလည်း အထီးကျန်ဘဝက လွတ်မြောက်ချင်လို့ရတာပါ၊ ဒီလူကြီးနဲ့ပေါင်းသင်းနေရတာ ခြောက်တယ်၊ ရင်ခုန်လှိုက်မောမှုလည်းမရှိဘူး၊ ဒီလူကြီးက ကောင်းသမားကြီးရှင့်၊ သူမသေဘူးဆိုရင် ကျွန်မညိုလာသဖြင့် ဆက်ပြီး သူ့ရဲ့ဝဋ်တွေခံနေရဦးမှာပဲ၊ ကျွန်မမှာ သူ့ရဲ့ရှိရာသို့ ပြေးလို့ထင်တယ် ”

ဟု ပြောလေ၏။ ဘိုးစိန်က မသက်ရှိကို နမ်းရှုံ့လိုက်ပြီးတ်

“ အခွင့်အရေးတစ်ခုတော့ ပေါ်လာဦးမှာပါ၊ ရှေ့ဆက်ပြီး ကျုပ်တို့ သတိနဲ့နေကြမယ်၊ ဒီတစ်ခါတော့ ကျုပ်ရဲ့အကြံအစည်နဲ့လုပ်မယ်၊ ကျုပ်လည်း ခိုးကြောင်ခိုးဝှက် မနေချင်ပါဘူး ”

ဟု ပြောလေရာ မသက်ရှိသည် ဘိုးစိန်၏မျက်လုံးကို



www.burmeseclassic.com

ပိတ်၍

ဆေးမယ် ကျွန်မတို့ အိပ်ကြရအောင်၊ အခုလို လွတ်လွတ်လပ်

ဟု အချိန်မှာ စိတ်ညစ်စရာတွေ မပြောချင်တော့ဘူး၊

သို့ ဆွဲချကျွန်မတို့နှစ်ယောက် ပထမဆုံး လွတ်လွတ်လပ်လပ်

"ဒဲနော်"

တော့ဘူး၊ ဆိုလိုက်ရာ ဘိုးစိန်က နှစ်ယောက်အိပ်မွေ့ယာကြီး

ကံကောင်း၍ ပုတ်၍

ကျွန်မတို့ရှုတ်တယ်၊ ဒီလောက်ကောင်းတဲ့စည်းစိမ် ဘယ်မှာ

စလုံး ထေ

ဟုဆိုလိုက်ပြီး ဖယောင်းတိုင်မီးကို မှုတ်လိုက်လေ၏။





ထိုနေ့နံနက် တယ်လီဖုန်းသံ ဆူညံစွာ မြည်လာသဖြင့် မသက်ရှိသည် ခုတင်ပေါ်မှခုန်ထပြီး တယ်လီဖုန်းရှိရာသို့ ပြေးလေ၏။

ခဏအကြာတွင် ခုတင်ဆီသို့ ပြန်ရောက်လာပြီး စိတ်လှုပ်ရှားသော အမူအရာဖြင့်

"အညာသားကြီးရဲ့ခေါင်းနဲ့ ကွဲသွားတယ်တဲ့၊ ပျော်စရာကြီး၊ ဒီလူကြီး ဆေးရုံမှာ တစ်ပတ်လောက်တော့ နေရဦးမယ်၊ ကျွန်မတို့ (၇)ရက်လောက် လွတ်လွတ်လပ်လပ် နေရဦးမယ်"

www.burmeseclassic.com



ဟု ပြောဆိုလိုက်ရာ ဘိုးစိန်က မသက်ရှိ၏ခါးကိုပွေ့ဖက်၍ ခုတင်ပေါ်သို့ ဆွဲတင်လိုက်ပြီး

"မင်းရဲ့လက်စလက်န သိပ်ကောင်းတဲ့အတွက် ဂုဏ်ပြုရမယ်"

ဟု ဆိုလေ၏။ မသက်ရှိက နိုးနိုးခစ်ခစ် ရယ်မော၍

"တော်ပါတော့၊ ကျွန်မရေချိုးချင်နေပြီ၊ ဆိုင်ဖွင့်ရဦးမယ်"

ဟု ဆိုကာ ခုတင်ပေါ်မှကုန်းထလေ၏။

ဘိုးစိန်က ရယ်မော၍ သူမကို ပြန်ဆွဲလိုက်သောအခါ ခုတင်ပေါ်သို့ ပက်လက်လန်၍ ပြန်ကျလေ၏။

အညာသားကိုမဲ ဆေးရုံတက်ရအချိန်များ၌ ဘိုးစိန်တို့နှစ်ယောက်အတွက် အလွန်ပျော်ရွှင်ဖွယ်ကောင်းသောနေ့များဖြစ်ခဲ့၏။

မသက်ရှိသည် နေ့လယ်၌ ဆေးရုံသို့ ဟန်မပျက်သွား၍ ကိုမဲကို ပြုစု၏။ ကျန်သောအချိန်များ၌ သူတို့နှစ်ယောက်စလုံ





လှတ်လပ်စွာ နေထိုင်ကြရ၏။

မသက်ရှိသည် ထမင်းဆိုင်ကို ဟန်မပျက် ဖွင့်လှစ်ထားလေ၏။ ၄င်းတို့ကံကောင်းချင်တော့ ဘုရားဖူးကားများ မပြတ်လင့်ဘဲ ရောက်လာသဖြင့် ထမင်းဆိုင်အတွက် ဝင်ငွေများစွာရလေ၏။

မသက်ရှိသည် အညာသားကိုမဲ ဆေးရုံကဆင်းလာပြီး ဝင်ငွေထွက်ငွေစာရင်းကို စစ်ဆေးမှာ စိုးရိမ်နေ၏။

တစ်နေ့တွင် ဘိုးစိန်သည် မသက်ရှိနှင့်အတူ ဆေးရုံသို့ လိုက်သွားပြီး ကိုမဲကို အားပေးစကားပြောလေ၏။

ကိုမဲသည် မသက်ရှိ၏ရက်စက်ကြမ်းကြုတ်မှုကိုမသိဘဲ ရေချိုးခန်းထဲ၌ ရုတ်တရက်ချော်လဲသည်ဟု ထင်နေ၏။

ထိုနေ့က ဆေးရုံမှပြန်လာပြီး မသက်ရှိက သူမ၏မွေးနေ့၌ မြို့ပြင်ရှိ ဆုတောင်းပြည့်ဘုရားသို့ သွားချင်သည် ဆို၏။ သူတို့နှစ်ယောက် ဘုရားမှာ နှစ်ကိုယ်ယှဉ်တွဲ၍ ဆုတောင်းကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မသက်ရီသည် ဘုရား၌ ရေ၊ မီးသက်စေ့ပူဇော်ပြီး ပြန်လာခဲ့လေ၏။ အပြန်လမ်းတွင် မသက်ရီက

" ရှင်နဲ့ကျွန်မ အမြန်ဆုံးနီးရပါစေလို့ ဆုတောင်းခဲ့တယ်၊ ရှင် ဘယ်လိုဆုတောင်းသလဲ "

ဟု မေးမြန်းလေ၏။ ဘိုးစိန်က သက်ပြင်းချ၍

" ကျုပ်ကတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိပါစေလို့ ဆုတောင်းခဲ့တယ်၊ မနက်ဖြန် ကိုမဲ အိမ်ပြန်ရောက်မယ်၊ ကျုပ်တို့နှစ်ယောက် စိတ်ချမ်းသာနိုင်ဦးမလား၊ သူ့ရှေ့မှာ ကျုပ်တို့နှစ်ယောက် ဟန်ဆောင်ပြီး နေပြရမယ်လေ၊ ဘယ်လောက်အနေရခက်လိမ့်မလဲ "

ဟု ဆိုလိုက်ရာ မသက်ရီ၏မျက်နှာ ညှိုးငယ်သွားပြီး

" ဟုတ်တယ်နော်၊ ကျွန်မတို့ ဘယ်လောက်ဟန်ဆောင်နိုင်မှာလဲ၊ တစ်နေ့ ကိုမဲရိပ်မိသွားမှာတောင် စိုးရိမ်ရတယ်၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင် "

ဟုမေးမြန်းလိုက်၏။ ဘိုးစိန်ကမသက်ရီ၏ လက်မောင်းကို တင်းတင်းဆုပ်ကိုင်၍

" မင်းနဲ့အတူနေရတာကို ကျုပ်ပျော်တယ်၊ မင်းမရှိရင် ကျုပ် နေလို့ရမှာမဟုတ်ဘူး "

ဟု ဆိုလိုက်ရာ မသက်ရီက ဘိုးစိန်ကို ပြန်ကြည့်၍

"ကျွန်မလည်း ဒီလိုပါပဲရှင်၊ ကိုမဲနဲ့နေရတာ မပျော်ဘူး"

ဟု ပြောလေ၏။ ဘိုးစိန်က မသက်ရီကိုကြည့်၍ တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ပြီး

" ကျုပ်တို့နှစ်ယောက် ဒီမြို့ကထွက်ပြေးရင်ကောင်းမယ်၊ အညာသားလက်ကလွတ်ရင် မင်းလည်း ပျော်ရွှင်ရမှာပေါ့ "

ဟု ပြောလေ၏။

မသက်ရီသည် ဘိုးစိန်၏ မထင်မှတ်သောစကားကြောင့် အံ့သြဟန်ဖြင့်ကြည့်၍

" ရှင့်စကားက အံ့သြစရာကောင်းလိုက်တာ၊ ကျွန်မ စဉ်းစားပါမယ် "







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဘိုးစိန်က မသက်ရှိကိုကြည့်၍

" မင်းစဉ်းစားချိန် တစ်ညပဲရမယ်၊ ဘာကြောင့်လဲဆို တော့ မနက်ဖြန်နံနက် အကောင်အထည်ဖော်ရမှာမို့ပဲ "

ဟု ပြောလေရာ မသက်ရှိသည် မျက်လုံးပြူးသွားပြီး

" မနက်ဖြန်နံနက် ဟုတ်လား "

ဟု ရေရွတ်လိုက်လေ၏။ ထိုညက သူတို့နှစ်ယောက် စလုံး တစ်ဦးနှင့်တစ်ဦး ချစ်တင်းနှီးနှောခြင်းမရှိဘဲ ခုတင်ပေါ် တွင်လှဲ၍ ခေါင်မိုးကိုသာ မော့ကြည့်နေကြ၏။

မသက်ရှိသည် သက်ပြင်းမောများကို အခါခါချလေ၏။

ဘိုးစိန်သည် သူမနှင့်ထွက်ပြေးရန် မမျှော်လင့်ဘဲ အကြံ ရလိုက်ခြင်းဖြစ်၏။ သူတို့နှစ်ယောက် အညာသားမောင်မဲနှင့် ပေးရာသို့ထွက်သွားပြီး ဘဝသစ်ထူထောင်ရန် ကြံရွယ်ထား၏။

ဘဝသစ်သည်ခက်ခဲကြမ်းတမ်းမှာ သေချာ၏။ သို့သော် သူတို့နှစ်ယောက်စလုံး ရဲရဲဝံ့ဝံ့ရင်ဆိုင်သွားလျှင် အောင်မြင်နိုင်၏။





နောက်တစ်နေ့နံနက်သို့ရောက်သောအခါ မသက်ရှိက ဘိုးစိန်ကိုဖက်၍

"ကျွန်မတို့ပြေးကြမယ်၊ အထုပ်အပိုးတွေစီစဉ်ကြ ပေတော့"

ဟုပြောလေ၏။ ဘိုးစိန်က ပျော်ရွှင်စွာဖြင့် သူမကို ပွေ့ဖက်ပြီး

" အချိန်မရဘူးနော်၊ ဘာမှယူစရာမလိုဘူး၊ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစား နည်းနည်းဆိုရင်ရပြီ ”

ဟု ပြောလေရာ မသက်ရှိက မျက်မှောင်ကြုတ်၍

“ လက်ဝတ်လက်စားတွေ ယူမလာရဘူးလား ”

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

“ အန္တရာယ်များပါတယ်၊ ယူမလာပါနဲ့၊ ကျုပ်တို့နှစ်ယောက် ကိုယ့်လမ်းကိုယ်လျှောက်ကြရအောင် ”

ဟု ပြောလေ၏။

များမကြာမီ သူတို့နှစ်ယောက်စလုံး အထုပ်အပိုးကိုယ်စီဖြင့် လမ်းမပေါ်သို့ ရောက်ရှိသွားလေ၏။

ဘိုးစိန်သည် မြို့နှင့်ဝေးရာသို့ပြေးရန် ကားများကို တစ်စီးပြီးတစ်စီး တားလေ၏။ သို့သော် မည်သည့်ကားမှ သူတို့နှစ်ယောက်ကို ရပ်တန့်မပေးဘဲ မောင်းနှင်သွားကြ၏။ မသက်ရှိသည် အဝေးပြေးလမ်းမပေါ်၌ မျက်စိမျက်နှာပျက်စပြလာ၏။

သူမက မျက်နှာရှုံ့မဲ့၍





“ဘယ်လိုလုပ်ကြမလဲ၊ ကျွန်မတို့ကိုဘယ်ကားမှ ရပ်မပေးဘူး”

ဟု ပြောလေရာ ဘိုးစိန်က သက်ပြင်းချ၍

“ ခဏစောင့်ပါ၊ တစ်စီးစီးတော့ ရပ်ပေးမှာပေါ့၊ စိတ်ရှည်ရှည်ထားမှဖြစ်မယ် ”

ဟု နှစ်သိမ့်လေ၏။

မသက်ရှိသည် မည်သည့်စကားမျှပြန်မပြောဘဲ တိတ်ဆိတ်စွာနေပြီးတစ်စုံတစ်ခုကို စဉ်းစားနေပုံရ၏။

ခဏကြာလျှင် ဘိုးစိန်ဘက်သို့လှည့်၍

“ ကျွန်မ မဖြစ်နိုင်တော့ဘူး ထင်တယ်၊ အိမ်ကိုပြန်ကြရအောင် ”

ဟု ဆိုလိုက်ရာ ဘိုးစိန်သည် စိတ်အပြောင်းအလဲမြန်ဆန်သော မသက်ရှိကို အံ့ဩဟန်ဖြင့်ကြည့်၍

“ မင်း ဘယ်လိုပြောလိုက်တာလဲ၊ ကျုပ်ကိုမချစ်ဘူးလား၊ အတူတူနေချင်တယ်ဆို၊ ကျုပ်တို့နှစ်ယောက်ပေါင်းပြီး ဘဝတစ်ခုကို ရင်ဆိုင်ကြမယ်ဆို၊ မင်း ဘာလို့သတ္တိကြောင်



www.burmeseclassic.com

www.burmeseclassic.com



သွားတာလဲ ''

ဟု မေးမြန်းလိုက်လေ၏။ မသက်ရှိက ခေါင်းခါယမ်း၍

'' လမ်းပေါ်မှာ ကားကြုံစီးဖို့တားနေကတည်းက ကျွန်မ စဉ်းစားမိတယ်၊ ကျွန်မ ရှင့်လို ပေပေတေတေ မနေနိုင်ဘူး၊ ခြေသလုံးအိမ်တိုင်ဘဝနဲ့ လျှောက်မသွားချင်ဘူး၊ ကျွန်မ ဆင်းရဲမှာ ကြောက်တယ်၊ ကျွန်မတို့ ပင်ပင်ပန်းပန်း အလုပ်တွေလုပ်ကြရမယ်၊ ကျွန်မတို့ငယ်ငယ်က သိပ်ဆင်းရဲတယ်၊ ပိုက်ဆံမရှိလို့ နေ့တိုင်းစိတ်ဆင်းရဲခဲ့ရတယ်၊ ကျွန်မ အရင်လိုမနေနိုင်ဘူး၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ ဆိုင်ကိုပြန်တော့မယ် ''

မသက်ရှိသည် စကားဆုံးသည်နှင့် အိတ်ကိုဆွဲ၍ နောက်ကြောင်းပြန်လှည့်လေ၏။

ဘိုးစိန်က မသက်ရှိကို အားမလိုအားမရကြည့်၍

'' မသက်ရှိ... မသက်ရှိ... ခဏနေပါဦး၊ ကျုပ်ပြောတာ နားထောင်ပါဦး၊ ဒါ ကျုပ်တို့ရဲ့ တစ်ခုတည်းသော အခွင့်အရေးပဲ၊ လက်မလွှတ်ပါနဲ့ ''





ဟု အော်ဟစ်တားဆီးလေ၏။

မသက်ရှိက ဘိုးစိန်ကို လှည့်မကြည့်တော့ဘဲ တရွရွနှင့်ပင် ထိုနေရာမှ ထွက်ခွာသွားလေ၏။

ဘိုးစိန်က သူမ၏နောက်ကျောကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

'' မင်းဟာ အချစ်ကိုမယုံသလို ကိုယ့်ကိုယ်ကိုလည်း မယုံဘူး၊ တို့နှစ်ယောက်လေးတဲ့လမ်းကို မင်းရွေးချယ်လိုက်ပြီ၊ သွားပေဦးတော့ ''

ဟု ပြောရင်း သူ၏ရင်ထဲ၌ တစ်စုံတစ်ရာ လစ်ဟာသွားသလို ခံစားလိုက်ရလေ၏။

ဥစ္စာနေမရှိသော လူတစ်ယောက်၏နောက်ဆုံးရလဒ်ဟာ ဒါပါပဲဟု ရေရွတ်ပြီး ရင်ထဲတွင် နာကျင်လာ၏။

ထိုအခိုက်မှာပင် ကုန်ကားကြီးတစ်စီးသည် ဘိုးစိန့်မတားဘဲ ထိုးရပ်ကာ ဒရိုင်ဘာက ပြုံးရွှင်သောမျက်နှာဖြင့်

'' ဘယ်ကိုသွားမှာလဲ ငါ့ညီ ''



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစိန်သည် အထုပ်ကြီးကိုဆွဲ၍ ကားပေါ်သို့ ဗွေ့ခနဲ ခုန်တက်လိုက်လေ၏။ ပြီးနောက် ဒရိုင်ဘာဘက်သို့လှည့်၍

“ မောင်းချင်တဲ့နေရာမောင်းဗျာ၊ ငရဲပြည်ကလွဲရင် ဘယ်နေရာမဆိုလိုက်မယ် ”

ဟု ပြောဆိုလိုက်လေတော့၏။





ဘိုးစိန်သည် ကုန်ကားကြီးနှင့် ကားကြုံလိုက်ပြီး အနီးဆုံး မြို့တစ်မြို့သို့ရောက်သောအခါ ကားကြီး စက်ပျက်သွားလေ၏။

ဒရိုင်ဘာနှင့်စပယ်ရာသည် ကားကို ကြိုးစားပြင်ဆင်ကြလေ၏။ ဘိုးစိန်သည် ကားကြီးကိုကျောခိုင်း၍ မြို့ထဲတွင် လှည့်လည်သွားလာနေမိ၏။

ထိုသို့လှည့်လည်ရင်း မြို့တစ်နေရာရှိ ဆံပင်ညှပ်ဆိုင်နှင့် တွဲထားသော ဘိလိယက်ခုံ၌ မြို့ခံလူငယ်များ စုဝေးနေကြ၏။

ဘိုးစိန်သည် ဘိလိယက်ဝါသနာအိုးဖြစ်သဖြင့် လူငယ်များရှိရာသို့ ဝင်ရောက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘိုးစိန်သည် ဘိလိယက်ခုံ၌ လူငယ်များနှင့် ခင်မင်သွားပြီး ထိုနေရာမှာပင် အိပ်စားပြီး နှစ်ရက် သုံးရက် ဆက်၍ ဘိလိယက်ကစားနေလေ၏။

ထိုသို့ကစားရာ၌ ပိုက်ဆံကြေးကစားကြသဖြင့် ဘိုးစိန်သည် လူငယ်များထံမှ ငွေတစ်ရာမျှ အနိုင်ရလိုက်လေ၏။

လူငယ်များသည် ဘိလိယက်ပညာကို ကျွမ်းကျင်ခြင်း မရှိကြချေ။ ဘိုးစိန်သည် ရွာမှနေထိုင်စဉ် ဘိလိယက်ချန်ပီယံ တစ်ဦးဖြစ်၏။

ဘိုးစိန်သည် လက်ထဲ၌ ငွေတစ်ရာမျှရလာသဖြင့် မြို့သို့ပြန်ပြီး စားဝတ်နေရေးအတွက် အလုပ်တစ်ခုလုပ်ရန် ဆုံးဖြတ်လိုက်၏။

ဘိုးစိန်သည် ကားကြုံစီး၍ ထိုမြို့မှထွက်ခွာရန်ပြင်စဉ် နေစဉ် သူ၏အနီးသို့ ဘတ်စ်ကားတစ်စီး ထိုးရပ်လာ၏။ ဘတ်စ်ကားပေါ်မှဆင်းလာသူသည် သူ၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး





" ဘယ်ကိုထွက်သွားတာလဲ ဘိုးစိန်၊ မင်းမရှိရင် ဆိုင်မှာ ဘယ်လောက်ဒုက္ခရောက်မယ်ဆိုတာ နားမလည်ဘူးလား "

ဟု ပြောလေ၏။

ထိုသူသည် အညာသားကိုမဲပင် ဖြစ်၏။ ဘိုးစိန်သည် အညာသားကိုမဲကို စိတ်ပျက်လက်ပျက်ကြည့်၍

" ကျုပ်က တစ်နေရာတည်းမှာ အကြာကြီးနေနိုင်တဲ့ လူမျိုး မဟုတ်ဘူးဗျ၊ ခင်ဗျားကိုပြောရမှာ အားနာလို့၊ ပြောရင်လည်း ခင်ဗျားက ခွင့်ပြုမှာမဟုတ်ဘူး "

ဟု ပြောလေ၏။ ထိုအခါ အညာသားကိုမဲက ခေါင်းခါယမ်း၍

" ဒီလိုမလုပ်ပါနဲ့ကွာ၊ ငါ့မိန်းမက မင်းထွက်ပြေးသွားပြီလို့ပြောတော့ ငါ တော်တော်စိတ်ဆိုးသွားတယ်၊ မင်းမှာ အလုပ်မရှိသေးရင် ဆိုင်ကိုလိုက်ခဲ့ပါ၊ ငါက တယ်လီဖုန်းကိစ္စနဲ့ ခရိုင်မြို့ကြီးက ပြန်လာတာကွ၊ မင်းပြန်လာရင် ငါ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တော့ အတော်အံ့ဩမှာပဲ ”

ဟု ပြောလေ၏။

ဆက်လက်၍ ကိုမဲက ဆေးရုံမှဆင်းသောနေ့တွင် မသက်ရီက ဘိုးစိန် ဆိုင်ကထွက်ပြေးသွားကြောင်းပြောဆိုသဖြင့်အလွန်စိတ်ပျက်သွားကြောင်း၊ သူ၏ဒဏ်ရာသည် ဆေးရုံမှ ဆင်းလာသော်လည်း အရှင်းမပျောက်သေးကြောင်း၊ ထို့ကြောင့် ဆိုင်၌ မသက်ရီတစ်ယောက်တည်း ပင်ပင်ပန်းပန်း အလုပ်လုပ်နေရကြောင်း ပြောဆိုပြီး ဘိုးစိန်ကို ဆိုင်သို့ ပြန်ခေါ်လေ၏။

အညာသားကိုမဲသည် ဘိုးစိန်ပြန်မလိုက်လျှင် မရရအောင်ဆွဲခေါ်မည့်အမူအရာမျိုး ဖြစ်နေ၏။ ဘိုးစိန်သည် ငြင်းဆန်ရန် မဖြစ်နိုင်တော့ဘဲ အညာသားကိုမဲ၏ ဆွဲဆောင်ရာသို့ ပါခဲ့ရ၏။

ဆိုင်သို့ရောက်သောအခါ ဆိုင်၌ ထမင်းစားသူအချို့ရှိပြီး မသက်ရီသည် မီးဖိုချောင်၌ရှိနေပုံရ၏။ အညာသားကိုမဲက





ဘိုးစိန်ဘက်သို့လှည့်၍

“ ကြည့်ပါဦးကွာ၊ ဆိုင်မှာလူမရှိတော့ ငါတို့လင်မယား နှစ်ယောက် ဘယ်လောက်ဒုက္ခရောက်နေသလဲဆိုတာ ”

ဟု ပြောလေ၏။

ဘိုးစိန်သည် အညာသားကိုမဲ၏ဆိုင်ကို မျက်လုံးဝေကြည့်လိုက်ရာ မိမိရှိစဉ်ကကဲ့သို့ သပ်ရပ်သန့်ရှင်းမှုမရှိကြောင်းတွေ့ရလေ၏။

အညာသားကိုမဲက မီးဖိုချောင်၌ အလုပ်ရှုပ်နေသော မသက်ရှီရှိရာသို့ လှမ်းမျှော်၍

“ မိန်းမရေ… ဒီမှာကြည့်ပါဦး၊ ဘယ်သူလဲလို့ ”

ဟု ဆိုလိုက်ရာ မသက်ရီသည် အဝတ်အစားကပိုကရိနှင့် ဆိုင်ရှေ့သို့ ထွက်ကြည့်လေ၏။

ဘိုးစိန်ကိုမြင်သောအခါ အံ့ဩဟန်ဖြင့် မျက်လုံးများပြူးဝိုင်းသွား၏။ ပြီးနောက် မသက်ရီက

“ ဟင်… ရှင်တို့ဘယ်လိုတွေ့လာရတာလဲ ”



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်၏။ အညာသားကိုမဲက ဂုဏ်ယူစွာဖြင့်

" အိမ်ပြေးကို မရရအောင် ဖမ်းလာတာပေါ့ကွာ၊ ကိုယ်မပိုင်ဘူးလား "

ဟု ပြောလိုက်၏။ မသက်ရီက ဘိုးစိန်ကိုကြည့်၍ နှာခေါင်းရှုံ့လိုက်ပြီး

" မပိုင်ပါဘူး၊ ကျွန်မသာဆိုရင် ကိုယ့်ဆီမှာမနေချင်လို့ ထွက်ပြေးတဲ့လူကို ပြန်မခေါ်တော့ဘူး၊ သူတောင်နေနိုင်သေးတာပဲ၊ ကျွန်မတို့က အနေသာကြီး "

ဟုဆိုလိုက်ရာ ဘိုးစိန်သည် မသက်ရီ၏စကားအဓိပ္ပာယ်ကို ရိပ်စားသလိုရှိသော်လည်း အညာသားကိုမဲသည် မိမိတို့၏ ပတ်သက်မှုကို ရိပ်စားမိသူမဟုတ်သဖြင့်

" ဘယ်လိုပြောလိုက်တာလဲ မိန်းမရယ်၊ လူဆိုတာ ဒီလိုပဲပေါ့၊ နေရာတစ်ခုမှာ အကြာကြီးနေပြီးရင် ငြီးငွေ့လာတာပဲ၊ ဒါဟာ သဘာဝပဲ၊ ကိုယ်တော့ ဘိုးစိန်ကို အပြစ်မတင်ဘူး၊ သူ့နေရာမှာ ကိုယ်ဆိုရင်လည်း ဒီလိုလုပ်မိရင် လုပ်မိမယ်၊





ကဲ… ဘိုးစိန်၊ ရေမိုးချိုးပြီး ခဏနားလိုက်ပါကွာ"

ဟု ပြောလိုက်၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

" မနားတော့ပါဘူးဗျာ၊ ဒိုင်မှာ ညှိသည်တွေရှိနေတာ ကျုပ်နားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ရေခဏတော့ချိုးလိုက်မယ်"

ဟု ပြောကာ ရေတိုင်ကီရှိရာသို့ သွားခဲ့၏။

ဘိုးစိန်သည် ရေချိုးရင်း မသက်ရီ၏အပြုအမူများကို စဉ်းစားနေမိ၏။ မသက်ရီ၏မျက်လုံးထဲ၌ ယခင်ကကဲ့သို့ ကရုဏာအရိပ်အငွေ့များ မတွေ့ရဘဲ စိမ်းကားသော အပြုအမူများကို မြင်တွေ့နေရ၏။

သူမ အဘယ်ကြောင့် မိမိအပေါ် စိတ်ပြောင်းသွားလေသနည်း။ မိမိနှင့် ချစ်သူရည်းစားကဲ့သို့ နေလိုသောဆန္ဒ မရှိခြင်းပေလော။

အညာသားကိုမဲရှေ့၌ ဟန်ဆောင်ခြင်းပေလော။

မသက်ရီသည် ထိုနေ့တစ်နေ့လုံး ဘိုးစိန်ကို လူစိမ်းတစ်ယောက်ကဲ့သို့ ဣန္ဒြေရရ ဆက်ဆံနေလေ၏။ ဘိုးစိန်သည်



www.burmeseclassic.com

www.burmeseclassic.com



သူမကိုကြည့်၍ရင်ထဲတွင် လစ်ဟာသလို ခံစားရလေ၏။

နောက်ရက်များ၌လည်း မသက်ရှိ၏ဆက်ဆံပုံသည် ပြောင်းလဲခြင်း မရှိခဲ့ချေ။ တစ်နေ့တွင် အညာသားကိုမဲ မြို့ထဲသို့ သွားနိုက်၌ ဘိုးစိန်က မသက်ရှိ၏လက်ကိုဆွဲ၍

" မင်း ဘယ်လိုဖြစ်နေတာလဲ၊ ကျုပ်အပေါ် စိတ်ပြောင်းသွားပြီလား "

ဟု မေးမြန်းလေ၏။

မသက်ရှိသည် ဘိုးစိန်၏မျက်လုံးများကို အတန်ကြာအောင်ကြည့်၍ စကားမတုံ့ပြန်ဘဲ နေလေ၏။

သူမ၏အမူအရာသည် တစ်စုံတစ်ခုကို ဝေခွဲမရဘဲ ချီတုံချတုံဖြစ်နေသော အမူအရာဖြစ်၏။

" ကျုပ်ကတော့ မင်းကို အချိန်တိုင်းသတိရတယ်၊ ဒီက ထွက်သွားပြီး မြို့တစ်မြို့က ဘိလိယက်ခုံမှာ ဝင်ကစားလို့ ငွေတွေအများကြီးနိုင်ခဲ့တယ်၊ အဲဒီငွေတွေနဲ့ မင်းဆီကို ပြန်လာခေါ်ပြီး ထွက်ပြေးဖို့တောင် ဆုံးဖြတ်ခဲ့သေးတယ် "





ဟု ပြောလေရာ မသက်ရှိက ဘိုးစိန်ကိုကြည့်၍ ခေါင်းခါယမ်းကာ

" မဖြစ်နိုင်တာတွေကို စိတ်ကူးမယဉ်ပါနဲ့တော့၊ ကျွန်မနဲ့ ရှင့်ရဲ့ပတ်သက်မှုကို အိပ်မက်တစ်ခုလိုပဲ သဘောထားလိုက်ပါတယ်၊ ရှင် ကျွန်မကို မနှောင့်ယှက်ပါနဲ့တော့ "

ဟုဆိုကာ ဘိုးစိန်၏အနီးမှ ထွက်ခွာသွားလေ၏။

ဘိုးစိန်သည် သူမ၏နောက်ကျောကိုကြည့်၍ ရင်ထဲ၌ နာကျင်လာ၏။ သူမနှင့်အတူ ချစ်တင်းနှီးနှောခဲ့ပုံများကို ပြန်လည်မြင်ယောင်လာ၏။

အချစ်ဆိုသောအရာသည် ဤမျှတိုတောင်းသော အချိန်အတိုင်းအတာအတွင်း ပြောင်းလဲမှုဖြစ်နိုင်ပါသလား။ မိမိနှင့် ကျွမ်းဝင်ခဲ့ခြင်းကို သူမအနေနှင့် နောင်တကြီးစွာရနေလေသလား။

ဘိုးစိန်သည် သူမနှင့်ပြန်လည်တွေ့ဆုံပြီး ချစ်သူဘဝကို စိတ်ကူးအယဉ်ကြီးယဉ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ထိုအရာများအားလုံး ရေစုန်မျောသကဲ့သို့ ဖြစ်သွားလေ၏။ ဘိုးစိန်သည် ဆိုင်သို့ပြန်လာခဲ့ ခြင်းကို နောင်တရသလို ဖြစ်သွားလေ၏။

ထိုနေ့ညသို့ရောက်သောအခါ အညာသားကိုမဲနှင့် မသက်ရှိတို့ တိုးတိုးတိတ်တိတ်ကိုတ်၍ရန်ဖြစ်သံကို ကြားရ၏။

သို့သော် ခဏကြာလျှင် မသက်ရှိ၏စကားသံသည် တဖြည်းဖြည်း ကျယ်လောင်လာ၏။ သူမ၏စကားသံကို အတိုင်းသားကြားရလေ၏။

မသက်ရှိသည် မိမိကို ဆိုင်တွင်ပြန်မထားချင်ကြောင်း အညာသားကိုမဲကို ပြောဆိုနေလေ၏။ အညာသားကိုမဲက လေသံတိုးတိုးဖြင့် မသက်ရှိကို ဖျောင်းဖျနေ၏။

မသက်ရှိသည် မိမိ၏မျက်နှာကို တွေ့ချင်မြင်ချင်ပုံ မရတော့ချေ။

ဘိုးစိန်သည် မသက်ရှိနှင့်ဝေးရာကို ထွက်ပြေးလိုစိတ်များ ဖြစ်ပေါ်လာ၏။ နောက်ဆုံး၌ အညာသားကိုမဲက လေသံ





မာမာဖြင့်

" တိတ်စမ်း... မင်း ငါ့ကိုဆရာမလုပ်နဲ့၊ ဒီလုပ်ငန်းကို မင်းထက် ငါပိုသိတယ် "

ဟု ပြောလေရာ မသက်ရှိက လေသံမာမာဖြင့်

" ကောင်းပြီ၊ ဒီကိစ္စက ရှင့်သဘောနဲ့ရှင် ဆုံးဖြတ်တာနော်၊ ဒီအကျိုးဆက်ကို ရှင်ခံရလိမ့်မယ် "

ဟု ပြောလေ၏။ ဘိုးစိန်သည် မသက်ရှိတို့လင်မယားရန်ဖြစ်သည့်အကြောင်းကို အတန်ကြာအောင် တွေးတောနေမိ၏။

၎င်းတို့လင်မယား မိမိအတွက် ရန်ပွဲဆင်နေသဖြင့် ဤအရပ်မှ အမြန်ဆုံးထွက်သွားရန် ဆုံးဖြတ်လိုက်၏။ ဘိုးစိန်သည် ယနေ့ညပင်လျှင် ထွက်သွားလိုစိတ်များ ဖြစ်ပေါ်လာပြီး သူ၏အထုပ်အပိုးကို ပြင်လိုက်၏။

ဘိုးစိန်သည် ကျောပိုးအိတ်ထဲသို့ အဝတ်အစားအချို့နှင့် အဘိုး၏နောက်ဆုံးအမွေ ရုပ်လုံးကြွင်းမြွေရုပ်ကို ထည့်သွင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ပြီးနောက် အိပ်ခန်းတံခါးကို အသံမထွက်အောင် ပိတ်၏။ တံခါးမကြီး၏ချက်ကိုဖွင့်လိုက်၏။

ခြံထဲသို့ရောက်သောအခါ ခြံတံခါးဆီသို့ ခြေသံမကြားအောင် လျှောက်လှမ်းသွားလေ၏။ ထိုအနိုက်မှာပင် ခြံတံခါးအနီး အမှောင်ရိပ်မှ မသက်ရှိ ထွက်ပေါ်လာပြီး

" ရှင် သူခိုးတစ်ယောက်လို ပြန်ထွက်ပြေးတော့မလို့လား၊ ရှင်ပြန်လာဖို့မသင့်တဲ့နေရာကို ဘာဖြစ်လို့ပြန်လာရတာလဲ၊ ကျွန်မဘဝကို ကိုယ့်ဘာသာရင်ဆိုင်နိုင်ဖို့ ကြိုးစားနေတာ၊ ရှင်ပြန်လာတော့ ကျွန်မ ဘယ်လောက်ခက်သွားသလဲ၊ ရှင့်ကို မေ့နိုင်ဖို့ ကျွန်မ ကြိုးစားနေတာရှင့် "

ဟု ပြောလိုက်ရာ ဘိုးစိန်က သူမ၏လက်မောင်းကို ဆုပ်ကိုင်၍

" ကျုပ်တို့နှစ်ယောက် အတူနေဖို့ ကြိုးစားခဲ့တာပဲ၊ မင်း ဘာဖြစ်လို့ သတ္တိကြောင်ပြီး ပြန်ပြေးခဲ့သလဲ "





ဟု မေးမြန်းလိုက်၏။ မသက်ရှိက အံကိုကြိတ်၍

" ရှင့်လိုလူမျိုးကို ဘယ်မိန်းမက အားကိုးရဲမှာလဲ၊ ရှင်ဟာ မကောင်းတဲ့လူဆိုတာ ကျွန်မသိတယ်၊ ရှင့်နှလုံးသားထဲမှာ လေးနက်မှုကို ကျွန်မမတွေ့ရဘူး၊ ကျွန်မ ဘာဖြစ်လို့ စွန့်စားရဲမှာလဲ၊ အခု ရှင်ပြန်လာတော့ ကျွန်မရဲ့ကြိုးစားမှုတွေ ရေစုန်မျောပြီ "

ဟု ပြောလိုက်ရာ ဘိုးစိန်သည် မသက်ရှိ၏စကားကြောင့် ရင်ထဲတွင် လှုပ်ခါသွားပြီး

" ကျုပ်က အားကိုးလောက်တဲ့ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ကျုပ်ရင်ထဲမှာ မင်းကိုချစ်တဲ့ အချစ်တွေရှိတယ်၊ ဒီအချစ်တွေကို မင်းအားကိုးသင့်တယ် "

ဟု ဆိုလိုက်၏။ မသက်ရှိက တီးတိုးရယ်မော၍

" အချစ်တွေကို အားကိုးရမယ် ဟုတ်လား၊ အချစ်တွေက ထမင်းစားလို့ရလို့လား၊ အဝတ်ဝတ်လို့ရသလား "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း ဘိုးစိန်နှင့် မသက်ရီသည် တစ်ယောက် မျက်နှာတစ်ယောက် အတန်ကြာအောင် ကြည့်လိုက်ကြ၏။

ပြီးနောက် တစ်ယောက်နှင့်တစ်ယောက် နီးကပ်အောင် တိုးကပ်လိုက်ပြီး

" ရှင် ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မှာလား၊ ကျွန်မတို့နှစ်ယောက် နီးစပ်မဲ့လမ်းမရှိတော့ဘူးလား "

ဟု ပြောလေရာ ဘိုးစိန်က သက်ပြင်းချ၍

" နည်းလမ်းတစ်ခုတော့ရှိမှာပါ၊ ကျုပ်တို့ ရှာကြံရမှာပေါ့ "

ဟု ပြောလိုက်၏။ မသက်ရီက ဘိုးစိန်ကို အားကိုးဟန် ဖြင့်ကြည့်၍

" ရှင့်ကို တကယ်အားကိုးရမှာလား၊ ရှင့်မှာ အရည် အချင်း နည်းနည်းလေးမှ မရှိတော့ဘူးလား "

ဟု တီးတိုးမေးမြန်းလေ၏။ ဘိုးစိန်က သူမကိုပွေ့ဖက် ၍





" ကျုပ်မှာရှိတဲ့ အရည်အချင်းက မင်းကိုချစ်တယ်ဆိုတာ ပဲ "

ဟု ပြောလေ၏။ မသက်ရီက ဘိုးစိန်ကို ပြန်လည်ပွေ့ ဖက်၍

" ကျွန်မလည်း ရှင့်ကိုချစ်တယ်၊ မချစ်မနှစ်သက်သူနဲ့ မနေချင်တော့ဘူး၊ ကျွန်မတို့ အညာသားကို ဒုတိယအကြိမ် ရှင်းမှဖြစ်တော့မယ် "

ဟု တီးတိုးပြောလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အညာသားကိုမဲသည် ယခုနှစ် တောင်ကြီးမီးပုံပျံပွဲသို့ သွားရောက်မည်ဟု ကြိုတင်ကြွေးကြော်နေလေ၏။

ကိုမဲ၏ကြွေးကြော်မှုကို အကြောင်းပြု၍ ၎င်းကို လုပ်ကြံရန် နည်းလမ်းကို မမျှော်လင့်ဘဲ ရရှိသွားလေ၏။

မသက်ရိက ဘိုးစိန်၏လက်မောင်းကို ဆုပ်ကိုင်၍

" ဒီတစ်ကြိမ်တော့ ကျွန်မတို့ရဲ့ နောက်ဆုံးအခွင့်အရေးပဲ "

ဟု ပြောလိုက်ရာ ဘိုးစိန်က မသက်ရိကို မျက်မှောင်ကြုတ်ကြည့်၍





" မင်း ဘယ်လိုစီစဉ်ထားလို့လဲ "

ဟု မေးမြန်းလိုက်၏။ မသက်ရိက မျက်မှောင်ကြုတ်၍

" ကိုမဲက မီးပုံပျံပွဲကို သူ့ရဲ့ဂျစ်ကားစုတ်ကြီးနဲ့ သွားမှာရှင့်၊ လမ်းခရီးမှာ သူ့ရဲ့ဂျစ်ကားစုတ်ကြီးကို ချောက်ထဲချလိုက်ရင် ကိစ္စပြတ်ပြီ မဟုတ်လား "

ဟု ပြောလေ၏။ ထိုအခါ ဘိုးစိန်က

" ဂျစ်ကားစုတ်ကြီးမှာ ကျုပ်တို့နှစ်ယောက်လည်း ပါမယ်လေ "

ဟု ပြောလေ၏။ မသက်ရိက သက်ပြင်းချ၍

" ဒီအတွက် မပူပါနဲ့ရှင်၊ ကျွန်မမှာ အကြံရှိပြီးသားပါ "

ဟု ဆိုကာ သူမ၏အစီအစဉ်များကို ရှင်းလင်းပြလေ၏။ မသက်ရိ၏စကားကိုနားထောင်၍ ဘိုးစိန်က

" မင်းအကြံမဆိုးဘူး၊ ဒါပေမဲ့ ဒီထက်ပိုပြီးတော့ ပိုရိုသေသပ်မဲ့နည်းလမ်းကို စဉ်းစားရဦးမယ် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ ဘိုးစိန်နှင့် မသက်ရှိသည် အညာသား ကိုမဲကို လုပ်ကြံမည့်နည်းလမ်းကို စဉ်းစားဆင်ခြင်လေ၏။

ထိုသို့စဉ်းစားဆင်ခြင်ရင်း အကြံကောင်းများရလျှင် တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဆွေးနွေးကြ၏။

ထိုသို့ဆွေးနွေးတိုင်ပင်ရင်း အကောင်းဆုံးအကြံဉာဏ်များကို ရွေးထုတ်ကြလေ၏။

မီးပုံးပျံပွဲသို့သွားမည့်ရက် နီးကပ်လာသောအခါ သူတို့နှစ်ဦးအတွက် အယုတ်မာဆုံးအကြံအစည်များကိုရရှိလေ၏။

အညာသားကိုမဲကမူ ယုတ်မာသူနှစ်ဦး၏အကြံအစည်ကို ရိပ်စားမိခြင်းမရှိဘဲ မီးပုံးပျံပွဲသွားရန် သူ၏ကားစုတ်ကြီးကို ပြင်ဆင်ခြင်း၊ ဆီများဝယ်ယူစုဆောင်းခြင်း၊ တာယာအဟောင်းများကို လဲလှယ်တပ်ဆင်ခြင်းများ ပြုလုပ် လေ၏။

ထို့အပြင် မီးပုံးပျံပွဲ၌ ဝတ်ဆင်ရန်အတွက် အဝတ်အစားသစ်များကို ဝယ်ယူလေ၏။ ဘိုးစိန်အတွက်လည်း ပုဆိုးအသစ်၊ အင်္ကျီအသစ်များကို ဝယ်ယူပေးလေ၏။





မီးပုံးပျံပွဲသွားရန် သုံးရက်ခန့်အလိုတွင် ဘိုးစိန်က ကြိုတင်ကြံစည်ထားသည့်အတိုင်း အညာသားကိုမဲကို အကြံဉာဏ်ပေးလေ၏။

ဘိုးစိန်က ကိုမဲကို စိတ်အားထက်သန်ဟန်ဖြင့်ကြည့်၍

"ကိုမဲ... မီးပုံးပျံပွဲကိုသွားတာတော့ ဟုတ်ပါပြီ၊ လမ်းခရီးမှာ ကျုပ်တို့အတွက် ရိက္ခာလေး ဘာလေး ယူလာဦးမှပေါ့"

ဟု ပြောလေ၏။ ကိုမဲက ဘိုးစိန်ကို နားမလည်ဟန်ဖြင့် ကြည့်၍

"လမ်းမှာစားဖို့ အခြောက်အခြမ်းတွေရော၊ မုန့်မျိုးစုံရော စုဆောင်းထားပါပြီ"

ဟု ပြောလေ၏။ ဘိုးစိန်က ကိုမဲကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

"ကိုမဲကလည်းဗျာ၊ ကျုပ်ပြောတဲ့ရိက္ခာဆိုတာ ကျုပ်တို့အတွက် ယမကာကို ပြောတာ၊ ဒီလောက်ဝေးတဲ့ခရီးမှာ ယမကာမပါဘဲသွားရင် ပျင်းဖို့ကောင်းမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဘိုးစိန်၏စကားကြောင့် အညာသား ကိုမဲက စိတ်အားထက်သန်ဟန်ဖြင့်

" ငါလည်း ယမကာတွေ သယ်သွားချင်တာကွ၊ ငါ့ မိန်းမ မကြိုက်မှာစိုးလို့ ကိုယ်ရှိန်သတ်ထားတာကွ "

ဟု ပြောလေ၏။ ထိုအခါ အနီး၌နားထောင်နေသော မသက်ရှိက သဘောကောင်းဟန်ဖြင့်

" ကျွန်မကိုတော့ ဆွဲမထည့်ပါနဲ့ရှင်၊ ရှင်တို့ဘာသာ အပျော်ခရီးထွက်တဲ့လမ်းမှာ ကြိုက်သလို ပျော်ကြပါးကြပါ ကျွန်မ မတားပါဘူး "

ဟု ပြောလေ၏။ အညာသားကိုမဲသည် မသက်ရှိ၏ စကားကြောင့် လွန်စွာသဘောကျသွားပြီး

" ငါ့မိန်းမသဘောတူမယ်ဆိုရင်တော့ လမ်းမှာ တ… ကြီး သောက်ဖို့ သယ်သွားဦးမယ်၊ ငါတို့ခရီးက ထင်တာ ထက်ပိုပြီး ပျော်စရာကောင်းဦးမယ်ဟေ့ "

ဟု ကြွေးကြော်လိုက်လေ၏။





ကိုမဲသည် ထိုအချိန်မှစ၍ ခရီးလမ်း၌သောက်ရန် အရက်သေတ္တာကို ဂျစ်ကားပေါ်သို့ တင်လေ၏။

ဘိုးစိန်နှင့် မသက်ရှိမှာလည်း ခရီးထွက်ရန်အချိန်နီးလေ တိုင်ပင်ဆွေးနွေးမှုများ ပိုများလေဖြစ်၏။ နောက်ဆုံး၌ ခရီးထွက် မည့်နေ့သို့ ရောက်ရှိခဲ့လေ၏။

အညာသားကိုမဲသည် ခရီးထွက်ရန် လွန်စွာစိတ်အား ထက်သန်နေပြီး နံနက်စောစောထ၍ ဂျစ်ကားကြီးကို စက်နှိုးနေ လေ၏။

ခရီးထွက်သည့်အချိန်သို့ရောက်သောအခါ ဘိုးစိန်နှင့် မသက်ရှိသည် အထုပ်အပိုးများကို ကားပေါ်သို့ တင်ကြ၏။

ပစ္စည်းများအားလုံး ကားပေါ်သို့ရောက်သောအခါ အညာသားကိုမဲက

" ထွက်ကြမယ်ဟေ့၊ နေပူလာရင် ပင်ပန်းလိမ့်မယ် "

ဟု ဆိုကာ ကားစက်နှိုးပြီး ခရီးကို စတင်လေ၏။

ဘိုးစိန်သည် ခရီးထွက်ပြီးမကြာမီ အရက်ပုလင်းကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



၍ ကားမောင်းနေသော ကိုမဲရှိရာသို့ ကမ်းပေးလိုက်ပြီး

"ဖွင့်ပွဲလေး စလိုက်ပါ"

ဟု တိုက်တွန်းလိုက်လေ၏။

အညာသားကိုမဲက အရက်ပုလင်းကို လှမ်းယူလိုက်ပြီး

"စောစောစီးစီးချရမှာလားကွ၊ ငါ့မိန်းမ ဆူနေဦးမယ်"

ဟု ဆိုလိုက်ရာ မသက်ရီက နှုတ်ခမ်းမဲ့၍

"လုပ်ပါရှင်၊ အပျော်ခရီးထွက်တဲ့လမ်းမှာ ကျွန်မ မတားချင်ဘူး"

ဟု ပြောလိုက်လေ၏။

အညာသားကိုမဲက မယားဖြစ်သူ၏စကားကို သဘောကျဟန်ဖြင့် ရယ်မော၍

"ဟား ဟား ဟား... ငါ့မိန်းမ ဒီနေ့တော်တော် သဘောကောင်းနေပါလား၊ မိန်းမကခွင့်ပြုတော့လည်း သောက်ရတာပေါ့ကွာ၊ ဘိုးစိန် မင်းလည်း နည်းနည်းချကွာ"

ဟု ပြောလေရာ ဘိုးစိန်က အရက်ပုလင်းကိုယူ၍





အနည်းငယ်မျှသာသောက်ပြီး ကျန်အရက်များကို ကိုယ်ခန္ဓာပေါ်သို့ မသိမသာ လောင်းချလိုက်၏။

ထိုအခါ ဘိုးစိန်၏တစ်ကိုယ်လုံး အရက်နံ့ဟောင်နေပြီး အလွန်အကျွံသောက်ထားသကဲ့သို့ ရှိနေလေ၏။

ဘိုးစိန်သည် အရက်အနည်းငယ်သောက်ပြီး ကားပေါ်၌ သီချင်းများကို ကျယ်လောင်စွာ အော်ဟစ်သီဆိုနေလေ၏။

အတန်ကြာသောအခါ မသက်ရီက မြို့တစ်မြို့၏အဝင်ရှိ အကြော်ဆိုင်ကို လက်ညှိုးညွှန်၍

"ကားခဏရပ်ပေး၊ ကျွန်မ အကြော်စားချင်တယ်"

ဟု ဆိုလိုက်ရာ အညာသားကိုမဲက အကြော်ဆိုင်ရှေ့၌ ကားကို ရပ်ပေးလိုက်လေ၏။

အကြော်ရောင်းသူမှာ လူလတ်ပိုင်းအရွယ် လင်မယားနှစ်ယောက်ဖြစ်၏။ ဘိုးစိန်က အကြော်ဆိုင်ရှေ့သို့ရောက်သောအခါ ကားပေါ်မှခုန်ချလိုက်ပြီး သီချင်းတစ်ပုဒ်ကို ကျယ်လောင်စွာ အော်ဟစ်သီဆိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အညာသားကိုမဲက ကားပေါ်မှဆင်း၍ ဘိုးစိန်၏အမူအရာကိုကြည့်၍ သဘောကျဟန်ဖြင့်

" ကိုယ့်လူတော့ စောစောစီးစီး ရေချိန်ကိုက်နေပြီဟေ့"

ဟု ပြောဆိုပြီး အကြော်ဆိုင်မှ အကြော်များကို ဝယ်ယူနေ၏။

ဘိုးစိန်က သီချင်းဆို၍ အကြော်ဆိုင်ရှင်လင်မယားရှေ့၌ ကပြနေလေ၏။ အကြော်ဆိုင်ရှင်မိန်းမက ဘိုးစိန်ကိုကြည့်၍ ရယ်မောကာ

" အဆိုကောင်း အကကောင်းပါလား၊ ဇာတ်ထဲဝင်ပြီး မင်းသားလုပ်ပါလား "

ဟု ပြန်လည်နောက်ပြောင်လေ၏။

ထိုအခါ အညာသားကိုမဲက ဘိုးစိန်ကိုကြည့်၍ အားကျမခံ သီချင်းတစ်ပုဒ် သီဆိုလေ၏။

အကြော်ဆိုင်ရှင်လင်မယားက ဘိုးစိန်နှင့် ကိုမဲကိုကြည့်၍ သက်ပြင်းချကာ အကြော်ဆိုင်ရှင်မိန်းမက





" အမူးသမားနှစ်ယောက်နဲ့ ခရီးသွားရတဲ့ မိန်းမကတော့ သနားစရာပဲ "

ဟု ရေရွတ်လေ၏။ မသက်ရှိက ဂျစ်ကားပေါ်မှနေ၍

" အမူးသမားတွေ··· အချိန်မရှိတော့ဘူး၊ ကားပေါ်ကိုတက်ပါတော့၊ ရှင်တို့ကြောင့် ကျွန်မ စိတ်ညစ်ပါတယ် "

ဟု ပြောဆိုလိုက်ရာ အညာသားကိုမဲသည် ကားပေါ်သို့တက်၍ ကားစက်နှိုးပြီး အပြင်းမောင်းနှင်သွားလေ၏။

ဘိုးစိန်သည် ကားပေါ်သို့ပြန်တက်သောအခါ မသက်ရှိကိုမသိမသာ လက်မထောင်ပြလိုက်လေ၏။ ဘိုးစိန်တို့ဆင်ထားသော ဇာတ်ကွက်အတွင်းသို့ အညာသားကိုမဲသည် ကျကျနန ဝင်ရောက်သရုပ်ဆောင်နေလေ၏။

ဘိုးစိန်နှင့် အညာသားကိုမဲတို့ လူမှန်းမသိအောင် မူးနေကြောင်း အကြော်ဆိုင်ရှင်လင်မယား သိရှိစေလို၏။ ဘိုးစိန်တို့အစီအစဉ်အရ အညာသားကိုမဲ မူးနေဖို့ လိုအပ်၏။

ထို့ကြောင့် ကားပေါ်တွင် အရက်ပုလင်းများကို အလုံ



www.burmeseclassic.com

www.burmeseclassic.com



အလောက် ယူဆောင်လာ၏။

အတန်ကြာအောင် မောင်းနှင်ပြီးနောက် နွားနို့ရောင်းသော ဆိုင်တစ်ဆိုင်ရှေ့သို့ရောက်လေရာ မသက်ရီက နွားနို့ဝယ်ယူလိုကြောင်း ပြောသဖြင့် အညာသားကိုမဲက ကားရပ်ပေးလေ၏။

ဘိုးစိန်သည် ကားရပ်လိုက်သည်နှင့် သီချင်းသီဆို၍ ကားပေါ်မှဆင်းပြီး နွားနို့ကလားဏ်ပုလင်းကိုယူကာ မော့သောက်လိုက်၏။

မသက်ရီက ဘိုးစိန်၏လက်ထဲရှိ နွားနို့ပုလင်းကို လုယူ၍

" ရှင်တို့ဘယ်လိုဖြစ်နေတာလဲ၊ မူးရူးပြီး ကျွန်မသောက်မဲ့ နွားနို့ကို လုယက်ပြီးသောက်နေတယ်၊ ရှင်တို့နှစ်ယောက်နဲ့ ခရီးသွားရတာ ကျွန်မတော့ သေချင်တာပဲ "

ဟု ပြောလေရာ ဘိုးစိန်က ရယ်မော၍

" မသေချင်ပါနဲ့ကွာ၊ နွားနို့ပုလင်းထဲမှာ နွားနို့တွေ အများကြီးကျန်ပါသေးတယ် "





ဟု ဆိုလိုက်ရာ မသက်ရီက

" ရှင်တို့သောက်ပြီးသားကို ကျွန်မမသောက်ဘူး၊ ကျွန်မကို နွားနို့ပုလင်းထပ်ပေးပါ "

ဟု ဒေါသတကြီး ပြောလိုက်လေ၏။

နွားနို့ကုလားလင်မယားသည် ဘိုးစိန်နှင့် ကိုမဲတို့ မူးရူးနေကြောင်းကောင်းစွာသိရှိသွားလေ၏။ နောက်တစ်ချိန်လိုအပ်လျှင် ထိုသူများသည် အကောင်းဆုံးသက်သေများပင် ဖြစ်လိမ့်မည်။

၄င်းတို့၏ကားကို ခရီးဆက်ကြပြန်၏။ နေ့လယ်သို့ရောက်သောအခါ ထမင်းဆိုင်ကြီးတစ်ဆိုင်သို့ဆင်း၍ ထမင်းစားကြ၏။ ထမင်းစားရင်း ဘိုးစိန်သည် ထုံးစံအတိုင်း အရက်အလွန်အကျွံ မူးနေသော ပုံစံမျိုးဖြစ်အောင် ဖန်တီးခဲ့၏။

ထမင်းဆိုင်ရှိလူများသည် အရက်မူးနေသော လူနှစ်ဦးနှင့် မိန်းမလှတစ်ဦး၏ပုံရိပ်ကို စွဲထင်သွားစေ၏။

သူတို့သုံးယောက် ထမင်းဆိုင်မှထွက်ကာနီး၌ အလွန်ကောင်းသော သက်သေတစ်ခုကို ရရှိခဲ့ပြန်၏။ ထိုသက်သေမှာ



www.burmeseclassic.com

www.burmeseclassic.com



၄င်းတို့ မြို့၌ရှိသော ဌာနအုပ်ကြီးနှင့် ပုလိပ်များ၏ကားသည် ထမင်း ဆိုင်သို့ ဝင်ရောက်လာ၏။

ဌာနအုပ်ကြီးသည် အညာသားကိုမဲ၏ကားကိုမြင်သည်နှင့် ကောင်းစွာမှတ်မိ၏။ ဌာနအုပ်ကြီးက ဝမ်းသာအားရ အော်ဟစ်၍

" ဟေ့လူတွေ··· ဘယ်ကိုသွားကြမလို့လဲ၊ တိုက်တိုက်ဆိုင်ဆိုင် ထမင်းဆိုင်မှာ လာဆုံတယ် "

ဟု ပြောလေ၏။

ထိုအချိန်၌ ဘိုးစိန်တို့သုံးယောက် ထမင်းစားပြီး ကားပေါ်သို့ ပြန်တက်ရန်ပြင်နေချိန် ဖြစ်၏။ မသက်ရှိနှင့် ဘိုးစိန်သည် ဌာနအုပ်ကြီးနှင့် ပုလိပ်များကိုမြင်သောအခါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ အလွန်ဝမ်းသာသွားလေ၏။

ဘိုးစိန်သည် ဂျစ်ကားပေါ်မှခုန်ထ၍ သီချင်းတစ်ပုဒ်ကို သီဆိုပြီး ပုလိပ်များကို ကပြဟန်ပြုလေ၏။ ဌာနအုပ်ကြီးသည် ဘိုးစိန်၏အမူအရာကိုကြည့်၍ ရယ်မောကာ





" ဒီကောင် အတော်မှန်နေပြီ "

ဟု ပြောလေ၏။

ထိုအခါ မသက်ရှိက ဌာနအုပ်ကြီးနှင့် ပုလိပ်များရှိရာသို့ လျှောက်လှမ်းသွားပြီး

" ကြည့်ပြောပါဦးရှင်၊ မီးပုံပွဲသွားမယ်ဆိုပြီး ထွက်လာကြတာ၊ တစ်လမ်းလုံး သူတို့နှစ်ယောက် သောက်ချင်တိုင်း သောက်နေတယ်၊ အရက်သမားနှစ်ယောက်နဲ့ ခရီးသွားရတာ ကျွန်မတော့ တော်တော်လန့်နေပြီ၊ ဒီကနေ ရှေ့ဆက်ရမဲ့လမ်းတွေကလည်း အန္တရာယ်များပါဘိသနဲ့ "

ဟု ပြောလေရာ ဌာနအုပ်ကြီးက ခေါင်းညိတ်၍

" ဟုတ်တယ်ကွ၊ မူးရူးပြီး ချောက်ထဲထိုးကျရင် တွေးဝံ့စရာမရှိဘူး၊ ဘာဖြစ်လို့ သူတို့နှစ်ယောက်ကို သောက်ခွင့်ပြုရတာလဲ "

ဟု မေးမြန်းလေ၏။ မသက်ရှိက မျက်နှာမဲ့၍

" ကျွန်မကို သူတို့ အရေးစိုက်တာမဟုတ်ဘူး၊ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးတယ်၊ ကိုမဲ မြှောက်ပင့်ပေးတာနဲ့ စားပွဲထိုးဘိုးစိန်ကလည်း မူးချင်တိုင်း မူးနေတယ်၊ ကားပေါ်မှာ အရက်ကို သေတ္တာလိုက် တင်ပြီး ယူလာကြတယ် ”

ဟု ပြောလေ၏။

ထိုအချိန်၌ အညာသားကိုမဲသည် အရက်ပုလင်းတစ်လုံး ကိုယူ၍ ဌာနအုပ်ကြီး၏အနီးသို့ လျှောက်လှမ်းလာပြီး

“ ဌာနအုပ်ကြီးသောက်ဖို့ လက်ဆောင်ယူသွားပါဦး ”

ဟု ဆိုလိုက်ရာ ဌာနအုပ်ကြီးက လက်ကာပြ၍

“ နေပါစေ၊ တာဝန်ရှိန်နဲ့ ခရီးသွားတဲ့အချိန်မှာ ကျုပ်တို့ သောက်လေ့မရှိဘူး ”

ဟု ဆိုလေ၏။ ဘိုးစိန်က အနီးသို့ရောက်ရှိလာပြီး

“ ယူသွားပါ ဌာနအုပ်ကြီးရယ်၊ တာဝန်ရှိန်မှာမသောက် လည်း မြို့ကိုရောက်တဲ့အချိန်မှာ သောက်ပေါ့ ”

ဟု ဆိုကာ ကိုမဲလက်မှပုလင်းကိုယူ၍ ဌာနအုပ်ကြီး၏ လက်ထဲသို့ အတင်းထိုးထည့်လေ၏။





ဘိုးစိန်၏အပြုအမူသည် လွန်စွာပမာမခန့်နိုင်ပြီး ဆိုင် တွင်းရှိ လူများက ဝိုင်းကြည့်နေသဖြင့် ဌာနအုပ်ကြီးက ရှက် ရှက်နှင့် အရက်ပုလင်းကို ယူထားလိုက်လေ၏။

အညာသားကိုမဲ၏ကား ထမင်းဆိုင်ထဲမှ ထွက်ခွာသွား သောအခါ ဘိုးစိန်က ဂျစ်ကားထဲမှ ခေါင်းထွက်၍

“ ကျေးဇူးရှင်ကြီး... သွားပြီဗျို့ ”

ဟု အော်ဟစ်ပြီး ထွက်ခွာသွားလေ၏။

အညာသားကိုမဲသည် ဂျစ်ကားစုတ်ကြီးကို တစ်နေကုန် မောင်းနှင်လာလေ၏။

နေ့လယ်သုံးနာရီခန့်ရှိသောအခါ မသက်ရှိသည် ဘိုးစိန်ရှိ ရာသို့ တိုးကပ်၍

“ ကျွန်မတို့စီစဉ်ထားတဲ့နေရာကို ရောက်တော့မယ်၊ ရှင် အသင့်ပြင်ထားပါ၊ အညာသားတော့ ရဲပြည်ကို ရောက် တော့မယ် ”

ဟု ပြောလေရာ ဘိုးစိန်၏ရင်ထဲတွင် ထိတ်ခနဲ ခုန်သွား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

အညာသားကိုမဲကို အပြတ်ရှင်းရမည့်နေရာကို ရောက်တော့မည်။ ဘိုးစိန်သည် ထိုင်ခုံအောက်၌ အသင့်ယူဆောင်လာသော နှစ်တစ်လက်မတုတ်ချောင်းကို လက်ဖြင့် တင်းတင်းဆုပ်ကိုင်လိုက်၏။

မသက်ရှိက ဘိုးစိန်၏အနီးသို့ကပ်၍

" ရောက်တော့မယ်၊ ကျွန်မတို့စီစဉ်ထားတဲ့အတိုင်းဘာ တစ်ခုမှ မလွဲစေနဲ့နော်၊ တစ်ခုခုလွဲချော်တာနဲ့ ကျွန်မတို့သွားပြီ "

ဟု ပြောဆိုလိုက်ရာ ဘိုးစိန်က စိတ်လှုပ်ရှားစွာဖြင့်

" စိတ်ချပါကွာ "

ဟု ပြောလိုက်လေ၏။

မသက်ရှိက ဘိုးစိန်၏လက်ဖမိုးကို ဆုပ်ကိုင်၍

" ရှင် သတ္တိကြောင်နေပြီလား "

ဟု မေးမြန်းလေ၏။ ဘိုးစိန်က မသက်ရှိ၏လက်ကို





တင်းတင်းဆုပ်ကိုင်၍

" ငါ လုံးဝမကြောင်ဘူး၊ လုပ်မယ်လို့ ဆုံးဖြတ်ထားပြီးသားပါ "

ဟု ပြောလိုက်လေ၏။ ထိုအခိုက်မှာပင် အညာသားကိုမဲက အနောက်သို့လှည့်ကြည့်၍

" မင်းတို့နှစ်ယောက် တကျိတ်ကျိတ်နဲ့ ဘာတွေများပြောနေတာလဲ "

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်က ရယ်မော၍

" ဟား ဟား ဟား... ဘာမှမပြောပါဘူးဗျာ၊ ခင်ဗျားမိန်းမက ကျုပ်တို့ဆီက အရက်စော်နံတယ်လို့ ပြောတာပါ"

ဟု ပြောလိုက်လေ၏။ အညာသားကိုမဲက ရယ်မော၍

" အရက်သောက်မှတော့ အရက်စော်နံမှာပေါ့ မိန်းမရဲ့၊ ရေမွှေးနံ့နံမှာလား "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ၄င်းတို့၏ကားသည် တောင်ကြီးတစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



၏ ကပ်လျက်အကွေ့လမ်းသို့ ရောက်လေ၏။ ထိုနေရာမှကြည့်လျှင် တောင်ဘက်ရှိ ချောက်ကမ်းပါးကြီးများကိုပင် မြင်တွေ့ရ၏။

မသက်ရီက အညာသားကိုမဲကိုကြည့်၍

" ဟိုးရှေ့က အကွေ့လေးမှာ ကားကို ခဏရပ်ပေးပါ"

ဟု ပြောလေရာ ကိုမဲက

" ဘာလုပ်မလို့လဲ မိန်းမရဲ့ "

ဟု ပြောလေ၏။ မသက်ရီက မျက်နှာရှုံ့မဲ့၍

" ကျွန်မဗိုက်ထဲမှာ ရေတွေအများကြီးသောက်ထားတယ်၊ ရှင် သဘောမပေါက်ဘူးလား "

ဟု မေးမြန်းလေ၏။

အညာသားကိုမဲက သဘောပေါက်ဟန်ဖြင့် ရယ်မော၍

" သိပါပြီဗျာ၊ သိပါပြီ "

ဟု ဆိုကာ ကားကို ရပ်ပေးလေ၏။

ဘိုးစိန်သည် စိတ်လှုပ်ရှားမှုကြောင့် ရင်ထဲတွင် တဒိန်းဒိန်း ခုန်နေလေ၏။ မသက်ရီက ကားပေါ်မှဆင်းကာနီးတွင် ဘိုးစိန်ကို အဓိပ္ပါယ်ပါပါကြည့်လိုက်လေ၏။

ဘိုးစိန်က စိတ်လှုပ်ရှားစွာဖြင့် မသိမသာ ခေါင်းညိတ်ပြလိုက်လေ၏။ မသက်ရီသည် ချုံကွယ်တစ်ခုအတွင်းသို့ ဝင်ရောက်သွားလေ၏။

ဘိုးစိန်သည် ထိုင်ခုံအောက်မှ နှစ်တစ်လက်မတုတ်ကို မသိမသာထုတ်၍ ကိုမဲအားကြည့်ကာ

" ကိုမဲ… အညောင်းပြေ ခဏလောက်အောက်ဆင်းပါဦးဗျာ "

ဟု ဆိုလိုက်ရာ အညာသားကိုမဲက ခေါင်းညိတ်၍ ကုန်ကားမှ ဆင်းလိုက်လေ၏။

အညာသားကိုမဲသည် ကားပေါ်မှဆင်း၍ ခါးထောက်ကာ အဝေးရှိရှုခင်းများကိုကြည့်၍

" ရှုခင်းတွေက လှလိုက်တာကွ၊ တစ်နေ့ အသက်ကြီးလာရင် ထမင်းဆိုင်ကိုနားပြီးတော့ ဒီလိုနေရာမျိုးမှာ







www.burmeseclassic.com

www.burmeseclassic.com



အပင်တွေစိုက်နေချင်တယ် ”

ဟု ပြောလိုက်ရာ ဘိုးစိန်က ပမာမခန့်ရယ်မော၍

“ ခင်ဗျားအသက်ကြီးတဲ့အထိ စောင့်စရာမလိုပါဘူး၊ အခုပဲနေလို့ရပါပြီ ”

ဟု ပြောပြီး ကိုမဲ၏ခေါင်းကို နှစ်တစ်လက်မတုတ်ဖြင့် အားကုန်လွှဲရိုက်လိုက်လေ၏။

ကိုမဲသည် မပီမသအော်ရင်း မြေပေါ်သို့ လဲကျသွားလေ၏။

ဘိုးစိန်သည် နှစ်တစ်လက်မတုတ်ကြီးကို ချောက်ထဲသို့ ပစ်ချလိုက်လေ၏။ ထိုစဉ် မသက်ရှိသည် သူတို့အနီးသို့ ပြေးလာပြီး

“ ရှင် လုပ်လိုက်ပြီပေါ့၊ ဒီလူကြီး သေပြီလား ”

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်က မိမိကိုယ်မိမိ ယုံကြည်ဟန်ဖြင့်

“ ကျုပ်လက်ကို ကျုပ်ယုံတယ်၊ ဒီလူကြီး ငရဲပြည်ကို





ရောက်သွားပြီ၊ ကျုပ်တို့ လုပ်စရာရှိတာ လုပ်ရအောင် ”

ဟု ပြောလိုက်လေ၏။

ထို့နောက် ဘိုးစိန်သည် အရုပ်ကြိုးပြတ်လဲကျနေသော အညာသားကိုမဲ၏ခန္ဓာကိုယ်ကြီးကို ဂျစ်ကားပေါ်သို့ တင်လိုက်၏။

မသက်ရှိက လင်တော်မောင်၏မျက်နှာကို ကုန်းရုန်းကြည့်၍

“ ဒီလူကြီးသေသွားတာ သေချာပါပြီ ”

ဟု ပြောလေ၏။ ဘိုးစိန်က

“ မင်းရဲ့လင်တော်မောင်ကြီးကို နောက်ဆုံးအနေနဲ့ ဝအောင်ကြည့်ထားပေတော့၊ သူ့ကို ငရဲပြည်ပို့တော့မယ် ”

ဟု ပြောလိုက်ရာ မသက်ရှိက အညာသားကိုမဲကို စက်ဆုပ်ရွံရှာစွာဖြင့်ကြည့်၍

“ မြန်မြန်သာ ငရဲပြည်ပို့လိုက်ပါ ”

ဟု ပြောလေ၏။ ထို့နောက် ဘိုးစိန်နှင့် မသက်ရှိသည်



www.burmeseclassic.com

www.burmeseclassic.com



အ ှ်ကားကို နှစ်ယောက်သားပြိုင်တူတွန်း၍ ချောက်ထဲသို့ လ၏။

ဂျစ်ကားသည် ချောက်ရှိရာသို့ ဦးတည်သွားပြီးမှ ရှေ့ဘီး ခဲဘီး ချောက်ထဲကျပြီး နောက်ဘီးများမကျဘဲ ကျောက်တုံး ာစ်တုံးပေါ် တင်နေလေ၏။

ဘိုးစိန်က မျက်မှောင်ကြုတ်၍

" နောက်ဘီးနှစ်ဘီးက ကျောက်တုံးကြီးတစ်တုံးနဲ့ ခံနေပြီး ကျုပ်တို့နှစ်ယောက်အားနဲ့ ပြိုင်တူတွန်းချရအောင် "

ဟု ဆိုကာ နှစ်ယောက်သား အားစိုက်ပြီး ဂျစ်ကားကို တွန်းချလေ၏။

သို့သော် ဂျစ်ကားသည် ကျောက်တုံးကို မကျော်နိုင်သဖြင့် ချောက်ထဲသို့ပြုတ်မကျဘဲ ဖြစ်နေ၏။

မသက်ရှိက မျက်မှောင်ကြုတ်၍

" ကျွန်မတို့ သစ်သားချောင်းတစ်ချောင်းလောက်ရှာပြီး အနောက်ကနေ ကုတ်လိုက်ကော်လိုက်ရင် ဂျစ်ကား ချောက်ထဲကျ





သွားမယ် "

ဟု ဆိုလေရာ ဘိုးစိန်က

" ကောင်းပြီ၊ ဒါဆိုရင် ဒီအနီးပတ်ဝန်းကျင်မှာ သစ်သားချောင်းတစ်ချောင်းလောက် ရှာရမယ် "

ဟု ပြောလိုက်လေ၏။

ထိုအခိုက်မှာပင် ဟိုးအဝေးဆီမှာ 'ကားစက်သံကို ကြားလိုက်ရသဖြင့် ခေါင်းနပန်းကြီးသွားပြီး ဘိုးစိန်က

" ကားသံ... ကားသံကြားရတယ်၊ အဲဒီကားက မကြာမီ ကျုပ်တို့ဆီကို ရောက်လာတော့မယ် "

ဟု ပြောဆိုလိုက်လေ၏။ မသက်ရှိက ကားစက်သံကို နားထောင်၍

" ဒုက္ခပါပဲ၊ အခုမှဋ္ဌကျပြီ၊ ကျွန်မတို့အဖြစ်က ကားပေါ်မှ လူသေအလောင်းတစ်လောင်းနဲ့၊ ကားကလည်း ကမ်းပါးစွန်းမှာ ပြုတ်မကျဘဲ တိုးလိုးတန်းလန်း ဖြစ်နေတယ်၊ ရှင် တစ်ခုခုကြံမှဖြစ်မယ်၊ မဟုတ်ရင် ကျွန်မတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံး ကြိုးစင်တက်သွားရမယ် ”

ဟု ပြောလေရာ ဘိုးစိန်သည် မသက်ရှိ၏စကားကို နားမဝင်နိုင်ဘဲ အနီးပတ်ဝန်းကျင်ကို ပြေးလွှားပြီး သစ်သား ချောင်း ရှာလေ၏။

သို့သော် သစ်သားချောင်းကို လွယ်လွယ်ရှာမရဘဲ ဖြစ် နေ၏။ မသက်ရှိက တောင်အောက်သို့ ခေါင်းငုံ့ကြည့်၍

“ မြန်မြန်ရှာပါရှင်၊ သူတို့ ကားကို ကျွန်မ မြင် နေရပြီ ”

ဟု ပြောလေ၏။ ဘိုးစိန်သည် ဟိုသည်ပြေးလွှားရင်း ရှာဖွေနေရာမှ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ပြီး ဂျစ်ကားရှိရာသို့ အပြေးအလွှားပြန်ခဲ့၏။

မသက်ရှိက ဘိုးစိန်၏အပြုအမူကြောင့်

“ ရှင် ဘာလုပ်တာလဲ၊ ဟိုမှာ ကားတက်လာနေပြီ ”

ဟု အော်ဟစ်ပြောဆိုလေ၏။

ဘိုးစိန်က မသက်ရှိ၏မျက်နှာကိုကြည့်၍





“ ကျုပ်တို့တိုင်ပင်ထားတဲ့အတိုင်း မဖြစ်ဖြစ်အောင် လုပ်ပေတော့၊ ကျုပ်ရဲ့ကိုယ်ခန္ဓာအလေးချိန်နဲ့ ဂျစ်ကားကို တောင် အောက်ကျအောင် လုပ်မယ် ”

ဟု ပြောကာ ဂျစ်ကားစက်ခေါင်းပေါ်သို့ ခုန်တက်လိုက် ၏။

မသက်ရှိက ဘိုးစိန်၏အကြံအစည်ကို သဘောပေါက် သွားပြီး

“ သတိထားနော်၊ ရှင် ပြုတ်ကျသွားမယ် ”

ဟု သတိပေးလေ၏။

ဘိုးစိန်သည် ဂျစ်ကားစက်ဖုံးပေါ်သို့တက်၍ ကားကို ချောက်ထဲသို့ကျအောင် ပြုလုပ်လေ၏။

သို့သော် ကားသည် ချောက်ကမ်းပါး၌ ယိမ်းနွဲ့နေသော် လည်းချောက်ထဲသို့မကျဘဲ ရှိနေ၏။ ဘိုးစိန်သည် ကိုယ် အလေးချိန်နှင့် ဂျစ်ကား ချောက်ထဲသို့မကျသဖြင့် မျက်လုံးပြူး သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်စောင်းမှကားစုက်သံကို စတင်ကြားနေရချေပြီ။ ဘိုးစိန်သည် ကားစက်ဖုံးပေါ်သို့တက်၍ခုန်ရန် ဆုံးဖြတ်လိုက်ပြီး စက်ဖုံးပေါ်၌ တဝုန်းဝုန်းခုန်နေလေ၏။

ထိုသို့ခုန်ရင်း ဂျစ်ကားသည် လှုပ်ယမ်းသွားပြီး ချောက်ထဲသို့ ထိုးကျသွားလေ၏။

ဘိုးစိန်လည်း ကားနှင့်အတူ အရှိန်လွန်ပြီး ချောက်ထဲသို့ ကျရောက်သွားလေ၏။ ဘိုးစိန်သည် မသက်ရှိ၏ စိုးရိမ်တကြီး အော်ဟစ်လိုက်သံကို နောက်ဆုံး ကြားလိုက်ရပြီး သူ၏ ကိုယ်ခန္ဓာသည် သစ်ကိုင်းများဖြင့် ရိုက်ခတ်ကာ မေ့မြောသွားလေ၏။





ဘိုးစိန် သတိရလာသောအခါ သူ၏လက်မောင်း တစ်ဖက်သည် မခံမရပ်နိုင်အောင် နာကျင်နေလေ၏။

ကိုယ်ခန္ဓာတစ်ခုလုံး ကျိုးကျေသွားသလားဟု ထင်မှတ်ရ၏။ သူ၏ပတ်ဝန်းကျင်၌လည်း လူသံသူသံများကို ကြားရ၏။

မိမိ၏ကိုယ်ခန္ဓာသည် ချောက်ထဲမှ တောင်ပေါ်သို့ ပြန်လည်ရောက်ရှိနေကြောင်း ရိပ်စားမိလိုက်၏။ လူအများ ဆူညံ



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ပြောဆိုနေသံကိုလည်း ကြားရ၏။

ထို့နောက် ကျယ်လောင်သော ကားစက်သံကိုကြားရပြီး ကားပေါ်မှ ပုလိပ်နှင့် ဆေးသေတ္တာကိုင်ထားသော လူတစ်ယောက် ဆင်းလာ၏။

ဆေးသေတ္တာနှင့်လူသည် ဘိုးစိန်၏သွေးများရွှဲရွှဲစိုနေသော လက်မောင်းကိုမ၍ စမ်းသပ်ကြည့်၏။ ဘိုးစိန်သည် ထိုသူများ ကိုကြည့်၍ မေ့မြောသလို ဖြစ်သွားပြန်၏။

ဘိုးစိန်သတိရလာသောအခါ ဆရာဝန်သည် သူ၏ ဒဏ်ရာများကို အရေးပေါ် ပတ်တီးစီးနေ၏။

သူ၏နောက်ကျောတစ်ခုလုံး မခံရပ်နိုင်အောင် နာကျင်နေပြီး အောက်ပိုင်းသေသွားသည်ဟူ၍ပင် ထင်မြင်မိ၏။

ဘိုးစိန်သည် သူ၏ခြေချောင်းကလေးများကို ကြိုးစားလှုပ်ကြည့်သောအခါ ခြေချောင်းများလှုပ်သွားသဖြင့် အလွန်ဝမ်းသာသွားလေ၏။

ဘိုးစိန်သည် သတိရလိုက်၊ မေ့မြောလိုက် ဖြစ်နေ၏။





နောက်ဆုံးသတိပြန်ရလာသောအခါ ဆေးရုံပေါ်သို့ရောက်နေကြောင်း တွေ့ရ၏။

သူ၏တစ်ကိုယ်လုံး ပတ်တီးများ စီးနှောင်ထားကြောင်း သတိပြုမိ၏။ သူ၏အနီး၌ သတင်းစာဖတ်၍ ထိုင်စောင့်နေသော ပုလိပ်သားတစ်ဦးကိုလည်း တွေ့ရ၏။

ခဏအကြာတွင် သူနာပြုဆရာမတစ်ဦး ဘိုးစိန်ကို ဆေးထိုးပေးလေ၏။ ညနေသို့ရောက်သောအခါ တာဝန်ကျဆရာဝန်ရောက်လာပြီး ဘိုးစိန်၏ဒဏ်ရာများ အားလုံးပြန်ကောင်းလာနိုင်ကြောင်း၊ စိုးရိမ်စရာမတွေ့ကြောင်း ပြောလေ၏။

ဆရာဝန်၏စကားကြောင့် ဘိုးစိန်သည် ပျော်ရွှင်သွားလေ၏။ အညာသားကိုမဲ၏အခြေအနေကို သိချင်သောကြောင့် ဆရာဝန်အားကြည့်၍ လေသံတိုးတိုးဖြင့်

" ကျုပ်ဆရာရဲ့အခြေအနေ ဘယ်လိုရှိသလဲ "

ဟု မေးမြန်းလေ၏။ ဆရာဝန်က ဘိုးစိန်ကို မိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဟန်ဖြင့်ကြည့်၍

" ကျန်တဲ့တစ်ယောက်ကတော့ ဆုံးသွားတယ်ဗျာ၊ သူ့ရဲ့ ခေါင်းမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရထားတယ် "

ဟု ပြောလေရာ ဘိုးစိန်သည် စိတ်ထဲတွင် ကျိတ်၍ ဝမ်းသာသွားသော်လည်း စိတ်မကောင်းဟန်ဖြင့် စုတ်သပ်လိုက်ပြီး မသက်ရှိ၏အခြေအနေကို မေးမြန်းလိုက်၏။

ဆရာဝန်က မသက်ရှိသည် ကံကောင်းထောက်မ၍ ကားနှင့်အတူ ပါမသွားဘဲ မြေပေါ်သို့ ပြုတ်ကျပြီး ပွန်းရာ ပွဲ့ရာမျှသာရကြောင်း ပြောလေ၏။

ဘိုးစိန်သည် သူတို့၏အကြံအစည်များ ကောင်းစွာ အောင်မြင်သွားပြီဖြစ်ကြောင်း ရိပ်စားမိသွားလေ၏။

ဂျစ်ကားနှင့်အတူ မိမိ၏ခန္ဓာကိုယ်ကြီး ချောက်ထဲသို့ ပြုတ်ကျသွားစဉ် သေရတော့မည်ဟုတွေးကာ အလွန်ထိတ်လန့် တုန်လှုပ်မိခဲ့၏။

ယခု ချောက်ထဲသို့ကျသွားခြင်းကပင် ပို၍ကောင်းသလို





ဖြစ်သွားလေ၏။

ပုလိပ်များသည် မိမိတို့အား အရက်မူးလွန်ပြီး ချောက်ထဲ ထိုးကျသွားခြင်းဟု ယူဆပေလိမ့်မည်။ သုံးရက်မြောက်နေ့၌ ဘိုးစိန်၏ဝေဒနာများ အတော်အသင့်သက်သာလာ၏။

ထိုအခါ သူနာပြုဆရာမနှစ်ဦး ရောက်ရှိလာပြီး ဘိုးစိန်ကို ဘီးတပ်ကုလားထိုင်ပေါ်သို့ တင်လေ၏။ ဘိုးစိန်က ၎င်းတို့ကို နားမလည်ဟန်ဖြင့်

" ကျုပ်တို့ ဘယ်ကိုသွားမလို့လဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ သူနာပြုဆရာမတစ်ဦးက ဘိုးစိန်ကို ကရုဏာသက်ဟန်ဖြင့်ကြည့်၍

" ရှင့်ကို ပုလိပ်တွေက စစ်ချက်ယူမလို့ပါ၊ ရှင်တို့အမှုက လူသေမှုလည်းဖြစ်တယ်ဆိုတော့ ပုလိပ်က စစ်မှာပေါ့ "

ဟု ပြောလေ၏။

ဘိုးစိန်သည် မိမိကို ပုလိပ်ကစစ်မည်ဆိုသဖြင့် စိတ်ကို တတ်နိုင်သမျှအေးအောင် ကြိုးစားရ၏။ ပုလိပ်များ သံသယ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်အောင် အစွမ်းကုန်ကြိုးစားပြီး သရုပ်ဆောင်ရန်လည်း ဆုံးဖြတ်ထား၏။

သူနာပြုဆရာမနှစ်ဦးသည် ဆေးရုံတစ်နေရာရှိ ရုံးခန်းကျယ်ကြီးသို့ ခေါ်ဆောင်သွားလေ၏။ ထိုရုံးခန်းထဲ၌ ပုလိပ်အရာရှိများနှင့်အတူ မသက်ရှိကိုလည်း တွေ့လိုက်ရ၏။

မသက်ရှိသည် မိမိကိုမကြည့်ဘဲ ကျောခိုင်းထိုင်နေ၏။ မသက်ရှိနှင့် ဘိုးစိန်သည် ကြိုတင်ကြံစည်ထားသည့်အတိုင်း မသက်ရှိက ဘိုးစိန်ကို မကျေနပ်ဟန်ဖြင့် ရှိနေလေ၏။

ထို့ကြောင့် ဘိုးစိန်ဆေးရုံတက်ရာသို့ မသက်ရှိ လာရောက်ကြည့်ရှုခြင်းမရှိခဲ့ချေ။

ထိုအခိုက်မှာပင် အခန်းထဲသို့ ဌာနအုပ်ကြီး ဝင်ရောက်လာလေ၏။ ဌာနအုပ်ကြီးသည် စားပွဲရှေ့ရှိ ကုလားထိုင်၌ဝင်ထိုင်လိုက်ကာ

"သူတို့ကား ချောက်ထဲကျတဲ့နေရာကနေ နည်းနည်းလွန်တာနဲ့ ကျုပ်ပိုင်နက်မဟုတ်တော့ဘူး၊ အခုတော့ ကျုပ်ပိုင်





နက်ထဲမှာဆိုတော့ ကျုပ်တို့ အလုပ်ရှုပ်ဦးမှာပေါ့၊ သူတို့ဖြစ်တဲ့ကိစ္စကလည်း အရက်အမူးလွန်ပြီး ကားမောင်းလို့ဖြစ်တဲ့ပြဿနာပါပဲ၊ မှုခင်းဆရာဝန်ရဲ့ဆေးစစ်ချက်အရ သူတို့နှစ်ယောက်စလုံး အရက်ကို အလွန်အကျွံသောက်ထားတယ်လို့သိရတယ်၊ အဲဒီနေ့က သူတို့ကားချောက်ထဲမကျမီ ကျုပ်တို့နဲ့ထမင်းဆိုင်မှာ မမျှော်လင့်ဘဲ သွားဆုံတယ်၊ ကိုမဲကို အဲဒီနေ့ကနောက်ဆုံးတွေ့ခြင်းပါပဲ"

ဟု ပြောလေ၏။ ထို့နောက် ဌာနအုပ်ကြီးက ဘိုးစိန်ဘက်သို့လှည့်၍

"ဘယ်လိုလဲ ဘိုးစိန်၊ မင်းရောဂါ သက်သာရဲ့လား"

ဟု မေးမြန်းလေ၏။

ဘိုးစိန်သည် ထိတ်လန့်တုန်လှုပ်ချောက်ချားနေသောအမူအရာမျိုးဖမ်းထားပြီး ခေါင်းကိုသာ ညိတ်ပြလိုက်၏။

ဌာနအုပ်ကြီးက

"မင်းကို ငါတို့ရဲ့စစ်ဆေးချက်နဲ့ပတ်သက်လို့ ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြောရဦးမယ်၊ ထွက်ဆိုချက်တွေကို သေသေချာချာ စဉ်းစားပြီးမှ ထွက်ဆိုပါ၊ ဒါတွေဟာ တစ်ချိန်မှာ မင်းကိုပြန်ပြီး အမှုပတ်နိုင်တယ်၊ ကဲ… အဲဒီနေ့က မင်းတို့နှစ်ယောက်စလုံး မူးနေတယ်ပေါ့၊ အရက်ကို ဘယ်သူစသောက်တာလဲ ”

ဟု မေးမြန်းလိုက်ရာ ကျွန်ုပ်က ခဏမျှငြိမ်သက်နေပြီး လေသံတိုးတိုးဖြင့်

“ ကိုမဲ စသောက်တာပါ ”

ဟု ပြောလိုက်၏။ ထိုအခါ မသက်ရီက ဘိုးစိန်ကို မုန်းတီးဟန်ဖြင့်ကြည့်၍

“ သူလိမ်နေတာ၊ ကျွန်မယောက်ျားကို အရက်သောက်ဖို့ မြှောက်ပင့်ပေးတာ သူပဲ၊ သူ့ကြောင့် ဒီလိုအဖြစ်ဆိုးကြီး ဖြစ်ပြီး ယောက်ျားအသက်ဆုံးရတာပါ ”

ဟု ပြောလိုက်ရာ ဘိုးစိန်က မသက်ရီကို စိတ်မသက်သာဟန်ဖြင့်ကြည့်၍

“ ကျုပ်က ခင်ဗျားတို့ဆိုင်ရဲ့ အလုပ်သမားပါဗျာ၊ ဒီလို





ခရီးမျိုးသွားရင် ယမကာမှီဝဲပြီးသွားရင် ကောင်းမယ်လို့ အကြံပေးမိတာပါ၊ တကယ်တော့ ခင်ဗျားယောက်ျား လိုက်နာမှုဖြစ်မှာပါ ”

ဟု ပြောလေ၏။ ထိုအခါ မသက်ရီက ဘိုးစိန်ကို မကျေနပ်ဟန်ဖြင့်ကြည့်၍

“ ငါ့ယောက်ျားက အရက်သောက်ဖို့အခွင့်အရေးကို အမြဲစောင့်နေတဲ့သူ၊ နင်မြှောက်ပေးတော့မှ သူက သောက်မှာပေါ့၊ နင့်ကြောင့် ကိုမဲ မသေသင့်ဘဲ သေရတာ ”

ဟု ပြောလိုက်ပြန်၏။ ဌာနအုပ်ကြီးက လက်ကာပြ၍

“ နေပါဦးဗျာ၊ ကျုပ်တို့ စစ်ဆေးပါရစေဦး၊ ခင်ဗျားတို့ ဒီလိုငြင်းခုန်နေရင် ကျုပ်တို့ ဘယ်လိုစစ်ဆေးရမှာလဲ၊ မသက်ရီကိုပဲ စစ်ဆေးတော့မယ်၊ အဲဒီနေ့က မသက်ရီက ဘယ်နေရာမှာ ထိုင်သလဲ ”

ဟု မေးမြန်းလေ၏။ မသက်ရီက

“ ကားအနောက်မှာ ထိုင်တာပါ၊ ကျွန်မယောက်ျားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစိန်က အရှေ့ကထိုင်တာပါ ”

ဟု ပြောလေ၏။ ဥာနအုပ်ကြီးက သက်ပြင်းချ၍

“ သူတို့ ကားကို အမြန်မောင်းသလား၊ ဒါမှမဟုတ် ပုံမှန်မောင်းတာလား ”

ဟု မေးမြန်း၏။ မသက်ရီက သက်ပြင်းချ၍

“ ကားကို အမြန်မောင်းနေတာပါ ”

ဟု ပြောလိုက်၏။ ဥာနအုပ်ကြီးက

“ မသက်ရီက ကားဖြည်းဖြည်းမောင်းဖို့ မတားဘူးလား ”

ဟု မေးမြန်း၏။ မသက်ရီက ခေါင်းညိတ်၍

“ တားပါတယ်ရှင်၊ ဒါပေမဲ့ ကျွန်မယောက်ျားက ဒီတောင်မြွောက်ပေးတာပဲ နားဝင်တယ်ရှင့်၊ ဒီလောက် အန္တရာယ်များတဲ့ တောင်တက်တောင်ဆင်းလမ်းမှာ အမြန်မောင်းတော့ အခုလို ဒုက္ခရောက်ရတာပေါ့ ”

ဟု ပြောလေရာ ဥာနအုပ်ကြီးက





“ ချောက်ထဲကျတဲ့နေရာကိုရောက်တော့ ဘယ်လိုဖြစ်ပြီး ချောက်ထဲကျတာလဲ ”

ဟု မေးမြန်းလေ၏။ မသက်ရီက

“ ကျွန်မ ဘာမှသဲသဲကွဲကွဲ မမှတ်မိပါဘူးရှင်၊ အဲဒီ တောင်အဆင်းလမ်းမှာ ကိုမဲက ကားကိုကွေ့ဖို့ကြိုးစားပါတယ်၊ ဒါပေမဲ့ အရှိန်ကမြန်လွန်းတော့ ကားကိုမထိန်းနိုင်ဘဲ ချောက်ထဲကို ကျသွားတာပါ ”

ဟု ပြောလေ၏။ ဥာနအုပ်က ခေါင်းညိတ်၍

“ မသက်ရီက ဘာဖြစ်လို့ ချောက်ထဲကျမသွားတာလဲ”

ဟု မေးမြန်း၏။ မသက်ရီက

“ ကား ချောက်ထဲကျကာနီးမှ ကျွန်မရဲ့ခန္ဓာကိုယ် ကားပေါ်က လွင့်စင်ကျသွားတာပါ၊ ကျွန်မ မြေပေါ်ကိုကျတော့ ထိတ်လန့်လွန်းလို့ တောင်အောက်ကို ပြေးကြည့်ခဲ့သေးတယ်၊ ကားဟာ တောင်အောက်ကို တလိမ့်ပြီးတလိမ့်ကျသွားတာပါပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ တစ်နေရာကိုရောက်တော့ ဆက်မလိမ့်တော့ဘဲ ရပ်တန့်သွားပါတယ်၊ ကျွန်မလည်း ကြောက်လွန်းလို့ အရှုးတစ်ယောက်လို အော်ဟစ်နေတုန်း အကူအညီပေးမဲ့ကား ရောက်လာတာပါ”

ဟု ပြောလေ၏။

ထို့နောက် ပုလိပ်များက သက်သေတစ်ဦးကို ခေါ်ဆောင်လာ၏။ ထိုသက်သေမှာ ဘိုးစိန်တို့ကား ချောက်ထဲသို့ မကျမီ ၎င်းတို့ကားအနီးသို့ရောက်လာသော လက်ဖက်ခြံမှ ယာဉ်မောင်း ဖြစ်၏။

ကိုငွေထွန်းက

“ ကျွန်တော်တို့ကား လက်ဖက်ခြံကထွက်လာပြီးတော့ မကြာပါဘူး၊ တောင်ကွေ့တစ်ခုမှာ ဒုက္ခရောက်နေတဲ့ မိန်းမတစ်ယောက်ကို တွေ့ရတယ်၊ မိန်းမက တောင်အောက်ကို လက်ညှိုးထိုးပြီး ကယ်တင်ဖို့ပြောနေတယ်၊ ကျွန်တော် ကားရပ်ပြီး တောင်အောက်ကိုကြည့်လိုက်တော့ ကားတစ်စီး ချောက်ထဲကို ကျနေတာမြင်ရတယ်၊ ဒါကြောင့် ကျွန်တော်လည်း ပုလိပ်အဖွဲ့ကိုအကြောင်းကြားပေးခဲ့ပါတယ်၊ ကျွန်တော်တစ်ယောက်တည်း ချောက်ထဲကိုဆင်းဖို့လည်း မဖြစ်နိုင်ဘူးလေ ”





ဟု ပြောလေရာ ဌာနအုပ်က မျက်မှောင်ကြုတ်၍

“ အဲဒီနေရာက ကားမောင်းသမားတွေအတွက် အန္တရာယ်များတဲ့ နေရာလား ”

ဟု မေးမြန်းလေ၏ ထိုအခါ လက်ဖက်ခြံယာဉ်မောင်း ကိုငွေထွန်းက ခေါင်းခါယမ်း၍

“ ဒီနေရာက တောင်အကွေ့လမ်းဆိုပေမဲ့ တော်တော်လေး ပြေပါတယ်၊ နောက်ပြီးတော့ အကွေ့လမ်းက နေရာရှိပါတယ်၊ ချောက်ထဲကိုကျသွားတာ အရက်အလွန် အကျွံသောက်ထားလို့ ဖြစ်ပါလိမ့်မယ် ”

ဟု ထွက်ဆိုလေ၏။

ထို့နောက် မှုခင်းဆိုင်ရာ ဆရာဝန်က ဘိုးစိန်နှင့်ကိုမြဲတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး အရက်အမူးလွန်နေကြောင်း၊ ကိုမဲသည် ခေါင်း၌ ပြင်းထန်သောဒဏ်ရာရရှိပြီး သေဆုံးကြောင်း ပြောလေ၏။

ထို့နောက် ဌာနအုပ်က ဘိုးစိန်ကိုကြည့်၍

" မင်း ဘယ်လိုထွက်ဆိုချင်သေးလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဘိုးစိန်က ခေါင်းခါယမ်း၍

" ကျုပ် ဘာမှထွက်ဆိုစရာအကြောင်း မရှိဘူး၊ ကျုပ်ဟာ အရက်အမူးလွန်နေသူမောင်းတဲ့ ကားက ချောက်ထဲကို ကျသွားတယ်၊ ကျုပ်ခေါင်းကို တစ်ခုခုနဲ့ရိုက်မိပြီး မေ့မြောသွားတယ်၊ ဒီအချိန်ကစပြီး ကျုပ် ဘာမှမသိတော့ဘူး၊ နောက်ဆုံးတော့ ကျုပ် ဆေးရုံကိုရောက်နေပြီး ခင်ဗျားတို့ရဲ့မေးခွန်းတွေကို ဖြေနေတယ် "

ဟု ပြောလိုက်လေ၏။ ဌာနအုပ်ကြီးသည် ဘိုးစိန်ထံမှ မသက်ရီ ဘက်သို့လှည့်သွားပြန်၏။





" ခင်ဗျားယောက်ျားသေတာနဲ့ပတ်သက်ပြီး ခင်ဗျား ဘာပြောချင်သေးသလဲ "

ဟု မေးမြန်းလေ၏။ မသက်ရီက ဝမ်းနည်းကြေကွဲသော အမူအရာဖြင့်

" ကျွန်မယောက်ျားသေတာ ကျွန်မအတွက်တော့ အကြီးမားဆုံး ဆုံးရှုံးမှုကြီးပါ၊ ရွှေတောင်ကြီးပြိုသွားသလိုပါပဲ၊ ကျွန်မ ကားပေါ်က လွင့်စင်ကျပြီး သူတို့နှစ်ယောက်ကို ကားပေါ်က အမြန်ခုန်ဆင်းဖို့ အော်လိုက်ပါသေးတယ်၊ ဒါပေမဲ့ အမူးလွန်နေတဲ့ သူတို့နှစ်ယောက်စလုံး ချောက်ထဲကို ပါသွားတာပါပဲ၊ တကယ်တော့ အရက်က သူတို့ကို ဒုက္ခပေးသွားတာပါ "

ဟု ပြောရင်း ဘိုးစိန်ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်ရာ သူတို့နှစ်ယောက် အကြည့်ချင်းဆုံသွားလေ၏။

ထို့နောက် ဌာနအုပ်က မည်သည့်မေးခွန်းကိုမျှမဆိုတော့ဘဲ ကိုမဲ ကားမှောက်၍သေဆုံးခြင်းနှင့်ပတ်သက်၍ ပုလိပ်အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ရာဇဝတ်မှုနှင့်ငြိစွန်းသည်ဟု ယူဆခြင်းမရှိကြောင်း ပြောဆိုလေ၏။

ဘိုးစိန်နှင့် မသက်ရှိသည် ပုလိပ်အဖွဲ့၏မှတ်ချက်ကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြန်၏။ ထို့နောက် သူနာပြုဆရာမလေးက ဘိုးစိန်အား ဘီးတပ်ကုလားထိုင်နှင့် ပြန်လည်ခေါ်ဆောင်သွားလေ၏။

ဌာနအုပ်ကြီးသည် ဘိုးစိန်၏ဘီးတပ်ကုလားထိုင်နံဘေးမှ ကပ်လိုက်လာပြီး

" ငါတို့ မြို့ခံပုလိပ်တွေကတော့ မင်းတို့ကို ရာဇဝတ်မှုနဲ့ ငြိစွန်းတယ်မထင်ဘူး၊ ဒါပေမဲ့ အာမခံသမားတွေကတော့ ငါတို့လိုယူဆမှာမဟုတ်ဘူး၊ မင်းတို့ကို ချောင်ပိတ်ပြီး ညှပ်မှူးညှပ်ပိတ်မေးခွန်းတွေနဲ့ တိုက်စစ်ဆင်လိမ့်မယ် "

ဟု ပြောလေရာ ဘိုးစိန်၏ ဌာနအုပ်၏မျက်နှာကို နားမလည်ဟန်ဖြင့်ကြည့်၍

" အာမခံသမားဟုတ်လား၊ သူတို့က ဒီအမှုမှာ ဘယ်လို





ပတ်သက်လို့လဲ "

ဟု မေးမြန်းလိုက်လေ၏။

ဌာနအုပ်ကြီးက ဘိုးစိန်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" အညာသားကိုမဲက တစ်သောင်းတန် အာမခံကြေးထားခဲ့တယ်ကွ၊ နောက်ဆို ပြစ်မှုကျူးလွန်မယ်ဆိုရင် အသက်အာမခံသမားတွေကို ဝေးဝေးရှောင်ကွ၊ သူတို့က ပိုက်ဆံအစိုကသမားတွေ၊ သူတို့ကုမ္ပဏီက ပိုက်ဆံမပေးရဖို့အရေးကို အစွမ်းကုန်ကြိုးစားလိမ့်မယ်၊ သူတို့ဟာ တရားခံတွေကို အမဲဖျက်တဲ့နေရာမှာ သိပ်တော်တယ်၊ အင်းစိန်စီအိုင်ဒီက စုံထောက်တွေ အကူအညီနဲ့ စုံစမ်းကြလိမ့်မယ်၊ ငါ့အထင် မနက်ဖြန်လောက်ဆို ရောက်မယ်ထင်တယ် "

ဟု ပြောလေရာ ဘိုးစိန်သည် တစ်စုံတစ်ရာကို နားလည်သဘောပေါက်သလိုရှိသွားပြီး ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားလေ၏။

မိမိကို မသက်ရှိက ဓားစာခံအဖြစ် အသုံးချသွားခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သလား။ ဘိုးစိန်က ဌာနအုပ်ကြီးမျက်နှာကိုကြည့်၍

" အသက်အာမခံအကြောင်းကို ကျုပ်လုံးဝမသိပါဘူး ဗျာ၊ ဌာနအုပ်ကြီးပြောမှ သိရတာပါ "

ဟု ပြောလေရာ ဌာနအုပ်ကြီးက သက်ပြင်းချ၍

" မင်းမသိပေမဲ့ မသက်ရီကတော့ သိပုံရတယ်၊ စီအိုင်ဒီက စုံထောက်လာရင် လိမ်လိမ်မာမာနဲ့ဖြေဖို့ကြိုးစား ပါကွာ၊ ဒါပေမဲ့ မင်းတို့နှစ်ယောက်ကို စီအိုင်ဒီကစုံထောက်က အမဲဖျက်မှာ သေချာတယ် "

ဟု ပြောလိုက်လေ၏။

ဘိုးစိန်သည် ဌာနအုပ်ကြီးပြောသွားသော အသက် အာမခံ ငွေတစ်သောင်းဆိုသည့်စကားကို နားထဲကမထွက်ဘဲ ရှိနေ၏။

မသက်ရီ၏သဘောထားနှင့်ပတ်သက်၍လည်း သံသယ ဖြစ်လာသလို ခံစားရ၏။ မသက်ရီသည် အညာသားကိုမဲ၏ အာမခံနှင့်ပတ်သက်၍ မိမိကို အဘယ်ကြောင့် ထိမ်ချန်ထား





လေသနည်း။

မသက်ရီကိုယ်တိုင် အညာသားကိုမဲ၏ အသက်အာမခံ ကိစ္စကို မသိခြင်းပေလော။ ဘိုးစိန်သည် ထိုညတစ်ညလုံး တွေးချင်ရာတွေး၍ အိပ်မရနိုင်ဘဲ ရှိနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ ဌာနအုပ်ကြီးခန့်မှန်းသကဲ့သို့ အာမခံကုမ္ပဏီမှ ခေါ်ယူထားသော စုံထောက် ရောက်ရှိလာလေ၏။

စုံထောက်၏အမူအရာသည် မိမိကိုယ်မိမိ ယုံကြည်မှုရှိပုံရပြီး ပြတ်ပြတ်သားသားဆောင်ရွက်မည့်ပုံပေါ်၏။

ဘိုးစိန်သည် ဆေးရုံ၏တစ်နေရာရှိ အခန်းငယ်လေးသို့ ရောက်ရှိသွားပြန်၏။ ထိုအခန်းထဲ၌ အင်းစိန်စီအိုင်ဒီမှ စုံထောက် စောင့်ကြိုနေပြီး စုံထောက်က တည်ကြည်သော အမူအရာဖြင့်





" မင်းရဲ့ကျန်းမာရေးအခြေအနေ ကောင်းတယ်မဟုတ်လား "

ဟု မေးမြန်းလိုက်ရာ ဘိုးစိန်က လေသံပြတ်ပြတ်ဖြင့်

" ကောင်းပါတယ် "

ဟု ဖြေလိုက်၏။ ထိုအခါ စီအိုင်ဒီစုံထောက်က

" ငါ့နာမည် အင်စပက်တော်လှမိုးလို့ ခေါ်တယ်၊ အာမခံကုမ္ပဏီအတွက် မင်းကို စစ်ဆေးဖို့ ရောက်လာတာပဲ"

ဟု ပြောလေ၏။

ပြီးနောက် ဘိုးစိန်၏မျက်လုံးများကို စူးစိုက်ကြည့်၍

" အညာသားကိုမဲရဲ့ဆိုင်မှာ အလုပ်လုပ်တာ ဘယ်လောက် ကြာပြီလဲ "

ဟု မေးမြန်းလေ၏။ ဘိုးစိန်က မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

" ငါးလ၊ ခြောက်လလောက်ရှိပြီ "

ဟု ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



" ကိုမဲရဲ့ဆိုင်မှာ ဘယ်လိုအလုပ်ဝင်ခဲ့တာလဲ "

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်က သက်ပြင်းချလိုက်ပြီး

" ကျုပ်က အလုပ်ရှာဖို့ ရွာကထွက်လာတယ်၊ ဒီမြို့မှာ ကားပျက်လို့ ကိုမဲဆိုင်မှာ ထမင်းဝင်စားတယ်၊ နောက်တော့ ကိုမဲနဲ့ စကားပြောဖြစ်ပြီး သူ့ဆိုင်မှာ အလုပ်လုပ်မလားလို့ မေးတယ်၊ ကျုပ်လည်း အလုပ်မရှိလို့ ဝင်လုပ်လိုက်တယ်၊ ဒါပါပဲ "

ထိုအခါ အင်စပက်တော်လှမိုးက

" မင်းနဲ့ကိုမဲ ရန်ဖြစ်ဖူးသလား၊ ကိုမဲကို သဘောကျသလား "

ဟု မေးမြန်းလေ၏။

" ကိုမဲဟာ သဘောကောင်းပြီး ရိုးသားတဲ့လူတစ်ယောက်ပါ၊ သူ့ဆိုင်မှာအလုပ်လုပ်တဲ့ အလုပ်သမားတွေဟာ သူ့ကို အမျိုးမျိုး ဒုက္ခပေးခဲ့တယ်၊ ကျုပ်အလှည့်ရောက်တော့ ဒုက္ခမပေးတဲ့အတွက် သူတော်တော်သဘောကျတယ်၊ ကျုပ်





ဆိုင်ကထွက်သွားမှာ မလိုလားဘူး၊ ကျုပ် သူ့ကို ဆိုင်ကထွက်ချင်လို့ အတန်တန်ပြောဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ ပြောမထွက်ဘူး ဖြစ်နေတယ်၊ သူဆေးရုံတက်တဲ့အချိန်လည်းရောက်ရော ကျုပ်လည်း လွတ်လပ်ပြီဆိုပြီး ဆိုင်က ထွက်ပြေးခဲ့တယ်၊ ကံဆိုးချင်တော့ အနီးဆုံးမြို့မှာ သူနဲ့ကျုပ် ပြန်ဆုံပြီး သူ့ဆိုင်ကို ပြန်ခေါ်သွားခဲ့တယ် "

ဟု ပြောလေ၏။

ဘိုးစိန်၏စကားဆုံးသည်နှင့် အင်စပက်တော်လှမိုးက

" မင်းပြန်ရောက်ပြီး ဘာမှမကြာသေးဘူး၊ ကိုမဲ အသက်ပေးလိုက်ရတာပဲ "

ဟု မသက်သာသော အမူအရာဖြင့် ပြောဆိုလေ၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

" ဒါကတော့ တိုက်ဆိုင်မှုတစ်ခုပါဗျာ "

ဟု ပြောလိုက်လေ၏။ ထိုအခါ အင်စပက်တော်လှမိုးက

" ငါကတော့ တိုက်ဆိုင်မှုလို့ မထင်ဘူးကွ၊ မသက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ မိန်းမကို ငါ မြင်မြင်ချင်း သတိထားမိလိုက်တယ် မသက်ရှိဟာ ဘယ်ယောကျ်ားမျိုးမှမငြင်းနိုင်တဲ့ တစ်လုံးတစ်ခဲ မိန်းမလှကြီးကွ၊ သူ့လိုလူမျိုးနဲ့ နီးနီးကပ်ကပ်နေရင် ဘယ်ယောကျ်ား မဖောက်ပြန်ဘဲနေမှာလဲ၊ မင်းနဲ့မသက်ရှိပေါင်းပြီး အညာသားကိုမဲကို ရှင်းပစ်လိုက်တာ မဖြစ်နိုင်ဘူးလား၊ မင်းအနေနဲ့ ကိုမဲကိုရှင်းလိုက်ရင် မသက်ရှိကိုလည်းရမယ်၊ ကိုမဲရဲ့ အသက်အာမခံငွေတစ်သောင်းကိုလည်း အပိုင်သိမ်းလို့ရမယ် ဒီတော့ မင်းတို့ကျူးလွန်တဲ့အမှုကို မြန်မြန်သာဝန်ခံလိုက်ပေတော့ ”

ဟု ပြောလိုက်လေ၏။

ဘိုးစိန်သည် အင်စပက်တော်လှမိုး၏စွပ်စွဲချက်ကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး

“ ခင်ဗျား ကျွန်တော့်ကို အပြစ်တွေပုံချနေတာပဲဗျ ဒီလိုအဖြစ်မျိုးကို ကျုပ် လုံးဝမကျူးလွန်ဘူး ”

ဟု ငြင်းဆန်လိုက်လေ၏။ ထိုအခါ အင်စပက်တော်လှမိုး





က ဘိုးစိန်ကို ယုံကြည်ဟန်မရှိဘဲ အလွန်သေချာသော အမူအရာဖြင့်

“ ငါ ဘာကြောင့် အမှုရဲ့အဖြေမှန်ကို အမြန်ဆုံးစဥ်းစားမိသလဲဆိုတော့ လူတစ်ယောက်ဟာ လအနည်းငယ်အတွင်းမှာ အသက်အန္တရာယ်ဖြစ်တဲ့အဖြစ်မျိုး နှစ်ကြိမ်တောင် ကြုံတွေ့ခဲ့တယ်၊ နောက်ပြီးတော့ ဒီလူဟာ အသက်အာမခံတွေ အများကြီးထားတယ်၊ သူအသက်အာမခံထားတာလည်း သိပ်မကြာသေးဘူးကွ၊ ဒီမှာ ဘိုးစိန်၊ ငါကြုံဖူးတဲ့အမှုတွေထဲမှာ ဒီအမှုက အလွယ်ဆုံးပဲကွ၊ မင်း အမြန်ဆုံးဝန်ခံလိုက်စမ်းပါ ”

ဟု ပြောလိုက်ရာ ဘိုးစိန်သည် အင်စပက်တော်လှမိုး၏ စွပ်စွဲချက်များကြောင့် ရင်ထဲတွင် ပို၍ ကျပ်တည်းလာ၏။

ဘိုးစိန်က စိတ်ကိုအတည်ငြိမ်ဆုံး ထိန်းချုပ်၍

“ ခင်ဗျား ကျုပ်ကို မတရားစွပ်စွဲသလို ဖြစ်နေပြီ၊ ကျုပ်က ချောက်ထဲပြုတ်ကျပြီး သေလုမြောပါးဖြစ်နေတဲ့ကောင်ပါဗျ၊ ဒီလိုလူမျိုးကို ခင်ဗျား ဘာတွေစွပ်စွဲနေတာလဲ ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

ဘိုးစိန်၏စကားကြောင့် အင်စပက်တော်လှမိုး၏မျက်နှာ ကွက်ခနဲပျက်သွားလေ၏။ သို့သော် ၎င်းက ဟန်ဆောင်ရယ် မောလိုက်ပြီး

" ဟား ဟား ဟား... မတရားစွပ်စွဲတယ် ဟုတ်လား၊ မင်း ခေါင်းအေးအေးထားပြီး နားထောင်စမ်း၊ မင်းနဲ့မသက်ရှိ ငြိစွန်းကြတယ် မဟုတ်လား၊ မသက်ရှိဟာ အင်မတန်စွဲမက် စရာကောင်းတဲ့ မိန်းမကွ၊ မင်းကလည်း လှပတဲ့အလှပက စားပွဲထိုးဆိုပေမဲ့ ခါတ်ရှင်ရိုက်စားလို့ရတဲ့ရုပ်မျိုးကွ၊ မင်းတို့ နှစ်ယောက် မဖောက်ပြန်ဘူးဆိုရင် ဘယ်သူတွေဖောက်ပြန်မှာ လဲ၊ ငါ့အထင်တော့ မင်းတို့နှစ်ယောက် အညာသားကိုမဲ ရှာချိုးခန်း မတော်တဆမဖြစ်မီကတည်းက တိတ်တိတ်ခိုး ဖောက်ပြန်နေတာဖြစ်မယ်၊ အညာသားကိုမဲ ဆေးရုံတက်တဲ့ အချိန်တွေမှာတော့ မင်းတို့နှစ်ယောက်အတွက် နိဗ္ဗာန်ပေါ့ကွ အဲဒီတုန်းက ပျော်ချင်တိုင်းပျော်ခဲ့ပြီး ဒီအပျော်မျိုးကို တစ်သက်





လုံး ရယူချင်လာတယ်၊ ဒါကြောင့် အညာသားကိုမဲကို ရှင်းပစ် ရတာပဲ "

ဟု စွဲချက်တင်လေ၏။

၎င်း၏စွဲချက်များသည် မှန်ကန်လွန်းသဖြင့် ဘိုးစိန်သည် မည်သို့ငြင်းဆန်ရမှန်းမသိ ဖြစ်သွားလေ၏။

အင်စပက်တော်လှမိုးနှင့် မသက်ရှိတွေ့ဆုံလျှင် မည်သို့ သော ထွက်ဆိုချက်များ ဖြစ်ပေါ်လာမည် မသိချေ။

အင်စပက်တော်လှမိုးက ဘိုးစိန် ငြိမ်သက်နေခြင်းကို ကြည့်၍ အားရဟန်ဖြင့် ရယ်မောလိုက်ပြီး

" မင်း ဝန်ခံတော့မယ် မဟုတ်လား၊ မင်း ဝန်ခံလိုက် စမ်းပါ၊ ဒါဆိုရင် အပြစ်တော်တော်များများက မသက်ရှိဆီကို ရောက်သွားမယ်၊ မင်းကတော့ အစိုးရသက်သေဖြစ်သွားမယ်၊ မင်းတို့နှစ်ယောက်ပေါင်းပြီး ကိုမဲကိုသတ်လိုက်တယ် မဟုတ် လား "

ဟု ပြောဆိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစိန်သည် အင်စပက်တော်လှမိုး၏ပြင်းထန်သော စွဲချက်များကို လူးလိမ့်နေအောင် ခံနေရ၏။

သို့သော် ဘိုးစိန်သည် စိတ်နိုင်မာသူတစ်ဦးဖြစ်သဖြင့် အလွယ်တကူ အလျှော့ပေးလိုစိတ်မရှိချေ။

" ခင်ဗျားရဲ့စွပ်စွဲချက်တွေဟာ ကျွန်တော်နဲ့ မသက်ရှိရဲ့ ရိုးသားမှုကိုပါ စော်ကားနေပြီ "

ဟု ပြောလေ၏။ ထိုအခါ အင်စပက်တော်လှမိုးက ခေါင်းခါယမ်း၍

" မင်းတော်တော်ခေါင်းမာတဲ့လူပဲကွ၊ သေသေချာချာ နားထောင်၊ ဂျစ်ကားချောက်ထဲပြုတ်ကျသွားတာ သွေးရိုးသားရိုး လုံးဝမဟုတ်ဘူး၊ မင်းတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် ရဲ့ လက်ချက်မဟုတ်လား၊ မသက်ရှိမဟုတ်ဘူးဆိုရင်တော့ မင်းပဲ ကျူးလွန်တာဖြစ်မယ်၊ ကားပေါ်ကနေ ကမူးရှူးထိုးခုန်ချ လိုက်တဲ့ မိန်းမက လက်ကိုင်အိတ်ကိုတော့ ကားအပြင်ကို အပါ ယူနိုင်ခဲ့တယ်၊ ဒါဟာ လုံးဝအဓိပ္ပါယ်မရှိဘူးကွ၊ အားလုံး





သိမ်နေတာ "

ဟု စွပ်စွဲလေ၏။

ဘိုးစိန်သည် မသက်ရှိ လက်ကိုင်အိတ် ယူမယူ မသိ နိုင်ချေ။ ထို့ကြောင့် ခေါင်းခါယမ်း၍

" ဒါတော့ ကျုပ်မသိဘူး၊ ကျုပ်သိတာက ကိုမဲမောင်း တဲ့ကား ရိုးရိုးသားသား ချောက်ထဲပြုတ်ကျသွားတာပဲ သိ တယ်"

ဟု ပြောလေ၏။ အင်စပက်တော်လှမိုးက အံကိုကြိတ်၍

" မသက်ရှိက အာမခံငွေတစ်သောင်းအတွက် သူ့ ယောက်ျားကိုမဲကို အပြတ်ရှင်းတယ်၊ မင်းကိုယ်တိုင်လည်း ကားပေါ်ကပါသွားပြီး ကိုမဲနဲ့အတူခံရတယ်ဆိုတာ မဖြစ်နိုင် ဘူးလား "

ဟု မေးပြန်၏။ ဘိုးစိန်က ခေါင်းခါယမ်း၍

" မဖြစ်နိုင်ဘူး၊ မသက်ရှိကကျူးလွန်တယ်ဆိုရအောင် မသက်ရှိက ကားမောင်းတဲ့သူမှမဟုတ်တာ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ သို့သော် အင်စပက်တော်လှမိုးက လက်မလျှော့သေးဘဲ

" မသက်ရှိကိုယ်တိုင် ကားမမောင်းပေမဲ့ ခရီးထွက်တာနဲ့ အညာသားကိုမဲကို အရက်တွေသောက်နိုင်းခဲ့တယ်၊ မင်းကိုယ်တိုင်လည်း အရက်နည်းနည်းသောက်ခဲ့တယ်၊ ကားပေါ်မှာ ပုလိပ်တွေသတိပြုမိအောင် အရက်ပုလင်းတွေ အများကြီးသယ်လာခဲ့တယ်၊ မင်းတို့ဟာ လမ်းခရီးမှာ ဌာနအုပ်ကြီးနဲ့ဆုံခဲ့တယ်၊ မင်းတို့ရဲ့အကြံအစည်အောင်မြင်အောင် ဌာနအုပ်ကြီးကို အရက်တစ်ပုလင်း လက်ဆောင်ပေးခဲ့သေးတယ်၊ တကယ်တော့ ဒီအမှုကြီးကို ကျူးလွန်ဖို့အတွက် မင်းတို့နှစ်ယောက် ကြိုတင်ကြံစည်ထားတာလို့ ငါယုံတယ်၊ မင်းတို့လိုလူမျိုးတွေအတွက် အာမခံကုမ္ပဏီက ငွေတစ်သောင်းပေးရမှာလား "

ဟု ပြောလေ၏။ ဘိုးစိန်သည် အင်စပက်တော်လှမိုး အာမခံကုမ္ပဏီအတွက် မိမိတို့ကို အသေအလဲတိုက်ခိုက်နေမှန်း သိသဖြင့်





" သြော်... ခင်ဗျားတို့အာမခံကုမ္ပဏီက ဒီလိုသဘောမျိုးလား၊ အာမခံထားတဲ့ငွေတစ်သောင်းမပေးချင်တာနဲ့ အပြစ်မဲ့တဲ့သူတွေကို အပြစ်ရှိတယ်ဆိုပြီး မတရားစွပ်စွဲနေတာလား၊ ခင်ဗျားတို့ အာမခံငွေတစ်သောင်းကို မပေးရင်နေပါစေ၊ ကျုပ်တို့ကို အပြစ်ရှိတဲ့တရားခံတွေဆိုပြီး မတရားမစွပ်စွဲပါနဲ့၊ တကယ်တော့ ကျုပ်ကိုယ်တိုင် အန္တရာယ်နဲ့တွေ့ပြီး ကားနဲ့အတူ ချောက်ထဲကိုပါသွားခဲ့တာပါ၊ ခင်ဗျားတို့ကုမ္ပဏီရဲ့လုပ်ရပ်ကို သတင်းထောက်တွေနဲ့တွေ့ရင် ‹‹ ဖျူပ်ဖွင့်ချမယ်၊ ခင်ဗျားတို့ဟာ စားပဲစားချင်တယ်၊ လျှော်ချင်တဲ့သူတွေမဟုတ်ဘူး "

ဟု ဒေါသတကြီး အမှုအရာဖြင့် ပြောဆိုလိုက်ရာ အင်စပက်တော်လှမိုး၏မျက်နှာ ပျက်ယွင်းသွားပြီး

" ဒီလိုသဘောမထားပါနဲ့ကွာ၊ ငါတို့ကလည်း အသက်အာမခံကုမ္ပဏီအနေနဲ့ သေချာအောင် စစ်ဆေးရတဲ့သဘောပါ၊ အသက်အာမခံကုမ္ပဏီက မစစ်ဆေးဘဲ ငွေတစ်သောင်းကို လွယ်လွယ်ထုတ်ပေးလိုက်ရင် နောင်ကြရင် ဒီလိုမသမာမှုမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပေါ်ပေါက်လာနိုင်တယ် ”

ဟု ပြောလေ၏။ ဘိုးစိန်က မိမိ၏အကြံအစည် အောင်မြင်သဖြင့် မျက်နှာကို တင်းမာလိုက်ပြီး

“ ဘာ… ကျုပ်တို့ကိစ္စက မသမာမှု ဟုတ်လား၊ ကျုပ် ကိုယ်တိုင် အသက်အာမခံကို သိခဲ့တာမဟုတ်ဘူးဗျ၊ ခင်ဗျား မသမာမှုလို့ ဘာကြောင့်စွပ်စွဲရတာလဲ ”

ဟု ပြောလေ၏။

ဘိုးစိန်၏စကားကြောင့် အင်စပက်တော်လှမိုးက ထိတ်လန့်ဟန်ဖြင့် လက်ကာပြ၍

“ ကောင်းပြီ၊ ဒီအမှုမှာ မင်းတို့နှစ်ယောက် အပြစ်မရှိဘူး၊ ရှိသားတယ်လို့ ယူဆလိုက်ပြီ၊ ဒီလိုနှိုက်နှိုက်ချွတ်ချွတ်မေးလို့ စိတ်မရှိပါနဲ့ကွာ၊ ငါလည်း တာဝန်အရမေးရတာပါ၊ ဒီအကြောင်းတွေကို သတင်းစာတွေလည်း မသိပါစေနဲ့ ”

ဟု ဆိုလိုက်ရာ ဘိုးစိန်သည် မိမိတို့ ငရဲတွင်းမှ လွတ်မြောက်ပြီဟု ရိပ်စားမိလိုက်၏။





ရင်ထဲတွင် ဖော်မပြနိုင်အောင် ဝမ်းသာပျော်ရွှင်သွားသော်လည်း မိမိကိုယ်မိမိ အစွမ်းကုန်ထိန်းချုပ်၍

“ ကျုပ်တို့အသက်အန္တရာယ်နဲ့ကြုံတွေ့ရတာတောင် သူတစ်ပါး မတရားစွပ်စွဲတာ ခံရသေးတယ်၊ အညာသားကိုမဲဟာ အသက်အာမခံထားတာ သိပ်မှားတယ်၊ သူ အသက်အာမခံထားတဲ့အတွက် ကျန်ရစ်သူတွေ စော်ကားခံရတယ် ”

ဟု ပြောလိုက်လေ၏။ အင်စပက်တော်လှမိုး ထွက်ခွာသွားပြီးနောက် ဘိုးစိန်သည် ဝမ်းသာလွန်းသဖြင့် ကြမ်းပေါ်တွင် နှစ်ပတ်သုံးပတ် ကျွမ်းထိုးချင်စိတ်များ ဖြစ်ပေါ်သွား၏။

မိမိတို့၏အကြံအစည်များ အောင်မြင်သွားချေပြီ။ မိမိ၏အချစ်ခရီးလမ်း၌ အနှောင့်အယှက်ဖြစ်နေသော အညာသားကိုမဲကို အောင်မြင်စွာ လုပ်ကြံနိုင်ရုံမက အာမခံငွေတစ်သောင်းကိုပင် ရရှိတော့မည်။

အင်စပက်တော်လှမိုး၏ဆုံးဖြတ်ချက်ကို မသက်ရှိ သိရှိပါက ဝမ်းသာပျော်ရွှင်သွားမှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အခန်းထဲသို့ ဥာနအုပ်ကြီးရောက်ရှိလာပြီး ဘိုးစိန်၏ပခုံးကိုလက်တင်ကာ

" မင်းတို့ရဲ့အဆိုးဆုံးအခြေအနေကတော့ ပြီးဆုံးသွားပြီ၊ အာမခံ ကုမ္ပဏီကစုံထောက်တော့ လက်လျှော့ပြီး ပြန်သွားပြီ၊ မင်းတို့ကို အာမခံငွေထုတ်ပေးဖို့ပဲ ကျန်တော့တယ် "

ဟု ပြောလေရာ ဘိုးစိန်က အာမခံငွေနှင့်ပတ်သက်၍ စိတ်ဝင်စားခြင်းမရှိသဖြင့်

" ဒီအကြောင်းကို မသက်ရှိကိုပဲ ပြောလိုက်ပါဗျာ၊ ကျွန်တော်ကတော့ သံသယတရားခံအဖြစ်က လွှတ်မြောက်ရင်ပဲ ကျေနပ်လှပါပြီ၊ ကျွန်တော့်မှာ သေလုမျောပါလည်း ခံလိုက်ရသေးတယ်၊ တရားခံအဖြစ်လည်း စွပ်စွဲခံရတယ်၊ ဒီလူတွေ တော်တော်ဆိုးတယ်ဗျာ "

ဟု ညည်းညူလိုက်လေ၏။ ဥာနအုပ်ကြီးက သက်ပြင်းချ၍

" ဒါဟာ အာမခံကုမ္ပဏီရဲ့လုပ်ငန်းစဉ်ထဲက တစ်ခုပဲ





ကွ၊ ဒါနဲ့နေပါဦး၊ ဆေးရုံကဆင်းရင် ထမင်းဆိုင်မှာပဲ ပြန်အလုပ်လုပ်မှာလား "

ဟု မေးမြန်းလေ၏။

ဘိုးစိန်သည် မိမိအတွက် အန္တရာယ်ရှိသောမေးခွန်းဖြစ်သဖြင့်

" မလုပ်တော့ပါဘူးဗျာ၊ ကျွန်တော့်ဘာသာ ရောက်ရာပေါက်ရာကိုပဲ ထွက်သွားပါတော့မယ်၊ မသက်ရှိကလည်း ကျွန်တော့်ကို သူ့ယောက်ျားကိစ္စနဲ့ မုန်းတီးနေတော့ ဆိုင်မှာ အလုပ်ပြန်လုပ်ဖို့ မဖြစ်နိုင်ပါဘူး "

ဟု ပြောလေရာ ဥာနအုပ်ကြီးသည် မည်သည့်စကားကိုမျှမဆိုဘဲ ငြိမ်သက်သွားလေ၏။

ဘိုးစိန် ဆေးရုံကဆင်းမည့်နေ့တွင် ဥာနအုပ်ကြီးနှင့်အတူ မသက်ရှိတို့ ရောက်ရှိလာ၏။ မသက်ရှိက ဘိုးစိန်ကိုကြည့်၍ မျက်နှာတည်တည်ဖြင့်

" မင်း ဘယ်ကိုမှသွားစရာမရှိရင် ငါ့ဆိုင်မှာပဲ ပြန်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ပါ၊ ငါ့ယောက်ျားဆုံးကာစက မင်းကို ငါ အတော် စိတ်ဆိုးတယ်၊ နောက်တော့လည်း သတ္တဝါအားလုံးဟာ ကံစီမံ ရာပဲလို့တွေးပြီး စိတ်ကို ဖြေသိမ့်ခဲ့ရတယ် ”

ဟု ပြောလေရာ ဘိုးစိန်က မသက်ရှိကိုကြည့်၍

“ နေပါစေဗျာ၊ ကျုပ် ဒီမြို့ကထွက်ပြီး အခြားနေရာမှာ ပဲ အလုပ်ရှာချင်တယ် ”

ဟု ပြောလေ၏။ ထိုအခါ မသက်ရှိက ခေါင်းညိတ်၍

“ ဒါဆိုရင်လည်း မင်းသဘောပါပဲ၊ ဒါပေမဲ့ လော လောဆယ် နေစရာမရှိသေးရင် ငါ့ဆိုင်မှာ ခဏနေလို့ ရပါတယ် ”

ဟု ပြောလေရာ ဘိုးစိန်က ဌာနအုပ်ကြီးရှေ့၌ ဤကဲ့သို့ ဖြင့်

“ ဆိုင်မှာခဏနေခွင့်ပေးတာ ကျေးဇူးတင်ပါတယ်၊ ကိုမဲအတွက်တော့ ကျွန်တော် တကယ်စိတ်မကောင်းပါဘူး ”

ဟု ပြောလိုက်လေ၏။





ငင်းတို့သည် ဆိုင်သို့ မြင်းလှည်းဖြင့်ပြန်လာခဲ့လေ၏။ မြင်းလှည်းပေါ်တွင် သူတို့နှစ်ယောက်စလုံး မည်သည့်စကားမျှ မဆိုဘဲ ငြိမ်သက်စွာ လိုက်ပါလာလေ၏။

အိမ်သို့ရောက်သောအခါ အိမ်တံခါးကိုပိတ်လိုက်ပြီး နှစ်ယောက်သား ဝမ်းသာအားရ ပွေ့ဖက်လိုက်ကြ၏။

ထိုအချိန်မှစ၍ ငင်းတို့နှစ်ယောက်စလုံး မည်သူ့ကိုမျှ ဂရုမစိုက်၊ ငရဲကျမှာကိုလည်း မကြောက်ဘဲ အမှောင်တိုက်ထဲ သို့ မိုက်မိုက်မဲမဲ တိုးဝင်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်ပိုင်းအတွင်း ၎င်းတို့နှစ်ယောက်သည် မိုးမမြင် လေမမြင် ပျော်ပါးကြလေ၏။ ထိုအခါမှပင် မသက်ရီက

" အသက်အာမခံကိစ္စကို ကျွန်မ လုံးဝမသိဘူးရှင့်၊ ကိုမဲက ကျွန်မကို အသိမပေးဘဲ ကိုယ်တိုင်လုပ်ထားတာဖြစ်မယ် "

ဟု ပြောလေရာ ဘိုးစိန်က ရယ်မော၍

" ဟဲ ဟဲ ... ဒီလူကြီးက သူသေတဲ့အချိန်မှာ ကျုပ်တို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် စီစဉ်ပေးသွားတာ ဗျ၊ သူ့ကို ကျေးဇူးတင်ရမယ် "





ဟု ပြောလေရာ မသက်ရီက ရယ်မော၍

" ဌာနအုပ်ကြီးရှေ့မှာ ဒီဆိုင်မှာမလုပ်တော့ဘူးလို့ ရှင် ပြောခဲ့တယ်၊ ရှင် ဘယ်တော့ထွက်သွားမှာလဲ "

ဟု မေးမြန်းလိုက်ရာ ဘိုးစိန်က ရယ်မော၍

" ဟား ဟား ဟား ... မင်းရှိတဲ့နေရာက ငါ တစ်ဖဝါးမှ မခွာဘူး "

ဟု ပြောလိုက်လေ၏။

ထိုအချိန်မှစ၍ ၎င်းတို့နှစ်ယောက်သည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ မိုးမမြင် လေမမြင် ပျော်ရွှင်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဘိုးစိန်သည် ထမင်းဆိုင်သို့ လာရောက်စားသောက်သူများ၏စကားကို နားစွန်နားဖျားကြားလေ၏။

ထိုသူများ၏စကား၌ 'အညာသားမောင်မဲ ထမင်းဆိုင်ကောင်းတယ်' ဟူသော စကားပါရှိ၏။

ဘိုးစိန်သည် အညာသားမောင်မဲနှင့်ပတ်သက်သော အတိတ်နိမိတ်များကို မကြားချင်၊ မမြင်ချင်တော့ချေ။

ထို့ကြောင့် မသက်ရှိအားခေါ်၍



" ကျုပ်တို့ဆိုင်ရဲ့နာမည်ကို ပြောင်းရအောင်

ဟု ပြောလေ၏။ မသက်ရှိက အလေးအနက်ထားဟန်မရှိဘဲ

" ရှင် ဘယ်လိုပြောင်းချင်လဲ "

ဟု မေးမြန်းလေ၏။ ဘိုးစိန်က အတန်ကြာအောင် စဉ်းစားပြီးနောက်

" မြွေဟောက်ဆိုရင် မကောင်းဘူးလား "

ဟု ပြောလိုက်လေ၏။ မသက်ရှိသည် ဘိုးစိန်၏အိတ်ထဲရှိ ရုပ်လုံးသွင်းမြွေဟောက်ရုပ်ကို မြင်ယောင်လိုက်ပြီး

" ရှင်ကတော့ ဘာလုပ်လုပ် မြွေဟောက်မပါရင် အလုပ်လုပ်လို့မရဘူးလား "

ဟု ပြောလိုက်လေ၏။ ဘိုးစိန်က ခေါင်းညိတ်၍

" ဒါကတော့ ကျုပ်အဖေက မြွေဆရာကိုးဗျ၊ ကျုပ်အဖေရဲ့ နောက်ဆုံးအမွေကလည်း ရုပ်လုံးသွင်းမြွေဟောက်တစ်ကောင်ပဲ၊ ဒါကြောင့် ကျုပ်နဲ့မြွေဟောက် ခွဲမရဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ဘိုးစိန်၏စကားကြောင့် မသက်ရှိသည် နာမည်နှင့်ပတ်သက်၍ အလေးအနက်ရှိသူမဟုတ်သဖြင့်

" ဒါဆိုရင်လည်း ရှင့်သဘောအတိုင်းပါပဲ၊ မြွေဟောက်ဆိုတဲ့ဆိုင်းဘုတ်ကို ရှင် အမြန်ဆုံးသွားလုပ်ပေတော့ "

ဟု ပြောလေ၏။

ထိုအခါ ဘိုးစိန်သည် မြို့ထဲသို့သွား၍ ပန်းချီဆရာထံ၌ ထမင်းဆိုင်အတွက် ဆိုင်းဘုတ်သစ်ကို အပ်နှံလေ၏။

ဆိုင်းဘုတ်ရရှိသောနေ့တွင် သွားယူပြီး မသက်ရှိကို ပြသရာ မသက်ရှိက ဆိုင်းဘုတ်ကိုကြည့်၍

"မြွေဟောက်ထမင်းဆိုင်လည်း မဟုတ်ဘူး၊ မြွေဟောက်နားနိုးရာတဲ့၊ ရှင် ဘာတွေလုပ်မလို့လဲ "

ဟု ပြောလေ၏။ ဘိုးစိန်က ရယ်မော၍

" ဒီနေရာမှာ ထမင်းဆိုင်တစ်ခုတည်းဖွင့်သ ျတဲ့နေရာ မဟုတ်ဘူး၊ ထမင်းဆိုင်အပြင် အဝေးပြေးကားတွေအတွက်





နားနိုးရာဖြစ်ရမယ်၊ ဒီမှာ ထမင်းစားလို့ရမယ်၊ အရက်သောက်လို့ရမယ်၊ သတင်းစာဂျာနယ် ဖတ်လို့ရမယ်၊ ဘိလိယက်လည်း ကစားချင် ကစားလို့ရမယ်၊ ဒါဟာ နားနိုးစခန်းတစ်ခု ဖြစ်ရမယ်"

ဟု ပြောလေ၏။

" ရှင်လုပ်ချင်ရာ လုပ်ပေတော့၊ ကျွန်မကတော့ ဟောဒီလို ရှင်နဲ့ပျော်နေရရင် ကျေနပ်ပြီ၊ ကျွန်မဘဝမှာ အလို မကျခဲ့တာတွေ သိပ်များတယ်၊ ရှင်နဲ့တွေ့တော့မှ ကျွန်မရဲ့ဘဝ ကြီး ပြီးပြည့်စုံတယ်၊ ကျွန်မအလိုကျအောင် ရှင် အမြဲနေပေးရမယ်နော် "

ဟု ဆိုလိုက်ရာ ဘိုးစိန်က သူမကိုပွေ့ဖက်၍

" ဘယ်တုန်းက အလိုမကျအောင်နေပေးခဲ့လို့လဲ "

ဟု မေးမြန်းလိုက်ပြီး သူမကိုပွေ့ဖက်၍ အိပ်ခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။

မသက်ရှိက ဘိုးစိန်၏ရင်ခွင်ထဲမှ ရုန်းကန်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကြီးမှာ ရှင်အိပ်တော့မလို့လား၊ ဆိုင်မဖွင့်ဘူးလား"

ဟု မေးမြန်းလိုက်၏။ ဘိုးစိန်က ရယ်မော၍

" ကျုပ်တို့ဆိုင်က ဖွင့်ချိန် ပိတ်ချိန် တိတိကျကျ မရှိဘူး၊ ဖွင့်ချင်တဲ့အချိန် ဖွင့်တယ်၊ ပိတ်ချင်တဲ့အချိန်ပိတ်တယ်၊ ဒါဟာ မြွေဟောက်ရဲ့မူဝါဒပဲ "

ဟု ပြောဆိုပြီး အိပ်ခန်းတံခါးကို ပိတ်လိုက်လေ၏။





မကြာမီအချိန်အတွင်း အညာသားကိုမဲ၏ အာမခံငွေ တစ်သောင်းသူတို့လက်ထဲသို့ ပိုင်ပိုင်နိုင်နိုင် ရောက်ရှိသွားလေ၏။

မသက်ရှိက ငွေတစ်သောင်းပါရှိသော ချက်လက်မှတ်ကို ကိုင်၍

" ကျွန်မတို့ သူဌေးဖြစ်ပြီ၊ သူဌေးဖြစ်ပြီ "

ဟု အော်ဟစ်လိုက်ကြလေ၏။

ပြီးနောက် မသက်ရှိက တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားဟန်ဖြင့်

" တကယ်တော့ အညာသားကိုမဲဟာ ဒီငွေတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သုံးလို့ရအောင် စီစဉ်ပေးခဲ့တာ၊ ရှင်စဉ်းစားကြည့်လေ၊ အသက်အာမခံငွေဆိုတာ လူသေမှရမှာ မဟုတ်လား၊ ဒီငွေတွေကို သူသုံးဖို့ အာမခံခဲ့တာ မဟုတ်ဘူး၊ ကျွန်မသုံးဖို့ အာမခံလုပ်ခဲ့တာ၊ တကယ်တော့ ကျွန်မတို့နှစ်ယောက်စလုံး လူဆိုးတွေပါ၊ အညာသားကိုမဲ ကျွန်မကို လိုလေသေးမရှိအောင်ထားပေးခဲ့တယ်၊ ကျွန်မတို့က သူ့ကို ဂျစ်ကားပေါ်တင်ပြီး ချောက်ထဲ တွန်းချခဲ့တယ်၊ ကျွန်မတို့သေရင် ငရဲခံရမှာလား မသိဘူး ''

ဟု ပြောလေရာ ဘိုးစိန်က မသက်ရှိကိုကြည့်၍

'' အခုတော့ နောင်တရနေပြီလား၊ ဒီအစီအစဉ်တွေအားလုံးကို မင်းကိုယ်တိုင် အားတက်သရော စီစဉ်ခဲ့တာနော် ''

ဟု ပြောလေ၏။

မသက်ရှိက လေသံတိုးတိုးဖြင့်

'' ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ တစ်နေ့နေ့မှာ ပြန်ပြီးဝဋ်လည်မှာကြောက်တယ် ''





ဟု ပြောလေရာ ဘိုးစိန်က ရယ်မော၍

'' မဖြစ်သေးတာတွေကို စဉ်းစားပြီးတော့ တုန်လှုပ်မနေနဲ့၊ လောလောဆယ် ကျုပ်တို့မှာ ပိုက်ဆံရှိတယ်၊ မြန်မာပြည်အနှံ့ ခရီးသွားကြမယ် ''

ဟု ဆိုကာ မသက်ရှိကိုအဖော်ခေါ်၍ မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ခဲ့လေ၏။

ဘုရားဖူးထွက်ရာမှပြန်လာပြီး စိန်နှစိန်ဆိုသော မိန်းမတစ်ယောက်အား ဆိုင်၌ တောက်တိုမယ်ရခိုင်းရန် ခေါ်ဆောင်ထားလိုက်၏။

စိန်စိန်သည် ငှင်းတို့မြို့၌ ဟင်းရွက်စုံရောင်းချပြီး အသက်မွေးဝမ်းကျောင်းသူ ဖြစ်၏။ စိန်စိန်သည် ရုပ်ဆိုးသော မိန်းမ တစ်ဦးဖြစ်သဖြင့် မသက်ရှိသည် အထူးသဘောကျနေလေ၏။

ဘိုးစိန်က စိန်စိန်၏ရုမ်ရည်ကိုကြည့်၍

'' ကျုပ်တို့ဆိုင်နာမည်က နားခိုရာနော်၊ မင်းရဲ့အလုပ်



www.burmeseclassic.com

သမားကိုမြင်ရင် ကားဆရာတွေ နားခိုရာမဖြစ်ဘဲ ထိတ်လန့်ရာဖြစ်သွားမယ် ”

ဟု ပြောလေရာ မသက်ရှိက ရယ်မော၍

“ ဘာပဲဖြစ်ဖြစ် ကျွန်မ သဘောကျတယ်၊ စိန်စိန်က ရုပ်ချောတဲ့မိန်းမဆိုရင် ရှင်နဲ့ ကျွန်မ စိတ်မချဘူး၊ ကျွန်မသေရင် အသက်အာမခံငွေတွေရမယ်ဆိုတော့ ရှင် ကျွန်မကို မလုပ်ကြံဘူးလို့ မပြောနိုင်ဘူး ”

ဟု ပြောလေ၏။ ဘိုးစိန်က ရယ်မော၍

“ ဟား ဟား ဟား ... ဒါတော့ စိတ်ချပါကွာ၊ ကျုပ်ရဲ့အာရုံထဲမှာ မင်းတစ်ယောက်ပဲရှိပါတယ် ”

ဟု ပြောလေ၏။ မသက်ရှိက ခေါင်းခါယမ်း၍

“ ကျွန်မ မယုံပါဘူး၊ ယောကျ်ားတွေက အတူတူနေတာ အချိန်နည်းနည်းကြာသွားရင် ကိုယ့်မိန်းကမလှဲပြီး ကျန်တဲ့မိန်းမတွေအားလုံး လှတယ်လို့ ကြားဖူးတယ် ”

ဟုပြောလေ၏။ ဘိုးစိန်က စိတ်ထဲကကြိတ်၍ သက်ပြင်း





ချလိုက်ပြီး

“ ကျုပ်ကတော့ ဒီလိုယောကျ်ားထဲမှာမပါပါဘူး”

ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်မူ ဘိုးစိန်တို့သည် မြွေဟောက်ဟု အမည်ပေးထားသော ဆိုင်ကလေးကို ပြန်လည်ပြင်ဆင်လေ၏။

ဆိုင်၏တစ်ဖက်၌ ဘီလီယက်ခုံ၊ စာအုပ်စင်၊ စစ်တုရင်ခုံစသည်ဖြင့် စီစဉ်ထားလေ၏။

ဆိုင်၌ အရက်မျိုးစုံကိုလည်း ပိုမိုစုံလင်အောင် တင်ထားလေ၏။ ထို့ကြောင့် ၄င်းတို့၏ဆိုင်သို့ ခရီးသွားလာများ ပိုမိုဝင်ရောက်ခဲ့လေ၏။

မသက်ရှိသည် ချောက်ထဲသို့ကျသွားသော ဂျစ်ကားကို ပြန်လည်ပြုပြင်၍ ဘိုးစိန်အား မောင်းနှင်စေခဲ့၏။ ဆိုင်၌ တောက်တိုမယ်ရနိုင်းရန်ခေါ်ထားသော စိန်စိန်ဆိုသော မိန်းမသည် တစ်ကောင်ကြွက်ဖြစ်ပြီး အလုပ်ကို မပျင်းမရိဘဲ လုပ်ကိုင်နိုင်သူဖြစ်၏။

www.burmeseclassic.com



ထို့ကြောင့် စိန်စိန်ကို ဘိုးစိန်တို့နှစ်ယောက်စလုံး သဘောကျလေ၏။ စိန်စိန် ဆိုင်ကိုရောက်ပြီး ၆ လခန့်ကြာသောအခါ ဘိုးစိန်အပေါ် သူမ၏ဆက်ဆံပုံများ ပြောင်းလဲလာ၏။

စိန်စိန်သည် မသက်ရှိ၏ကွယ်ရာ၌ ဘိုးစိန်ကို ရိသဲ့သဲ့ ဆက်ဆံတတ်လေ၏။ ဘိုးစိန်သည် မသက်ရှိနှင့် ပြသနာပေါ်မှာ စိုးရိမ်သဖြင့် စိန်စိန်ကို သတိထားပြီး ဆက်ဆံလေ၏။

တစ်နေ့တွင် မသက်ရှိသည် အနီးအနားမြို့ကိုသွား၍ အရက်များ ဝယ်ယူလေ၏။

ဘိုးစိန်သည် ဂျစ်ကားပျက်နေသဖြင့် လိုက်ပို့နိုင်ခြင်း မရှိချေ။ စိန်စိန်သည် မသက်ရှိမရှိသည့်အချိန်၌ ဘိုးစိန်၏ အိပ်ခန်းထဲသို့ ဖွတ်ဝင်လာပြီး

" ရှင် ကျွန်မကို ဘာဖြစ်လို့ ရှောင်ဖယ် ရှောင်ဖယ် လုပ်နေတာလဲ၊ ကျွန်မ ရှင့်ကို ဒီလောက်ဂရုစိုက်နေတာ ရှင် မသိဘူးလား "





ဟု မကျေမချမ်း အမူအရာဖြင့် မေးမြန်းလေ၏။

ဘိုးစိန်က စိန်စိန်ကိုကြည့်၍ ခေါင်းခါယမ်းကာ

" မင်းနဲ့ငါ ဘာဆိုင်လို့ ဂရုစိုက်ရမှာလဲ၊ ငါ့မှာ ကာမပိုင် မိန်းမရှိတယ်ကွ၊ ငါ့မိန်းမပဲ ငါဂရုစိုက်မှာပေါ့ "

ဟု ဆိုလိုက်ရာ စိန်စိန်က ရယ်မော၍

" အပိုတွေပြောမနေပါနဲ့၊ အညာသားကိုမဲ သက်ရှိထင်ရှားရှိစဉ်ကတည်းက ရှင်တို့ဖောက်ပြန်နေတာပဲ၊ ကိုမဲကို ရှင်တို့ ရက်ရက်စက်စက်လုပ်ကြပြီး ပျော်ပျော်ကြီးတောင် နေနိုင်သေးတာပဲ၊ ကျွန်မကို ဘာဖြစ်လို့ ပျော်အောင်မထားရမှာလဲ "

ဟု ပြောလိုက်ရာ ဘိုးစိန်သည် စိန်စိန်၏အမူအရာကို ကြည့်၍ ထိတ်လန့်တုန်လှုပ်သွားပြီး

" မင်း ဘာပြောတာလဲ၊ ရပ်လိုက်စမ်း "

ဟု ပြောလေ၏။ ထိုအခါ စိန်စိန်က မထီလေးစား အမူအရာဖြင့်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" မရပ်နိုင်ဘူး၊ ရှင်တို့ရဲ့ယုတ်မာမှုတွေကို ကျွန်မ သိနေတယ်၊ ရှင်တို့ ကိုမဲကို တုတ်နဲ့ရိုက်ပြီး ချောက်ထဲကို ဂျစ်ကားနဲ့အတူ တွန်းချလိုက်တာပဲ၊ ပထမအကြိမ်တုန်းကလည်း ကိုမဲကို ရှင်တို့လုပ်ကြံသေးတယ်၊ ကိုမဲကံကောင်းလို့မသေဘဲ ဆေးရုံတက်လိုက်ရတယ်၊ ရှင် ဘာပြင်းချင်သေးသလဲ "

ဟု ပြောလိုက်ရာ ဘိုးစိန်သည် အလွန်ထိတ်လန့် အံ့သြပြီး စိန်စိန်ကို ကြည့်လိုက်လေ၏။

ပြီးနောက် လေသံတုန်တုန်ယင်ယင်ဖြင့်

" မင်း ဒါတွေကို ဘယ်လိုသိနေတာလဲ၊ ငါ့ကို မြန်မြန်ပြောစမ်း "

ဟု မေးမြန်းလိုက်လေ၏။ စိန်စိန်က သဘောကျဟန်ဖြင့် ရယ်မော၍

" ရှင်တို့နှစ်ယောက်စလုံး ဉာဏ်တော်တော်ပြေးတဲ့ လူသတ်သမားနှစ်ယောက်ပဲ၊ အညာသားကိုမဲကို လုပ်ကြံဖို့ ရှင်တို့ အသေးစိတ် စီမံကိန်းတွေ ရေးကြတယ်လေ၊ ရှင်တို့ဟာ





စိတ်ကူးတွေကို ပါးစပ်ကပြောရုံနဲ့မကဘဲ စာရွက်တွေပေါ်မှာတောင် အသေးစိတ် အစီအစဉ်တွေ ရေးဆွဲခဲ့တယ်၊ ဒီစာရွက်တွေကို ဘုရားစင်ရှင်းရင်းနဲ့ ဘုရားကျောင်းဆောင်အနောက်က ကျွန်မတွေ့ခဲ့တာရှင် "

ဟု ပြောလေရာ ဘိုးစိန်သည် နမော်နမဲ့နိုင်သော မသက်ရှိကို စိတ်ထဲကကျိတ်၍ ကျိန်ဆဲလိုက်လေ၏။

ဘိုးစိန်က အရေးကြီးသော အမူအရာဖြင့်

" ဒီစာရွက်တွေကို မင်း ဘယ်မှာထားသလဲ၊ ငါ့ကို ပေးစမ်း "

ဟု တောင်းဆိုလိုက်၏။ စိန်စိန်က သဘောကျဟန်ဖြင့် ရယ်မော၍

" ရှင်တို့ရဲ့အကြံ တော်တော်ပိရိတာပဲ၊ အညာသားကိုမဲကို ရှင်းပြီးတော့ ကိုမဲရဲ့ အသက်အာမခံငွေတွေကို အပိုင်စီးလိုက်ကြတယ်၊ ဒီအချိန်မှာ ရှင်တို့ တော်တော်ချမ်းသာနေပြီ"

ဟု ဆိုလိုက်၏။ ဘိုးစိန်က ဒေါသတကြီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" အပိုတွေပြောမနေနဲ့၊ စာရွက်တွေ ဘယ်မှာလဲ "

ဟု တောင်းဆိုလိုက်၏။ စိန်စိန်က ခေါင်းခါယမ်း၍

" စာရွက်တွေကို မြို့ထဲက လုံခြုံစိတ်ချရတဲ့နေရာမှာ ကျွန်မ ဖွက်ထားတယ်၊ ဟဲ ဟဲ... စာရွက်တွေလိုချင်ရင် ရှင် ကျွန်မကို ဂရုစိုက်မှဖြစ်မယ် "

ဟု ပြောလေ၏။

ဘိုးစိန်သည် ၄င်းတို့၏လျှို့ဝှက်ချက်များနှင့်ပတ်သက်၍ ရင်ထဲတွင် ဗလောင်ဆူနေ၏။

ထို့ကြောင့် စိန်စိန်ကို အနုနည်းဖြင့် စည်းရုံးမည်ဟု ဆုံးဖြတ်လိုက်ပြီး

" ကောင်းပြီ၊ မင်းကိုဂရုစိုက်မယ်ဆိုရင် စာရွက်တွေ ပြန်ရမှာလား "

ဟု မေးမြန်းလိုက်၏။ စိန်စိန်က စဉ်းစားဟန်ပြု၍

" ရှင့်ကို ကျွန်မစောင့်ကြည့်မယ်လေ၊ ရှင် ဟန်ဆောင် ဆက်ဆံတာလည်း ဖြစ်နိုင်တာပဲ "





ဟု ဆိုလိုက်ရာ ဘိုးစိန်သည် စိန်စိန်၏မျက်နှာကိုမကြည့်ဘဲ ညို့အားကောင်းသော ကိုယ်လုံးကိုယ်ထည်ကို မျက်လုံးဝေ့ကြည့်မိ၏။

စိန်စိန်က ဆိုင်တံခါးကိုပိတ်၍ ဘိုးစိန်၏ရင်ခွင်ထဲသို့ တိုးဝင်လာပြီး

" ရှင် ဒီနေ့ကစပြီး ကျွန်မကို အရုပ်ဆိုးတယ်ဆိုပြီး မတူမတန်သလို မဆက်ဆံနဲ့၊ ကျွန်မက အရုပ်ဆိုးပေမဲ့ ရှင့်ရဲ့ မသက်ရှိထက်တော့ ကိုယ်လုံးပိုလှတယ်၊ နောက်ပြီးတော့ ရှင့်ကို ပိုပြီးဂရုစိုက်နိုင်တယ်၊ ရှင်သိရဲ့လား "

ဘိုးစိန်သည် မည်သည့်စကားကိုမျှမဆိုတော့ဘဲ စိန်စိန်၏ နှုတ်ခမ်းအစုံကိုစုတ်နမ်း၍ သူမ၏ကိုယ်ခန္ဓာကိုယ် စားပွဲခုံပေါ်သို့ တွန်းလှဲလိုက်လေ၏။

အတန်ကြာသောအခါ ဘိုးစိန်က စိန်စိန်ကို ပွေ့ဖက်၍

" မင်း စာရွက်တွေကို ပေးတော့မှာလား "

ဟု မေးမြန်းလိုက်၏။ စိန်စိန်က အဝတ်အစားများ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်ဝတ်ဆင်၍

" ရှင့်အခြေအနေကို ကျွန်မ စောင့်ကြည့်ဦးမယ်၊ ရှင့်ကို ယုံကြည်မှုမရှိသေးဘူး "

ဟု တီးတိုးပြောလေ၏။

ဘိုးစိန်သည် စိန်စိန်ထံတွင်ရှိနေသော စာရွက်များအကြောင်းကို မသက်ရှိအား ဖွင့်ပြောရန် စဉ်းစားမိ၏။

သို့သော် မသက်ရှိသိလျှင် ပိုမို၍ ခက်ခဲသွားမှာစိုးသဖြင့် စိန်စိန်၏အလိုကိုလိုက်၍ ချော့မော့ပြီး တောင်းဆိုရန် ကြိုးစား၏။

သို့သော်စိန်စိန်သည် တစ်လခန့်ကြာသည်အထိ စာရွက်များကို လွယ်လွယ်နှင့် ထုတ်မပေးချေ။ ထို့ပြင် စိန်စိန်၏ အနေအထိုင် အပြောအဆိုများ ပိုမို၍ရဲတင်းလာ၏။

ဘိုးစိန်သည် စိန်စိန်ထံ၌ရှိသော စာရွက်များအကြောင်းကို မသက်ရှိသိအောင် ပြောပြလိုက်လေ၏။ မသက်ရှိသည် ထိုအကြောင်းများကြားသောအခါ အလွန်တုန်လှုပ်ချောက်ချား





သွားလေ၏။

သူမကိုယ်သူမ ပြစ်တင်မဆုံးလည်း ဖြစ်နေ၏။

ဘိုးစိန်သည် ဝမ်းနည်းကြေကွဲနေသော မသက်ရှိကို ကြည့်၍

" ကျုပ် သူ့ကို ချော့ပြီးတောင်းနေတာကြာပြီ "

ဟု ပြောလေရာ မသက်ရှိက အံကိုကြိတ်၍

" ရှင်ဘာလို့ ဒီအကြောင်းတွေကို ကျွန်မကို မပြောတာလဲ၊ ရှင် သူ့ကို ဘယ်လိုချော့နေတယ်ဆိုတာ ကျွန်မသိပြီ၊ ဒါကြောင့် ဒီကောင်မ အခုရက်ပိုင်းမှာ ဒီလောက်တင်းမာနေတာကိုး၊ ဘာပဲဖြစ်ဖြစ် သူ့ကို ချော့မော့နေလို့ အပိုပဲ၊ ရှင်းပစ်မှရမယ်၊ သူသေသွားရင် ကျွန်မတို့ [illegible]စင်တက်စရာ မလိုတော့ဘူး၊ ဒီကိစ္စကို ရှင်ကိုယ်တိုင်လုပ်ပါ "

ဟု ဆိုလိုက်ရာ ဘိုးစိန်သည် မသက်ရှိစကားကြောင့် တွေဝေသွားလေ၏။

မသက်ရှိက ဘိုးစိန်ကို မကျေမချမ်းကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ဘာလဲ… ရှင် မလုပ်ရက်ဘူး ဖြစ်နေသလား "

ဟု ပြောလေ၏။ ဘိုးစိန်က သက်ပြင်းချ၍

" ကောင်းပြီ၊ သူ့ကို နောက်ဆုံးအနေနဲ့ ငါမေးမယ်၊ မေးလို့မှမရရင် မင်းပြောသလို လုပ်ရမှာပဲ၊ ဘယ်နေ့မေးရမလဲ မသိဘူး "

ဟု ပြောလေ၏။ မသက်ရှိက စိတ်မရှည်ဟန်ဖြင့်

" မနက်ဖြန်ပဲစပေတော့၊ ကျွန်မ ဈေးဝယ်ချင်ယောင် ဆောင်ပြီး ရှောင်ပေးမယ်၊ စာရွက်တွေမရရင် သူ့ကို ရှင်းပစ် လိုက်ပေတော့ "

ဟု ဆိုကာ အိပ်ခန်းထဲသို့ဝင်သွားပြီး သံသေတ္တာထဲမှ ဓားမြှောင်တစ်ချောင်းကိုထုတ်၍ ဘိုးစိန်အား ပေးလိုက်ပြီး

" ဒီဓားမြှောင်က တကျော့ရှုံးမအတွက် သေမင်းပဲ "

ဟု ပြောလေရာ ဘိုးစိန်က ခေါင်းခါယမ်း၍

" သူ့ကို နောက်ဆုံးအနေနဲ့ သေသေချာချာ မေးကြည့် မယ်၊ သူ့ဘက်က လိုက်နာမယ်ဆိုရင်တော့ သွေးထွက်သံယိုမှု





တွေ မလုပ်ချင်ဘူး "

ဟု ပြောလေ၏။ မသက်ရှိက အံကိုကြိတ်၍

" ကောင်းပြီ၊ ရှင့်သဘောပါပဲ "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ မသက်ရှိက အထုပ်အပိုးများကိုပြင်၍

" ဟိုဘက်မြို့မှာ ဈေးသွားဝယ်မယ်၊ တစ်နေကုန်ကြာမယ်ထင်တယ်၊ ရှင်တို့နှစ်ယောက်တည်းဖြစ်ပါ့မလား "

ဟု ပြောလေရာ ဘိုးစိန်က

" ဖြစ်ပါတယ်ကွာ၊ သွားမှာသာ သွားစမ်းပါ၊ ဂျစ်ကားနဲ့ လိုက်ပို့ပေးရမလား "





ဟု မေးမြန်းလေ၏။ မသက်ရှိက ခေါင်းခါယမ်း၍

" မပို့ပါနဲ့၊ ရှင်မရှိရင် ဆိုင်ကို စိန်စိန်တစ်ယောက်တည်း မနိုင်ဘူး၊ ကျွန်မ ကားကြုံနဲ့သွားလို့ရပါတယ် "

ဟု ပြောလေ၏။

မသက်ရှိထွက်ခွာသွားသောအခါ စိန်စိန်က ဘိုးစိန်၏ ရင်ခွင်ထဲသို့ တိုးဝင်၍

" ကျွန်မတို့အတွက် ဒီနေ့ဟာ လောကနိဗ္ဗာန်ပဲ "

ဟု ဆိုလိုက်၏။ ဘိုးစိန်က သူမကို ကွန်းဖယ်၍

" လောကနိဗ္ဗာန်လုပ်မနေနဲ့၊ မင်း ငါ့ကို စာရွက်တွေ အခုပဲပေးပါ "

ဟု တောင်းဆိုလေ၏။ စိန်စိန်က ဘိုးစိန်ကို မျက်မှောင်ကြုတ်ကြည့်၍

" ရှင့်လက်ထဲကို စာရွက်ရောက်တဲ့နေ့ ကျွန်မကို မောင်းထုတ်မဲ့နေ့ ဖြစ်မှာပဲ၊ ရှင် ကျွန်မကို ဟန်ဆောင်ဆက်ဆံနေတာ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေ၏။ ဘိုးစိန်က အံကိုကြိတ်၍

" ဘာပဲဖြစ်ဖြစ် မင်း ငါ့ကို စာရွက်တွေပေးဖို့သင့်ပြီ၊ စာရွက်တွေမပေးဘူးဆိုရင် မင်း ငါ့ကို အဆိုးမဆိုနဲ့၊ ငါ မင်းကို သည်းမခံနိုင်တော့ဘူး "

ဟု ဆိုကာ ခါးကြား၌ရှိသော ဓားမြှောင်ကို ဆတ်ခနဲ ထုတ်လိုက်၏။

စိန်စိန်က ဘိုးစိန်လက်ထဲရှိ ဓားမြှောင်ကိုကြည့်ကာ ကြောက်ရွံ့ဟန်မရှိဘဲ

" သြော်… ရှင်က ကျွန်မကို ရှင်းပစ်တော့မယ်ပေါ့၊ အညာသားကိုမဲ သွားရာလမ်းကို ပို့တော့မယ်ပေါ့ "

ဟု ပြောလေရာ ဘိုးစိန်က အံကိုကြိတ်၍

" ဟုတ်တယ်၊ စာရွက်တွေ ငါ့လက်ထဲကိုမရောက်ရင် မင်းကို ရှင်းပစ်ရမယ် "

ဟု ပြောလေ၏။

ဘိုးစိန်၏စကားကြောင့် စိန်စိန်၏မျက်လုံးထဲမှ မျက်ရည်





များ စီးကျလာပြီး

" ရှင့်ရဲ့ ကျွန်မအပေါ်မှာထားတဲ့ သဘောထားကို ရှင်းရှင်းကြီး သိလိုက်ရတာပဲ၊ ရှင် ကျွန်မကို ဟန်ဆောင် ဆက်ဆံနေပေမဲ့ သံယောဇဉ်မျှင်မျှင်လေးတော့ ရှိမယ်ထင်ခဲ့ တယ်၊ တကယ်တော့ ရှင်က ကျွန်မကို အသုံးချခဲ့တာကိုး၊ ဒီမှာ ကျွန်မ ဒီလောက်အကျင့်ယုတ်တဲ့မိန်းမ မဟုတ်ဘူးရှင့်၊ ရှင်တို့ သူတစ်ပါးကို အကောက်ကြံပေမဲ့ ကျွန်မက ရှင်တို့ကို အကောက်ကြံမှာမဟုတ်ဘူး၊ စာရွက်တွေ ကျွန်မဖတ်ပြီးတော့ ရှင်တို့အတွက် အန္တရာယ်ဖြစ်မှန်းသိလို့ ဖျက်ဆီးပစ်လိုက်ပြီ၊ သိလား "

ဟု ပြောလိုက်ရာ ဘိုးစိန်သည် စိန်စိန်ကို အံ့သြဟန်ဖြင့် ကြည့်၍

" မင်း တကယ်ပြောတာလား၊ တကယ်ပဲ စာရွက်တွေ ကို ဖျက်ဆီးပစ်လိုက်ပြီလား "

ဟု မေးမြန်းလိုက်ရာ



www.burmeseclassic.com

" ကျွန်မ တစ္ဆက်အားလုံးကို မီးရှို့ပစ်လိုက်ပြီ၊ ရှင်တို့ယုတ်ပေမဲ့ ကျွန်မ မယုတ်ဘူး၊ ရှင့်ကို ကျွန်မ နောက်ဆုံးအနေနဲ့ အကြံတစ်ခုပေးမယ်၊ ရှင်ဟာ မိန်းမယုတ်မသက်ရှိ မြှောက်ပင့်ပေးသမျှ လျှောက်လုပ်နေရင် တစ်နေ့ ငရဲကျလိမ့်မယ်၊ ကျွန်မ သွားပြီ၊ ရှင်တို့ဆိုင်မှာ ကျွန်မ ဆက်မလုပ်နိုင်တော့ဘူး "

ဟု ဆိုကာ ဘိုးစိန်ရှေ့မှ ကျော်ခိုင်းပြီး ထွက်ခွာသွားလေ၏။

ထိုအခိုက်မှာပင် မသက်ရှိသည် ခန်းဆီးအနောက်မှ ထွက်လာပြီး စိန်စိန်၏နောက်ကျောကို ဓားဖြင့်ထိုးစိုက်လိုက်လေရာ စိန်စိန်သည် အားခနဲအော်၍ ကြမ်းပေါ်သို့ လဲကျသွားလေ၏။

ဘိုးစိန်သည် မမျှော်လင့်ဘဲရောက်ရှိလာသော မသက်ရှိအား တားဆီးရန် အချိန်မရတော့ချေ။

ဘိုးစိန်က သွေးအိုင်ထဲတွင်လဲကျနေသော စိန်စိန်ကို ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး





" ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲကွာ၊ ငါတို့အခြေအနေက စိုးရိမ်စရာမှမရှိတော့တာ "

ဟု ပြောလေရာ မသက်ရှိက မျက်နှာရှုံ့မဲ့၍

" ရှင် ဒီကောင်မစကားကို ယုံသလား၊ သူဟာ ရှင့်ကို အချိုသပ်ပြီး အကောက်ကြံသွားတာရှင့်၊ ရှင် သူ့ကိုသတ်မယ်ဆိုတာသိလို့ ပရိယာယ်ဆင်ပြီး ထွက်သွားတာ၊ သူ ဒီဆိုင်က ထွက်ပြီးတာနဲ့ ကျွန်မတို့နစ်ယောက်တော့ သွားပြီ၊ ကြိုးစင်တက်ရဖို့ သေချာနေပြီရှင့် "

ဟု ပြောလေ၏။

ထိုအခါ ဘိုးစိန်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်း၍ စိန်စိန်၏ကိုယ်ခန္ဓာကို စစ်ဆေးကြည့်လိုက်ရာ သူမသေဆုံးနေကြောင်း တွေ့လိုက်ရ၏။

ဘိုးစိန်က စိတ်လှုပ်ရှားစွာဖြင့်

" စိန်စိန် သေသွားပြီ၊ သူ့ကို ဘယ်လိုလုပ်ကြမလဲ "

ဟု မေးမြန်းလေ၏။ မသက်ရှိက မျက်မှောင်ကြုတ်၍

စေတနာစာပေ

www.burmeseclassic.com



စဉ်းစားလိုက်ပြီး

" ဒီကောင်မဟာ တစ်ကောင်ကြွက်ဆိုတော့ သူပျောက်နေတာ ဘယ်သူမှအရေးစိုက်မှာမဟုတ်ဘူး၊ သူ့အလောင်းကို ဖျောက်ဖျက်နိုင်ရင် ပြီးတာပဲ၊ ဟုတ်ပြီ၊ ကိုမဲကို အပြတ်ရှင်းတဲ့နေရာမှာ ဒီကောင်မကို ရှင်းပစ်ရမယ်၊ ကဲ… သူ့ကို လူမမြင်အောင် စောင်နဲ့ပတ်ပြီး ဂျစ်ကားပေါ်တင်ရမယ် "

ဟု ပြောလေ၏။

ဘိုးစိန်သည် မလွဲသာ မရှောင်သာဘဲ မသက်ရှိ နိုင်းသမျှ လုပ်နေရ၏။ စိန်စိန်၏ကိုယ်ခန္ဓာကို စောင်ဖြင့်ပတ်၍ ဂျစ်ကားပေါ်သို့ တင်လေ၏။

ကားပေါ်သို့ရောက်သောအခါ သူမ၏အလောင်းကို ကြမ်းပြင်၌ချ၍ စောင်ဖြင့်အုပ်ထားလေ၏။ ထို့နောက် ကိုမဲကို ချောက်ထဲသို့တွန်းချခဲ့သောနေရာသို့ ကားကို မောင်းနှင်ခဲ့၏။

ထိုနေရာသို့ရောက်သောအခါ ဘိုးစိန်သည် ကားကိုရပ်၍ စိန်စိန်၏အလောင်းကို ချောက်အနီးသို့ သယ်ဆောင်လာခဲ့၏။





ချောက်ကမ်းပါးထိပ်သို့ရောက်သောအခါ မသက်ရှိက

" ဒီကောင်မအလောင်းကို ဒီနေရာကနေ ပစ်ချလိုက်ရင် ကျွန်မတို့ကို ဘယ်သူမှသံသယမဝင်တော့ဘူး၊ သူများတွေမေးရင် ဒီကောင်မ ရွာပြန်သွားပြီလို့သာ ပြောလိုက်၊ ကဲ… ကောင်မကို ရေပြည်ပို့လိုက်ပေတော့ "

ဟု ဆိုလိုက်ရာ ဘိုးစိန်သည် စိန်စိန်၏အလောင်းကို ချောက်ထဲသို့ ချလိုက်လေ၏။

စိန်စိန်၏ကိုယ်ခန္ဓာသည် ချောက်ကမ်းပါးထဲသို့ ပြင်းထန်သော အရှိန်ဖြင့် ကျဆင်းသွားလေ၏။

ဘိုးစိန်က အောက်သို့ကျဆင်းသွားသော စိန်စိန်၏ အလောင်းကိုကြည့်၍

" ကောင်းရာမွန်ရာ ရောက်ပါစေ "

ဟု တီးတိုးရေရွတ်လိုက်လေ၏။

ထိုအခိုက်မှာပင် မထင်မှတ်သောကားတစ်စီး တောင်ပေါ်မှ ဘွားခနဲဆင်းလာ၏။ ထိုကားကိုကြည့်၍ မသက်ရှိ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကွက်ခနဲပျက်သွားပြီး

" ဌာနအုပ်ကြီး "

ဟု ရေရွတ်လိုက်လေ၏။

ဌာနအုပ်ကြီးက ၄င်းတို့၏အရှေ့၌ ကားကိုရပ်လိုက်ပြီး

" မင်းတို့နှစ်ယောက်ကို ဒီနေရာမှာတွေ့လိုက်တော့ ငါ အရမ်းအံ့သြတယ် "

ဟု ပြောလိုက်ရာ မသက်ရှိက ညှိုးငယ်သော အမူအရာဖြင့်

" ကျွန်မယောက်ျား ကိုမဲကိုသတိရလို့ လာတာပါ ဌာနအုပ်ကြီး "

ဟု ပြောလိုက်လေ၏။ ဌာနအုပ်ကြီးက သက်ပြင်းချ၍

" သေသောသူ ကြာရင်မေ့တဲ့၊ မိန်းကလေးကို အချိန်က ကုစားသွားမှာပါ "

ဟု ဆိုကာ ကားကို ပြန်လည်မောင်းနှင်ပြီး ထွက်ခွာသွားလေ၏။

ဘိုးစိန်တို့သည် ဌာနအုပ်ကြီးနှင့် ပုလိပ်များ ထွက်ခွာ





သွားသောအခါမှ စိုးရိမ်မှုများ ပြေပျောက်သွားလေ၏။

အပြန်လမ်း၌ မသက်ရှိက

" ကျွန်မတို့ဘဝကို ဒီအချိန်ကစပြီး တည်တည်ငြိမ်ငြိမ်နဲ့ နေချင်ပြီ "

ဟု ပြောလေရာ ဘိုးစိန်က

" ကျုပ်လည်း ဒီအတိုင်းပဲ ခံစားရတယ် "

ဟု ပြောလိုက်၏။

မသက်ရှိက တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

" ကျွန်မတို့ လက်ထပ်ကြရအောင်၊ လက်ထပ်ပြီးရှင့်အတွက် ကျွန်မ သားသား မီးမီးတွေ မွေးပေးမယ်၊ ကျွန်မတို့မှာ သားသား မီးမီးတွေရှိရင် အခုထက်ပိုပြီး ပျော်ရွှင်ရမှာပဲ"

ဟု ဆိုလိုက်ရာ ဘိုးစိန်၏ရင်ထဲတွင် ထူးခြားသော ခံစားမှုတစ်ခု ပေါ်ပေါက်လာပြီး

" ကြည့်စမ်း . . . မင်းပြောတဲ့စကားကို ကြားရတာနဲ့ ငါ့ရင်ထဲမှာ တစ်မျိုးကြီးခံစားရတယ်၊ ငါ ဒီလိုမျိုး တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားဖူးဘူး၊ ဟုတ်တယ်နော်၊ သားသား မီးမီးတွေ ရှိရင် ငါတို့ပျော်ကြရမယ်၊ နောက်ပြီးတော့ ငါတို့ အသက်တွေ တဖြည်းဖြည်းကြီးသွားပြီး ဘိုးဘိုးကြီး၊ ဘွားဘွားကြီးဖြစ်မယ်၊ ငါတို့ကလေးတွေကလည်း အရွယ်ရောက်လာမယ်၊ ဟား ဟား ဟား… ဒါဆိုရင် မိသားစုတစ်ခုဖြစ်ပြီပေါ၊ ကောင်းတယ်၊ မင်းအကြံ သိပ်ကောင်းတာပဲ ''

ဟု ချီးမွမ်းလိုက်လေ၏။

ထို့နောက်တွင်မူ ဘိုးစိန်တို့သည် ရက်အနည်းငယ်အတွင်း အကျဉ်းချုံး၍ လက်ထပ်လိုက်လေ၏။

၎င်းတို့၏လက်ထပ်ခြင်းကို သဘောတူကြည်ဖြူသူများရှိသကဲ့သို့ အပြစ်တင်ဝေဖန်မှုများလည်း ကြားခဲ့ရလေ၏။

မည်သို့ပင်ဖြစ်စေ ဘိုးစိန်တို့သည် မိသားစုဆိုသောအရာကို စိတ်ကူးယဉ်နေပြီဖြစ်သဖြင့် ပတ်ဝန်းကျင်ကို ဂရုမစိုက်တော့ချေ။

ဘိုးစိန်သည် ''မြွေဟောက်'' ဆိုင်ကလေးကို ပိုမို၍





ဂရုစိုက်ပြီးဖွင့်လေ၏။

ယခင်က မြွေဟောက်ကို ပေါ့ပေါ့တန်တန် သဘောထားသော်လည်း ယခုတော့ မြွေဟောက်ကို များစွာ အလေးအနက်ထားလေ၏။

မသက်ရှိသည်လည်း ဘိုးစိန်နှင့်အတူ မြွေဟောက်ကို ပိုမို၍ ကြိုးစားလေ၏။

ထို့ကြောင့် ၎င်းတို့၏ဆိုင်သည် ပိုမို၍လူစည်ကားပြီး အဝေးပြေးလမ်းမ၏နားခိုရာလေးတစ်ခု ဖြစ်ခဲ့၏။

မြွေဟောက်ဆိုင်အတွက် ရှိသားသော အလုပ်သမားများကို တိုးမြှင့်၍ ခန့်အပ်ရလေ၏။

အဝေးပြေးကား ဒရိုင်ဘာများသည် မြွေဟောက်ဆိုင်၌ ခေတ္တနားခို၍ ဘီလီယက်ထိုးကြ၏။ သတင်းစာဂျာနယ်များကို ဖတ်ရှု၏။ စစ်တုရင်ကစားသူလည်း ကစားကြ၏။

ဘိုးစိန်တို့သည် ၎င်းတို့၏ဆိုင်ကလေးကို နားခိုရာနှင့်တူသည်ထက် တူအောင် ကြိုးစားကြလေ၏။ ထို့ကြောင့် ဆိုင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



၏ ဂုဏ်သတင်းသည် မွှေးပျံ့သည်ထက် မွှေးပျံ့ခဲ့လေ၏။

တစ်နေ့တွင် မသက်ရှိက ဘိုးစိန်ရှိရာသို့ ဝမ်းသာအားရ ရောက်ရှိလာပြီး ဤသို့ပြောလိုက်၏။

ဘိုးစိန်သည် ဝမ်းသာလွန်းသဖြင့် ဟေးခနဲ အော်ဟစ် ကာ





" ဟာ… ဒါဆိုရင် ကိုယ်က ကလေးအဖေဖြစ်ပြီပေါ့၊ ဝမ်းသာလိုက်တာကွာ၊ ငါတို့ဖြစ်ချင်တဲ့ မိသားစုဘဝကို ပိုင်ဆိုင်ခွင့်ရတော့မယ်၊ ဒီအတွက် ကိုယ် မိန်းမကို ကျေးဇူးတင်ပါတယ် "

ဟု အားတက်သရော ပြောလိုက်လေ၏။

ဘိုးစိန်သည် မသက်ရှိ၏ကိုယ်ဝန်ကို အထူးဂရုစိုက်လေ၏။ မြို့ထဲရှိ ဆေးရုံသို့ ကြို့တင်ပြသပြီး လိုအပ်သည့် ပြင်ဆင်မှုများကို ပြုစုလေ၏။

မသက်ရှိ၏ကိုယ်ဝန် တဖြည်းဖြည်းရင့်သန်လာသောအခါ ဘိုးစိန်သည် အိမ်ရှိဂျစ်ကားကို စက်ဆီအပြည့်ဖြည့်၍ အသင့်ပြင်ဆင်ထားလေ၏။

မသက်ရှိဗိုက်နာ၍ ဆေးရုံတင်ရလျှင် အသင့်ဖြစ်နေအောင် ဖြစ်၏။ မသက်ရှိ၏ကိုယ်ဝန်သည် မွေးဖွားရန် အလွန်နီးကပ်နေပြီ မဟုတ်ပါလား။

တစ်နေ့တွင် မသက်ရှိက ထူးဆန်းသောစကားတို ဆို



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ မသက်ရိက ညှိုးငယ်သောမျက်နှာဖြင့်

" ကျွန်မတို့ သိပ်မှားတယ်၊ လောဘသိပ်ကြီးခဲ့တယ်၊ လောဘကြောင့်ပဲ ကိုမဲကိုသတ်တယ်၊ စိန်စိန်ကိုလည်း သတ်ခဲ့ပြန်တယ်၊ ဒါတွေအားလုံးဟာ ကျွန်မရဲ့အလိုလောဘကြောင့် ဖြစ်လာရတာပဲ "

ဟု ဆိုလိုက်ရာ ဘိုးစိန်က သက်ပြင်းချ၍

" ကိုယ်လည်း အတူတူပါပဲ၊ ဒါပေမဲ့ ဖြစ်ပြီးသားတွေ ပြီးနေပြီ၊ ဒါတွေကို ပြန်စဉ်းစားလို့ ဘာထူးတော့မှာလဲ၊ မေ့ထားလိုက်တာ အကောင်းဆုံးပါ "

ဟု ပြောလေ၏။ မသက်ရိက ခေါင်းခါယမ်း၍

" ကျွန်မစိတ်တွေ အခုချိန်မှာ ပြောင်းလဲလာတယ်၊ ကျွန်မတို့ဘဝ တည်တည်ငြိမ်ငြိမ်နဲ့ မိသားစုဆိုတဲ့အရာကို ရှုံမင်လာတဲ့အချိန်မှာ အတိတ်ကအရိပ်တွေကို ကြောက်လန့်နေမိတယ်၊ ကျွန်မ အိပ်မက်ဆိုးတွေခဏခဏမက်တယ်၊ အိပ်မက်ထဲမှာ ကိုမဲနဲ့ စိန်စိန်က ကျွန်မကို ခွင့်မလွှတ်ဘူး၊ ကျွန်မ





စိတ်မကောင်းဘူး၊ ဒါတွေကို ထပ်တလဲလဲမြင်မက်နေတာ စိတ်ကုန်နေပြီ"

ဟု ပြောလေရာ ဘိုးစိန်က မသက်ရိကို ဖွေ့ဖက်၍

" တတ်နိုင်သမျှ မေ့ထားလိုက်ပါ၊ အချိန်က ကုစားသွားမှာပါ "

ဟု ပြောလိုက်၏။ မသက်ရိက ဘိုးစိန်၏စကားကို နားဝင်ဟန်မရှိဘဲ တွေဝေငေးမောနေလေ၏။ မသက်ရိသည် ရက်ပေါင်းများစွာ စိတ်ထိခိုက်နေပြီး တစ်နေ့တွင် ဘိုးစိန်ကိုခေါ်၍

" ကျွန်မတို့ ဟိုနေရာကို ပြန်သွားကြရအောင် "

ဟု ပြောလေရာ ဘိုးစိန်က မသက်ရိ၏ဆိုလိုရင်းကို ရိပ်စားမိသဖြင့်

" ဘာဖြစ်လို့ပြန်သွားရမှာလဲ၊ အဟောင်းတွေ အသစ်ပြန်ဖြစ်လာဦးမယ်၊ ကျုပ်ကတော့ မင်းစကားကို သဘောမတူဘူး၊ အခုလိုအချိန်မျိုးမှာ ပျော်ရွှင်စရာတွေကိုပဲ အာရုံပြုရမှာင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ”

ဟု ပြောလေ၏။ မသက်ရှိက ခေါင်းခါယမ်း၍

“ ကျွန်မလည်း ကြိုးစားပါတယ်၊ ဒါပေမဲ့ ကိုယ်ကိုယ်တိုင်လည်း နောင်တရနေတယ်၊ ကျွန်မ အဲဒီနေရာကို သွားလိုက်ရင် ရင်ထဲမှာ ပေါ့ပါးသွားမယ်ထင်တယ်၊ ကျွန်မ အဲဒီမှာ သူတို့နှစ်ယောက်ကို ဝန်ချတောင်းပန်မယ်၊ ကျွန်မကို လိုက်ပို့ပေးပါ ”

ဟု တောင်းဆိုလိုက်လေ၏။

ဘိုးစိန်သည် မငြင်းဆန်နိုင်တော့ဘဲ မသက်ရှိ၏အလိုလိုက်ရန် ခေါင်းညိတ်ပြလိုက်၏။





နောက်တစ်နေ့နံနက်စောစောထ၍ အညာသားကိုမဲနှင့် စိန်စိန်ကို လုပ်ကြံခဲ့ရာ ချောက်ကမ်းပါးကို သွားကြ၏။

မသက်ရှိသည် တစ်လမ်းလုံး ငြိမ်သက်စွာဖြင့် လိုက်ပါလာ၏။ ချောက်ကမ်းပါးသို့ရောက်သောအခါ ဘိုးစိန်က သူမကို တွဲ၍ ဂျစ်ကားပေါ်မှ ချပေး၏။

မသက်ရှိသည် ချောက်ကမ်းပါးနံဘေးရှိ ကျောက်တုံး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တစ်ကိုယ်တည်း ကြာမြင့်စွာထိုင်၏။

ဘိုးစိန်သည် မသက်ရှိကို မည်သည့်စကားမျှမဆိုဘဲ ငြိမ်သက်စွာ ကြည့်ရှုနေလိုက်၏။

မသက်ရှိသည် နာရီနှင့်ချီ၍ ထိုင်နေပြီးမှ မျက်နှာရှုံ့မဲ့၍ ချောက်ကမ်းပါးမှ ထရပ်ကာ

" ကျွန်မ ဗိုက်နာနေပြီ "

ဟု တီးတိုးပြောလိုက်၏။

ဘိုးစိန်သည် မသက်ရှိ၏စကားကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး

" ဟင်... ဒါဆို မွေးတော့မယ်ပေါ့၊ ကိုယ်တို့ ဆေးရုံကို အမြန်ဆုံးရောက်မှဖြစ်မယ် "

ဟုဆိုကာ မသက်ရှိကို တွဲယူ၍ ဂျစ်ကားပေါ် အမြန်တင်လိုက်၏။

ထို့နောက် ကားကို နောက်ကြောင်းသို့ပြန်လှည့်ပြီး မိုင်ကုန်မောင်းနှင်လေ၏။ မသက်ရှိသည် ဝေဒနာ ပိုမိုပြင်းထန်





လာပြီး ကားပေါ်တွင် ညည်းညူနေ၏။

ဘိုးစိန်က သူမကို နှစ်သိမ့်ရင်း ကားကို အစွမ်းကုန် မောင်းနှင်နေ၏။ ဘိုးစိန်သည် ဆေးရုံသို့ အမြန်ဆုံးရောက်ချင်သော ဆန္ဒ အလွန်ကြီးမားနေ၏။ ထို့ကြောင့် ကားကို မြန်သည်ထက် မြန်အောင် မောင်းနှင်နေ၏။

လမ်းခရီး၌ တွေ့သမျှကားကို ဟွန်းတီး၍ မရမက ကျော်တက်လေ၏။

မသက်ရှိသည်လည်း နာကျင်လွန်းသဖြင့် ပိုမို ညည်းညူသော၏။

တောင်ဆင်းလမ်းတစ်ခုသို့ရောက်သောအခါ လော်ရီကားကြီးတစ်စီး လမ်းပိတ်၍ မောင်းနှင်နေ၏။

ဘိုးစိန်က ဟွန်းကို အကြိမ်ကြိမ်တီး၍ လမ်းပေးရန် တောင်း၏။ လော်ရီကားကြီးသည် ကုန်ချိန်များစွာတင်လာသဖြင့် ဘိုးစိန်ကိုလမ်းပေးရန် ခက်ခဲနေ၏။

ဘိုးစိန်သည် အလွန်စိတ်လောကြီးနေပြီး ကား၏ညာ



www.burmeseclassic.com

ဘက်မှ မရရအောင် ကျော်တက်၏။ ဘိုးစိန်၏ဂျစ်ကားသည် ကားကြီးကို ခက်ခက်ခဲခဲ ကျော်ဖြတ်နိုင်သော်လည်း တောင်စောင်းတစ်ခုကို မကျော်နိုင်တော့ဘဲ ပြင်းထန်သောအရှိန်ဖြင့် တိုက်လိုက်ရာ ဘိုးစိန်တစ်ကိုယ်လုံး မြောက်တက်ပြီး မြေပေါ်သို့ ပြုတ်ကျသွားလေ၏။

ဘိုးစိန် ပြန်လည်သတိရလာသောအခါ သူတို့အနီးမှာ လူများဝိုင်းအုံနေ၏။ ဆေးရုံအမြန်ပို့ပါဆိုသော စကားသံကိုလည်း ကြားရ၏။

ဘိုးစိန်သည် ခွန်အားရှိသမျှ ကုန်းရုန်းထ၍ မသက်ရှိကို ကြည့်လိုက်သောအခါ မသက်ရှိသည် ကားကြားမှညပ်နေပြီး သူမတစ်ကိုယ်လုံး သွေးများ မြင်မကောင်းအောင် ထွက်နေ၍။

ဘိုးစိန်က

" မသက်ရှိ... မသက်ရှိ "

ဟု ပွေ့ဖက်ပြီး တတွတ်တွတ်ခေါ်၏။

သို့သော် ဘိုးစိန်၏ခေါ်သံကို မသက်ရှိ မကြားနိုင်တော့





ချေ။ ဘိုးစိန်သည် ရင်ထဲတွင် ပူလောင်လွန်းသဖြင့် ဝမ်းပန်းတနည်း ငိုချလိုက်လေ၏။

မိသားစုဆိုသော မျှော်လင့်ချက် ပျောက်ဆုံးသွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မသက်ရှိသေဆုံးပြီးနောက် ပြင်းထန်သော စွဲချက်များကို မမျှော်လင့်ဘဲ ဘိုးစိန် ရင်ဆိုင်ရလေ၏။

ထိုစွဲချက်များမှာ ဘိုးစိန်သည် အညာသားကိုမဲ၏ အသက် အာမခံငွေများကို လိုချင်သဖြင့် ကိုမဲကိုသတ်ဖြတ်ပြီး မသက်ရှိကို အပိုင်သိမ်းသွင်းသည်။

ထို့နောက် တစ်ဆင့်တက်၍ မသက်ရှိ၏ အာမခံငွေများ





ကို လိုချင်လာသဖြင့် မသက်ရှိကိုလက်ထပ်ပြီး ကိုယ်ဝန်ရှိချိန်၌ ရက်ရက်စက်စက် သတ်ဖြတ်ပစ်လိုက်၏။

ဘိုးစိန်လိုလူမျိုးကို လူ့လောကၐ္ဌကြာကြာထားလျှင် အပြစ်မဲ့လူများအတွက် များစွာအန္တရာယ်ရှိနိုင်သည် ဆိုကြ၏။

ယခုအချိန်၌ မြို့လူထုကလည်း ဘိုးစိန်ကို သံသယဖြစ်နေ၏။ ဌာနအုပ်ကြီးပင်လျှင် ဘိုးစိန်ကို ယုံကြည်ခြင်းမရှိတော့ချေ။

အာမခံကုမ္ပဏီမှ စုံထောက်များသည် ဘိုးစိန်၏အိမ်ကို မြေလှန်၍ရှာဖွေကြပြီး စိန်စိန်၏အိပ်ခန်းအတွင်းမှ သက်သေခံစာရွက်အချို့ကို တွေ့ရှိသွားလေ၏။

ထိုစာရွက်များ၌ အညာသားကိုမဲကို လုပ်ကြံရန်အတွက် ဘိုးစိန်ကိုယ်တိုင်ရေးသားထားသော အကြောင်းအရာများ ပါ၏။

ထို့ပြင် ကျ(?)ဆုံးသွားသော စိန်စိန်နှင့်ပတ်သက်၍ ဘိုးစိန့်အပေါ် မသင်္ကာမှုများ ဖြစ်ပေါ်လာ၏။

အသက်အာမခံကုမ္ပဏီ၏စုံထောက် အင်စပက်တော်



www.burmeseclassic.com

www.burmeseclassic.com



လှမိုးသည် ဘိုးစိန်ကို အပြင်းထန်ဆုံး တိုက်စစ်များကို ဆင်နွှဲနေ၏။

ဘိုးစိန်သည် ထိုအရာများအတွက် ထိတ်လန့်တုန်လှုပ်ခြင်းမရှိ။ မိမိအတွက် မိသားစုဆိုသောအရာ ဆုံးရှုံးသွားခြင်းသည်သာ ပဓာနဖြစ်၏။

ဘိုးစိန်၏အမှုကို စစ်ဆေးရင်း ဆေးမြစ်ရှာသော လူများက တောင်အောက်၌တွေ့ရသော စိန်စိန်၏အလောင်းကို ပုလိပ်အဖွဲ့ကို တိုင်ကြားကြ၏။

ထိုအခါ ဘိုးစိန်၏အခြေအနေ ပိုမိုဆိုးဝါးသွားပြီး စိန်စိန်သေဆုံးမှုနှင့်ပါ ရင်ဆိုင်ရလေ၏။

ဘိုးစိန်၏အမှုအကြောင်းကို သတင်းစာ၊ ဂျာနယ်များ၌ နေ့စဉ်ရက်ဆက် ဖော်ပြကြလေ၏။ သတင်းစာများအားလုံးက ဘိုးစိန်ကို အလွန်ဆိုးသွမ်းရက်စက်သော လူဆိုးကြီးတစ်ယောက်ကဲ့သို့ရေးသားကြလေ၏။

ဘိုးစိန်၏ရုံးချိန်းနေ့များ၌ တရားရုံးတစ်ခုလုံး ပရိသတ်





များနှင့် ပြည့်နှက်နေ၏။

ထိုသူများသည် ဘိုးစိန်ကို မုန်းတီးရွံရှာလွန်းသဖြင့် လာရောက်ကြည့်ရှုပြီး မကြားတကြား ဆဲဆိုကြလေ၏။

ဘိုးစိန်သည် ရုံးထုတ်သည့်နေ့တိုင်း မည်သူ့ကိုမျှ မမြင် မကြားဘဲ မသက်ရှိ၏မျက်နှာကိုသာ မြင်နေ ကြားနေ၏။

သူတို့မျှော်လင့်ခဲ့သော မိသားစုဆိုသည့်အရာပျောက်ဆုံးသွားချေပြီ။

တရားသူကြီးမေးသမျှကို ကပေါက်တိကပေါက်ချာ ဖြေဆို၏။ ထိုအခါ ဘိုးစိန်ဘက်ကလိုက်ပေးသော ရှေ့နေအိုကြီးသည် လွန်စွာစိတ်ပျက်နေလေ၏။

ထိုအမှုကြီးကို ရုံးတော်မှ အကြိမ်ကြိမ်ကြားနာစစ်ဆေးပြီးနောက် ဘိုးစိန်အား ပြစ်မှုထင်ရှားသည်ဆိုကာ သေဒဏ်ချမှတ်ခဲ့လေ၏။

ဘိုးစိန်သည် မိမိကို သေဒဏ်ချမှတ်လိုက်ကြောင်း သိရှိသောအခါ တုန်လှုပ်ခြင်းမရှိဘဲ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"မသက်ရီ… မင်းနောက်ကို ကိုယ် အမြန်ဆုံး လိုက်လာတော့မယ်၊ ကိုယ်တို့နှစ်ယောက်ရဲ့ မိသားစုလေးကို ပြန်အသက်သွင်းကြမယ်"

ဟု တီးတိုးပြောလေ၏။

ဘိုးစိန်အတွက် မိသားစုကလွဲပြီး မည်သည့်အရာမျှ အရေးမကြီးတော့။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

ဘာမှမသိသော
မင်းမြတ်သူရ



BURMESE CLASSIC .com
www.burmeseclassic.com